ရောင်ပြန်မှန်

The Mirror

Established in 1957

၁၃၇၅ ခုနှစ်၊ နတ်တော်လဆန်း ၈ ရက်၊ အင်္ဂါနေ့ (10-12-2013) (၇၆၉၀)

ဒို့တာဝန်အရေးသုံးပါး

☆ ပြည်ထောင်စု မပြိုကွဲရေး။

☆ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး။

☆ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး။

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့်ဧနီး လာအိုနိုင်ငံ သမ္မတနှင့်ဧနီးတို့အား ဂုဏ်ပြုကြိုဆို

နေပြည်တော် ဒီဇင်ဘာ ၉

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နေပြည်တော်၌ရောက်ရှိနေသော လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ သမ္မတ မစ္စတာ ကျူမာလီ ဆိုင်ညာဆွန်နှင့် ဇနီး မစ္စစ်ကေအို ဆိုင်ကျိုင်း ဆိုင်ညာဆွန်တို့အား နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့်ဇနီး ဒေါ်ခင်ခင်ဝင်းတို့က ယနေ့ညနေ ၄ နာရီတွင် နိုင်ငံတော် သမ္မတအိမ်တော် ဥပစာရှိ မြက်ခင်းပြင်၌ ဂုဏ်ပြုအခမ်းအနားဖြင့် ကြိုဆိုသည်။

ဂုဏ်ပြုကြိုဆိုပွဲအခမ်းအနားတွင် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ သမ္မတ မစ္စတာ ကျူမာလီ ဆိုင်ညာဆွန်တို့သည် ဂုဏ်ပြုတပ်ဖွဲ့၏ အလေးပြုခြင်းကို ခံယူကြသည်။

ယင်းနောက် နှစ်နိုင်ငံသမ္မတတို့သည် ဂုဏ်ပြုတပ်ဖွဲ့ကို စစ်ဆေးကြသည်။**(ဝဝပုံ)**

ထို့နောက် အမှတ်(၅) အခြေခံပညာအထက်တန်းကျောင်းမှ ကင်းထောက်လူငယ်မောင်မယ်များက နှစ်နိုင်ငံ အလံငယ်များဝှေ့ယမ်း၍ ဂုဏ်ပြုကြိုဆိုရာ လာအိုနိုင်ငံ သမ္မတက ကင်းထောက်လူငယ်မောင်မယ်များအား ပြန်လည်၍ ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

ဂုဏ်ပြုကြိုဆိုပွဲအပြီးတွင် နိုင်ငံတော်သမ္မတအား လာအိုနိုင်ငံသမ္မတက အတူလိုက်ပါလာကြသည့် ကိုယ်စားလှယ်အဖွဲ့ဝင်များနှင့် မိတ်ဆက်ပေးပြီး နိုင်ငံတော်သမ္မတကလည်း မြန်မာနိုင်ငံဘက်မှ ကြိုဆိုနှုတ်ဆက်ကြသည့် **စာမျက်နှာ ၃ ကော်လံ ၁ သို့☆**

မုန်တိုင်းအန္တရာယ်ကြိုတင်သတိပြုရန် သတိပေးထား

နေပြည်တော် ဒီဇင်ဘာ ၉

ယနေ့ ညနေ ၅ နာရီခွဲအချိန် တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော်အနောက်တောင်ပိုင်းနှင့် ယင်းနှင့် ဆက်စပ်လျက်ရှိသော ဘင်္ဂလားပင်လယ်အော် အနောက်အလယ်ပိုင်းတို့တွင်ဖြစ်ပေါ်နေသော အားအလွန်ကောင်းသော ဆိုင်ကလုန်းမုန်တိုင်း "မဒီ"(Madi)သည် အိန္ဒိယနိုင်ငံ ချင်းနိုင်မြို့၏ အရှေ့မြောက်ဘက် ၂၇၅ မိုင်ခန့်၊ မြန်မာနိုင်ငံ ကိုကိုးကျွန်းမြို့၏ အနောက်ဘက် ၅၀၅ မိုင်ခန့်အကွာ ပင်လယ်ပြင်ကို ဗဟိုပြုနေသည်။ အဆိုပါ အားအလွန်ကောင်းသော ဆိုင်ကလုန်းမုန်တိုင်းသည် မြောက်ဘက်သို့ ဖြည်းညင်းစွာ ဆက်လက်ရွှေ့လျားလျက် ဆိုင်ကလုန်းမုန်တိုင်းအဖြစ်သို့ အားလျော့သွားမည်ဟု ခန့်မှန်းရသည်။

အားအလွန်ကောင်းသော ဆိုင်ကလုန်းမုန်တိုင်း၏အရှိန်ကြောင့် မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင် မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်မှ မိုင် ၄၀ အထိ တိုက်ခတ်နိုင်သည်။

အားအလွန်ကောင်းသော ဆိုင်ကလုန်းမုန်တိုင်း၏ လက်ရှိအခြေအနေမှာ အဝါရောင်အဆင့်သာရှိသော်လည်း မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့ရှိ ကမ်းနီး၊ ကမ်းဝေး ငါးဖမ်းရေယာဉ်များ၊ သင်္ဘောများအနေဖြင့် မုန်တိုင်းအန္တရာယ်ကို ကြိုတင်သတိပြုရန် လိုအပ်ကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ အကြံပြုထားသည်။ **(ကြေးမုံ)**

မြန်မာဘောလုံးအသင်း တီမောကို အကြိတ်အနယ်ယှဉ်ပြိုင်ကစားပြီး နိုင်ပွဲဆက်

ရန်ကုန် ဒီဇင်ဘာ ၉

သတင်း
မောင်မောင်ထွေး
(သတင်းစဉ်)

ဓာတ်ပုံ ›› ဌေးနိုင်

မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပသည့် (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ အမျိုးသားဘောလုံးပြိုင်ပွဲ အုပ်စု(ခ) ပွဲစဉ်များကို ရန်ကုန်မြို့ လူငယ်လေ့ကျင့်ရေးစခန်း ဘောလုံးကွင်း(သုဝဏ္ဏ)၌ ယနေ့ ဆက်လက်ကျင်းပသည်။

စာမျက်နှာ ၁၀ ကော်လံ ၁ သို့ ❍

မြန်မာ အသင်းနှင့် တီမော အသင်းတို့ အကြိတ်အနယ် ယှဉ်ပြိုင် ကစားစဉ်။

ကြေးမုံ

ကြေးမုံစာတည်းရှေ့ ၁၀-၁၂-၂၀၁၃၊ အင်္ဂါနေ့

အမျိုးသမီးများဘဝကာကွယ်

မျက်မှောက်ကာလတွင် လွတ်လပ်ပွင့်လင်းလာခြင်း၊ ကူးလူးဆက်သွယ်မှုတို့ လွယ်ကူလာခြင်းတို့နှင့်အတူ အမျိုးသမီးနှင့် ကလေးသူငယ်အခွင့်အရေးများ ကာကွယ်စောင့်ရှောက်ရေးနှင့် မြှင့်တင်ရေးလုပ်ငန်းများသည် အရေးကြီးသည့် လုပ်ငန်းစဉ်များဖြစ်လာသည်။

မြန်မာနိုင်ငံအနေဖြင့် အာဆီယံအမျိုးသမီးရေးရာကော်မတီ၏ တက်ကြွသော အဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံဖြစ်သည်နှင့်အညီ မြန်မာအမျိုးသမီးများအတွက် တန်းတူညီမျှဖြစ်စေရေးနှင့် အမျိုးသမီးအခွင့်အရေးများ မြင့်မားလာစေရန်အတွက် ကြိုးပမ်းအကောင်အထည်ဖော်လျက်ရှိသည်ကို တွေ့ရသည်။

လက်ရှိတွင် မြန်မာအမျိုးသမီးများမှာ အမျိုးသားများနှင့် ရင်ပေါင်တန်း၍ ထဲထဲဝင်ဝင်ပါဝင်လှုပ်ရှားလျက်ရှိရာ၌ အမျိုးသမီးများ၏ဘဝ ထိခိုက်မှုမရှိစေရေးနှင့် အမျိုးသမီးအခွင့်အရေးများ အပြည့်အဝရရှိစေရေးအတွက် လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးကြရမည်ဖြစ်သည်။

အထူးသဖြင့် အမျိုးသမီးများအား လှည့်ဖြားခေါ်ဆောင် အလုပ်ပေးမှု၊ အမျိုးသမီးများနှင့်မထိုက်တန်သည့် လုပ်ဆောင်မှု၊ အမျိုးသမီးငယ်များအား လူကုန်ကူးမှု၊ အမျိုးသမီးများအား အနိုင်ကျင့်နှိပ်စက်မှု စသည့် အမျိုးသမီးများ ထိခိုက်နစ်နာစေသည့် အပြုအမူများကြုံတွေ့နေရမှု သတင်းအချို့ကို တွေ့ရသည်။

ထိုကာလတွင် အမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေး အမျိုးသားအဆင့် မဟာဗျူဟာစီမံကိန်းကို ၂၀၁၃-၂၀၂၂ ဆယ်နှစ်သတ်မှတ်၍ အတည်ပြုပြဋ္ဌာန်းပေးထားသည်ဟုသိရသည်။ ထိုသို့အတည်ပြုပြဋ္ဌာန်းပေးလိုက်သဖြင့် အမျိုးသမီးများဘဝ လုံခြုံချောမွေ့မှုအတွက် အကျိုးဖြစ်ထွန်းမှု ရရှိနိုင်လိမ့်မည်ဟု ယုံကြည်သည်။

အဆိုပါပြဋ္ဌာန်းချက်တွင် အမျိုးသမီးများနှင့်အသက်မွေးဝမ်းကျောင်းမှု၊ အမျိုးသမီးများအတွက် ပညာရေးနှင့်လေ့ကျင့်သင်ကြားရေး၊ အမျိုးသမီးများနှင့် ကျန်းမာရေး၊ အမျိုးသမီးများအား အကြမ်းဖက်မှု၊ အမျိုးသမီးများနှင့်အရေးပေါ်အခြေအနေ၊ အမျိုးသမီးများနှင့်စီးပွားရေး၊ အမျိုးသမီးများနှင့်ဆုံးဖြတ်ချက်ချမှတ်မှု၊ အမျိုးသမီးများဖွံ့ဖြိုးတိုးတက်ရေးယန္တရား၊ အမျိုးသမီးများနှင့် လူအခွင့်အရေး၊ အမျိုးသမီးများနှင့်လူထုဆက်သွယ်ရေး၊ အမျိုးသမီးများနှင့် သဘာဝပတ်ဝန်းကျင်နှင့် အမျိုးသမီးငယ်ရွယ်များဟူသည့် ဝန်းကျင် ၁၂ ခုသတ်မှတ်ထားကြောင်းသိရသည်။

ထိုသို့သတ်မှတ်ထားမှုတွင် အမျိုးသမီးများ၏ လူမှုဘဝနယ်ပယ်တွင် အမျိုးသမီးကျန်းမာရေး၊ အမျိုးသမီးများအား အကြမ်းဖက်မှု၊ အမျိုးသမီးများ အရေးပေါ်အခြေအနေတို့မှာ ဦးစွာကြုံတွေ့တတ်လေ့ရှိသည်။ ထိုအခါ နီးစပ်ရာလူမှုပတ်ဝန်းကျင်မှ ထိုအမျိုးသမီးများအား ကယ်တင်စောင့်ရှောက်ပေးရန်အတွက် လူသားချင်းစာနာထောက်ထားမှု၊ ကိုယ်ချင်းစာတရားတို့ဖြင့် ကူညီမှုပြုကြရမည်ဖြစ်သည်။

တစ်ဖက်တွင် ပြည်တွင်းပြည်ပမှ အမျိုးသမီးဆိုင်ရာအဖွဲ့အစည်းများက စီမံကိန်းများ၊ နည်းဗျူဟာများ၊ မဟာဗျူဟာများ ချမှတ်ဆောင်ရွက်ပေးလျက်ရှိနေရာ လူမှုပတ်ဝန်းကျင်နှင့် အဖွဲ့အစည်းများ ပူးပေါင်း၍ ထဲထဲဝင်ဝင် ဆောင်ရွက်သွားကြမည်ဆိုလျှင် အမျိုးသမီးများဘဝ လုံခြုံစိတ်ချစေမည်ဖြစ်သည်။

ယနေ့အမျိုးသမီးများ၏ ပကတိအခြေအနေကို သုတေသနပြုခြင်း၊ စစ်တမ်းကောက်ယူခြင်း၊ အသိပညာပေးခြင်း၊ အကောင်အထည်ဖော်ဆောင်ရွက်ခြင်း၊ ဘတ်ဂျက်နှင့် မူဝါဒချမှတ်ဆောင်ရွက်ခြင်းတို့ကို ကော်မရှင်က နည်းဗျူဟာလေးရပ် ချမှတ်ထားရာ သုတေသနပြုမှုနှင့်စစ်တမ်းကောက်ယူမှုတို့တွင် အခြေခံအထိရောက်အောင် ပူးပေါင်းပါဝင် ဆောင်ရွက်သင့်ကြပေသည်။

သို့မှသာ အမျိုးသမီးများ၏ ပကတိအခြေအနေကို အမှန်သိ၍ လိုအပ်သောဘတ်ဂျက်နှင့်မူဝါဒကို တိကျစွာချမှတ်ပေးနိုင်မည်ဖြစ်ပြီး အသိပညာပေးခြင်း၊ အကောင်အထည်ဖော် ဆောင်ရွက်ခြင်းလုပ်ငန်းများကို ထိရောက်စွာ ဆောင်ရွက်နိုင်မည်ဖြစ်သည်။

သို့ဖြစ်ရာ လူမှုဘဝနယ်ပယ်တွင် ညှိုးငယ်နေရသော အမျိုးသမီး၏ဘဝများအား ကယ်တင်စောင့်ရှောက်နိုင်ရန်နှင့် မြှင့်တင်ပေးနိုင်ရန်အတွက် ပြည်တွင်းပြည်ပအဖွဲ့အစည်းများက ဆောင်ရွက်ပေးနေသည့်နည်းတူ ထိုအမျိုးသမီးများ၏ လူမှုဝန်းကျင်မှ မိဘပြည်သူများကလည်း စာနာထောက်ထားမှုများဖြင့် ပိုင်းဝန်းပါဝင်ကူညီကြရန်တိုက်တွန်းအပ်ပါသည်။ ။

နိုင်ငံခြားသားသတင်းထောက်အဖွဲ့ ခရီးသွားဝန်ဆောင်မှုလေ့လာရိုက်ကူး

နေပြည်တော် ဒီဇင်ဘာ ၉

ဒီဇင်ဘာ ၇ ရက်က ရန်ကုန်မှ စတင်ထွက်ခွာလာသော အမှတ်(၁၁) အဆန်လူစီးရထားပေါ်တွင် နိုင်ငံခြားသား သတင်းထောက်အဖွဲ့ လိုက်ပါခဲ့ရာ ညနေ ၃ နာရီ ၁၀ မိနစ်တွင် နေပြည်တော်ဘူတာအဝင်ရထားပေါ်တွင် တွေ့ရသည်။ မြန်မာနိုင်ငံမှစကားပြန် ကိုတင်ထွန်းအောင်၏ပြောပြချက်အရ Alexamder Schweitzer @ SWR.de SWR.de အဖွဲ့မှမြန်မာနိုင်ငံမှမီးရထားစီးသူများ ခရီးသွားဝန်ဆောင်မှုကို ခေတ်စနစ်ပြောင်းလဲလာသောကာလတွင် တိုးတက်လာမှုရှိ၊ မရှိသိလိုသောကြောင့် ရန်ကုန်မှစတင်ထွက်ခွာလာချိန်မှစ၍ တစ်တွဲချင်းခရီးသည်များထံသိလိုသည်များမေးမြန်းခြင်း၊ ပြန်လည်ဖြေကြားခြင်း အစီအစဉ်များကို ဗီဒီယိုမှတ်တမ်းတင် ရိုက်ကူးနေကြောင်း သိရသည်။**(အောက်ဝဲပုံ)**

အထက်တန်းတွဲမှ ခရီးသည်တစ်ဦးအား မေးမြန်းရိုက်ကူးရာ မြန်မာ့မီးရထားကို အမြဲတမ်းစီးဖြစ်သလား၊ ဘာကြောင့် စီးရတာလဲ၊ ဘာများ အခက်အခဲရှိသလဲ၊ ရထားလမ်းပိုင်းများ ယခင်ကနှင့်စာလျှင် ကောင်းမွန်လာသလား၊ ပိုဆိုးသွားသလား၊ ဘာများအခက်အခဲရှိသလဲ၊ ဝန်ထမ်းများ၏ဝန်ဆောင်မှုအဆင်ပြေသလား စသောအချက်များကို မြန်မာစကားပြန်မှတစ်ဆင့် မေးမြန်းရိုက်ကူးကြောင်း သိရသည်။ ၎င်းအဖွဲ့သည် သာစည်ဘူတာတွင်ဆင်း၍ ညောင်ရွှေမြို့ အင်းလေးဖောင်တော်ဦးဘုရားသို့ သွားရောက်ဖူးမြော်လေ့လာပြီး မန္တလေး- မြစ်ကြီးနားမြန်မာ့မီးရထားခရီးစဉ်ကို ဆက်လက်သွားရောက်လေ့လာမည်ဖြစ်ကြောင်းနှင့် ဂျာမနီနိုင်ငံမှလာရောက်လေ့လာရိုက်ကူးကြကြောင်းသိရသည်။

တင်ဦး(ရမည်းသင်း)

ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်း

ရန်ကုန် ဒီဇင်ဘာ ၉

ရန်ကုန် ရွှေဈေး	၆၅၃၆၀၀ - ၆၅၄၆၀၀
မန္တလေး ရွှေဈေး	၆၅၃၃၀၀ - ၆၅၄၃၀၀

စက်သုံးဆီဈေးနှုန်း

(က)	ဒီဇယ်	တစ်လီတာ	၉၃၀	ကျပ်
(ခ)	အောက်တိန်း95	တစ်လီတာ	၁၀၉၀	ကျပ်
(ဂ)	အောက်တိန်း92	တစ်လီတာ	၉၁၀	ကျပ်
(ဃ)	ဓာတ်ဆီ	တစ်လီတာ	၈၁၄	ကျပ်

နိုင်ငံခြားငွေလဲလှယ်နှုန်း

(က)	အမေရိကန်	တစ်ဒေါ်လာ	=	၉၈၂.၀၀
(ခ)	ဥရောပ	တစ်ယူရို	=	၁၃၄၅.၉
(ဂ)	စင်ကာပူ	တစ်ဒေါ်လာ	=	၇၈၅.၁၀
(ဃ)	တရုတ်	တစ်ယွမ်	=	၁၆၁.၄၇
(င)	ထိုင်း	တစ်ဘတ်	=	၃၀.၄၆၄
(စ)	မလေးရှား	တစ်ရင်းဂစ်	=	၃၀၄.၈၃
(ဆ)	အိန္ဒိယ	တစ်ရူပီး	=	၁၅.၉၈၃
(ဇ)	ဂျပန်	တစ်ရာယန်း	=	၉၅၂.၈၉
(ဈ)	တောင်ကိုရီးယား	တစ်ရာဝမ်	=	၉၃.၂၃၁
(ည)	ဩစတြေးလျ	တစ်ဒေါ်လာ	=	၈၉၃.၉၉

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဗဟိုဘဏ်သတ်မှတ်ရည်ညွှန်းနှုန်း

သစ်တောနှင့်သစ်ပင် ချစ်ခင်တဲ့လူမျိုး သစ်ပင်ကို နှစ်စဉ်စိုက် ရှေတိုက်ကိုစိုး



☆ ရှေ့ဖုံးမှ

ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်နှင့်ဇနီး ဒေါ်လင်းလင်းတင်၊ ဦးသိန်းညွှန့်၊ ဦးဉာဏ်ထွန်းအောင်၊ ဦးကျော်လွင်၊ ဒုတိယဝန်ကြီး ဒေါက်တာအောင်ကျော်မြတ်၊ လာအိုနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီးနှင့်ဇနီးတို့နှင့် ပြန်လည်မိတ်ဆက်ပေးသည်။

ထို့နောက် နှစ်နိုင်ငံသမ္မတတို့သည် နိုင်ငံတော်သမ္မတအိမ်တော် သံတမန်ဆောင်ညီခန်းမ၌ တွေ့ဆုံကြသည်။

ယင်းနောက် နှစ်နိုင်ငံဆွေးနွေးပွဲကို ဆက်လက်ကျင်းပခဲ့သည်။

တွေ့ဆုံဆွေးနွေးပွဲများတွင် နှစ်နိုင်ငံဆက်ဆံရေး တိုးမြှင့်ရေး၊ ဒေသတွင်းအဖွဲ့အစည်းများနှင့် တက်ကြွစွာပူးပေါင်းဆောင်ရွက်ရေး၊ ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေး၊ ခရီးသွားလုပ်ငန်းများကို နှစ်နိုင်ငံကြားတွင်လည်းကောင်း၊ ဒေသတွင်း ပူးပေါင်းဆောင်ရွက်ရေး မူဘောင်များအတွင်းမှလည်းကောင်း၊ နှစ်နိုင်ငံအကြား တိုက်ရိုက်လေကြောင်းဆက်သွယ်ပျံသန်းရေး၊ ပုံမှန်နှင့် နယ်စပ်ကုန်သွယ်ရေးများ မြှင့်တင်ရေး၊ ပညာရေးကဏ္ဍပူးပေါင်းဆောင်ရွက်ရေး၊ သစ်တော၊ စိုက်ပျိုးရေး၊ မွေးမြူရေးကဏ္ဍများတွင် နည်းပညာဖလှယ်ရေး၊ ပူးပေါင်းဆောင်ရွက်ရေး၊ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး၊ နယ်စပ်ဒေသလုံခြုံရေးနှင့် တရားဥပဒေစိုးမိုးရေး၊ နှစ်နိုင်ငံနယ်ခြားကော်မတီအဆင့်ဆင့် ပူးပေါင်းဆောင်ရွက်ရေး၊ မြန်မာ-လာအို ချစ်ကြည်ရေးတံတားတည်ဆောက်ပြီးစီးမှုအခြေအနေတို့နှင့်စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြသည်။

ဆွေးနွေးပွဲတွင် လာအိုသမ္မတက မြန်မာနိုင်ငံ၏ ဒီမိုကရေစီအသွင်ကူးပြောင်းရေးနှင့် အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေးလုပ်ငန်းစဉ်များကို ထောက်ခံကြောင်း ထပ်လောင်းပြောကြားခဲ့သည်။

အဆိုပါတွေ့ဆုံဆွေးနွေးပွဲများသို့ နိုင်ငံတော်သမ္မတနှင့်အတူ ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်၊ ဦးဉာဏ်ထွန်းအောင်၊ ဦးဝင်းမြင့်၊ ဦးကျော်လွင်၊ ဦးဌေးအောင်၊ဒုတိယဝန်ကြီးဦးရဲထွဋ်၊ ဒေါက်တာအောင်ကျော်မြတ်၊ လာအိုနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီးနှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး ဧည့်သည်တော် လာအိုနိုင်ငံသမ္မတနှင့်အတူ ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ အဆင့်မြင့်အရာရှိကြီးများ၊ မြန်မာနိုင်ငံဆိုင်ရာ လာအိုနိုင်ငံသံအမတ်ကြီးနှင့်တာဝန်ရှိသူများ တက်ရောက်ကြသည်။

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ သမ္မတ မစွတာ ကျူမာလီ ဆိုင်ညဆွန်တို့ နှစ်နိုင်ငံဆွေးနွေးပွဲတွင် ဆွေးနွေးကြစဉ်။ (သတင်းစဉ်)

ညပိုင်းတွင် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့်ဇနီးတို့က လာအိုပြည်သူ့

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ သမ္မတ မစွတာ ကျူမာလီ ဆိုင်ညဆွန်တို့ ဂုဏ်ပြုညစာစားပွဲအပြီးတွင် အနုပညာရှင်များနှင့်အတူ စုပေါင်း၍ မှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။ (သတင်းစဉ်)

ဒီမိုကရက်တစ်သမ္မတနိုင်ငံ သမ္မတ မစွတာ ကျူမာလီ ဆိုင်ညဆွန်နှင့် ဇနီးနှင့် အဖွဲ့ဝင်များအား နိုင်ငံတော်သမ္မတအိမ်တော်ရှိ ခန်းမဆောင်၌ ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံသည်။

ဂုဏ်ပြုညစာစားပွဲတွင် နှစ်နိုင်ငံသမ္မတတို့သည် နှုတ်ခွန်းဆက်စကားများ ပြောကြားကြပြီး ဆုတောင်းပတ္ထနာပြုကြကာ ညစာကို အတူတကွ သုံးဆောင်ကြသည်။

ညစာမသုံးဆောင်မီနှင့် သုံးဆောင်နေစဉ်အတွင်း ယဉ်ကျေးမှုဝန်ကြီးဌာန အနုပညာဦးစီးဌာနမှ အနုပညာရှင်များက တေးသံသာများဖြင့် ဖျော်ဖြေတင်ဆက်ကြသည်။

ဂုဏ်ပြုညစာစားပွဲအပြီးတွင် ပဒေသာကပွဲဖြင့် ဖျော်ဖြေတင်ဆက်ရာ နိုင်ငံတော်သမ္မတနှင့် ဧည့်သည်တော်လာအိုနိုင်ငံသမ္မတတို့သည် ဖျော်ဖြေတင်ဆက်ကြသော အနုပညာရှင်များအား လက်ဆောင်ပန်းခြင်းများ ပေးအပ်ကြပြီး အနုပညာရှင်များနှင့်အတူ စုပေါင်း၍ မှတ်တမ်းတင်ဓာတ်ပုံရိုက်သည်။

ဂုဏ်ပြုညစာစားပွဲအခမ်းအနားနှင့် ပဒေသာကပွဲသို့ နိုင်ငံတော်သမ္မတနှင့် ဇနီးတို့နှင့်အတူ ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းနှင့်ဇနီး ဒေါ်နန်းရွှေမှုန်၊ ဒုတိယသမ္မတ ဦးဉာဏ်ထွန်းနှင့်ဇနီး ဒေါ်ခင်အေးမြင့်၊ ပြည်ထောင်စုလွှတ်တော်နာယက သူရဦးရွှေမန်း၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့်၊ ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦး၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးဥက္ကဋ္ဌ ဦးမြသိန်း၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးတင်အေး၊ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ မြန်မာနိုင်ငံနှင့် လာအိုနိုင်ငံတို့မှ သံအမတ်ကြီးများနှင့် တာဝန်ရှိသူများတက်ရောက်ခဲ့ကြသည်။

လာအိုနိုင်ငံသမ္မတသည် မြန်မာနိုင်ငံသို့ ၂၀၀၇ ခုနှစ်တွင် လာရောက်လည်ပတ်ခဲ့ပြီး ယခုအကြိမ်သည် ဒုတိယအကြိမ်မြောက်ခရီးစဉ်ဖြစ်သည်။ အလားတူ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည်လည်း ၂၀၁၂ ခုနှစ် မတ်လတွင် လာအိုနိုင်ငံသို့ ချစ်ကြည်ရေးခရီးသွားရောက်ခဲ့သည်။

နိုင်ငံတော်သမ္မတ၏ ၂၀၁၂ ခုနှစ် မတ်လ ၂၂ ရက်တွင် လာအိုနိုင်ငံ ချစ်ကြည်ရေးခရီးစဉ်အတွင်း ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် လာအိုနိုင်ငံပြည်သူ့လုပ်ငန်းနှင့် ပို့ဆောင်ရေးဝန်ကြီးဌာနတို့အကြား တံတားတည်ဆောက်ရေးနှင့်ပတ်သက်၍ နားလည်မှုစာချွန်လွှာကို လက်မှတ်ရေးထိုးခဲ့သည်။

မြန်မာ-လာအို ချစ်ကြည်ရေးမဲခေါင်မြစ်ကူးတံတား၏ ပန္နက်တော်တင်၊ တွင်းတော်ဝန်းမင်္ဂလာအခမ်းအနားကိုလည်း ၂၀၁၃ ခုနှစ် ဖေဖော်ဝါရီ ၁၆ ရက်တွင် လာအိုနိုင်ငံနှင့် မြန်မာနိုင်ငံ နှစ်ဖက်ကမ်းလုပ်ငန်းခွင်များ၌ အောင်မြင်စွာဖြင့် နိုင်ငံတော်အဆင့် ကျင်းပခဲ့ရာ အဆိုပါအခမ်းအနားသို့ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် ရှမ်းပြည်နယ်ဝန်ကြီးချုပ်၊ လာအိုနိုင်ငံမှ ပြည်သူ့လုပ်ငန်းနှင့် ပို့ဆောင်ရေးဝန်ကြီးနှင့် လွယ်နင်သာပြည်နယ်အုပ်ချုပ်ရေးမှူးတို့ ဦးဆောင်တက်ရောက်ခဲ့ကြောင်း သိရသည်။

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်၏ဇနီး ဒေါ်ခင်ခင်ဝင်းနှင့် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ သမ္မတ၏ဇနီး မစွစ် ကေအို ဆိုင်ကျိုင်း ဆိုင်ညဆွန်တို့ တွေ့ဆုံကြစဉ်။ (သတင်းစဉ်)

မြန်မာ-လာအို ချစ်ကြည်ရေးမဲခေါင်မြစ်ကူးတံတား၏ ပင်မတံတားနှင့် ချဉ်းကပ်လမ်း စုစုပေါင်းအရှည်မှာ မီတာ ၆၉၀ ရှိသည်။ ယခုအခါ အုတ်မြစ်တည်ဆောက်ခြင်းလုပ်ငန်းဖြစ်သည့် ဘိုးပိုင်တူးခြင်းလုပ်ငန်း ၆၃ လုံးတွင် ၄၉ လုံးပြီးစီးပြီဖြစ်သည်။ အောက်ခြေကိုယ်ထည် တည်ဆောက်ခြင်းလုပ်ငန်းတွင် မြန်မာဘက်ကမ်း Abutment A1 နှင့် Pier တိုင်ခြောက်တိုင်အနက် M-3, M-4, M-5 တို့တွင် Shaft တိုင်ဆောင်ရွက်ခြင်းတို့ ပြီးစီးပြီဖြစ်သည်။ P. C Girder ၃၆ လုံး သွန်းလောင်းခြင်းလုပ်ငန်းတွင် လေးလုံး သွန်းလောင်းပြီးပြီဖြစ်၍ မြန်မာနိုင်ငံဘက်ခြမ်း၌ ၄၀ ရာခိုင်နှုန်းပြီးစီးပြီ ဖြစ်သည်။

လာအိုနိုင်ငံဘက်ကမ်းတွင် L-1, L-2, L-3,L-4 နှင့် A-2 တို့၏ ဘိုးပိုင်လုပ်ငန်းများပြီးစီးနေပြီဖြစ်ပြီး L-1, L-4, A-2 တို့မှာ Cap လုပ်ငန်းများပြီးစီးနေပြီဖြစ်သည်။ RP-4 ဘိုးပိုင် ရှစ်လုံးအနက် သုံးလုံးပြီးစီးနေပြီ ဖြစ်သည်။ ဘိုးပိုင် ၄၈ လုံးအနက် ၃၃ လုံးပြီးစီးပြီဖြစ်ပြီး လာအိုနိုင်ငံဘက်ကမ်းတွင် ၃၁ ဒသမ ၃၅ ရာခိုင်နှုန်း ပြီးစီးနေပြီဖြစ်ကြောင်း သိရှိရသည်။ ထို့ကြောင့် မြန်မာ-လာအိုချစ်ကြည်ရေးမဲခေါင်မြစ်ကူးတံတားတစ်စင်းလုံး၏ ပြီးစီးမှုမှာ ၃၅ ဒသမ ၆၇၅ ရာခိုင်နှုန်းဖြစ်သည်။

လက်ရှိအချိန်တွင် တံတားသံပေါင်များအားလုံးမှာ ၂၀၁၄ ခုနှစ် မတ်လအတွင်း လုပ်ငန်းခွင်သို့ ရောက်ရှိမည်ဖြစ်ရာ တံတားတစ်စင်းလုံးအနေဖြင့် ၂၀၁၅ ခုနှစ် မတ်လတွင် အပြီးသတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

(သတင်းစဉ်)

❍ ကျောဖုံးမှ

အဓိကပါဝင်ဆောင်ရွက်နေသော လုံခြုံရေး၊ တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးလုပ်ငန်းကော်မတီ၊ လူဝင်မှုကြီးကြပ်ရေးနှင့် တရားဝင်နေထိုင်သူ ဟုတ်၊ မဟုတ် စိစစ်ရေးလုပ်ငန်းကော်မတီ၊ ဒေသတွင်းယာယီနေရာချထားရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းကော်မတီ၊ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီတို့က သက်ဆိုင်ရာလုပ်ငန်းကော်မတီအလိုက် တွေ့ကြုံရသည့် လုပ်ငန်းအခြေအနေများကို ဆွေးနွေးတင်ပြကြစေလိုကြောင်း၊ ရခိုင်ပြည်နယ် ပဋ္ဌိပက္ခသုတေသနစင်တာကို သုတေသနပညာရှင်များနှင့် ဖွဲ့စည်းသွားမည်ဖြစ်ပြီး နှစ်ဖက်အဖွဲ့အစည်းများ၏ အခြေအနေကို သုတေသနပြုလုပ်၍ အကြံပြုဆွေးနွေးသွားကြစေလိုကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်က ရခိုင်ပြည်နယ်နှင့်စပ်လျဉ်း၍ နိုင်ငံတကာဆက်ဆံရေး အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ လုံခြုံရေး၊တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးလုပ်ငန်းကော်မတီ၊ ကုလသမဂ္ဂအဖွဲ့အစည်းများ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ရေးလုပ်ငန်းကော်မတီ၊ လူဝင်မှုကြီးကြပ်ရေးနှင့် တရားဝင်နေထိုင်သူများ ဟုတ်၊ မဟုတ် စိစစ်ရေးလုပ်ငန်းကော်မတီ၊ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီနှင့် ဒေသတွင်း ယာယီနေရာချထားရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းကော်မတီတို့မှ ဥက္ကဋ္ဌများ ဖြစ်ကြသည့် ပြည်ထောင်စုဝန်ကြီး ဦးမောင်မြင့်၊ ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးလှမောင်တင်နှင့် ဒုတိယဝန်ကြီးများက သက်ဆိုင်ရာကော်မတီအလိုက် လုပ်ငန်းဆောင်ရွက်မှုအခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် ဗဟိုကော်မတီအတွင်းရေးမှူး ဒုတိယဝန်ကြီး ဗိုလ်ချုပ်မောင်မောင်အုန်းက ဗဟိုကော်မတီ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေး (၆/၂၀၁၃) ဆုံးဖြတ်ချက်များအပေါ် ဆောင်ရွက်ပြီးစီးမှု၊ ရခိုင်ပဋ္ဌိပက္ခစုံစမ်းရေးကော်မရှင်မှကြီးမှူး၍ ရခိုင်ပြည်နယ်အတွင်း ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်နိုင်ရေး နည်းလမ်းများရှာဖွေဖော်ထုတ်ရန် ရည်ရွယ်၍ ဆွေးနွေးပွဲတစ်ရပ်ကျင်းပခဲ့မှုနှင့် ပြည်ထောင်စုလွှတ်တော်နာယကနှင့် ရခိုင်မိသားစုတို့တွေ့ဆုံပွဲတွင် တင်ပြချက်များနှင့် စပ်လျဉ်း၍ ပေးပို့သည့်သဝဏ်လွှာအပေါ် ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးဝေလွင်က ရခိုင်ပြည်နယ်အတွင်း နယ်ခြားစောင့်ရဲတပ်ဖွဲ့ ဖွဲ့စည်းနိုင်ရေးအတွက် ဆောင်ရွက်ရမည့် အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ရခိုင်ပြည်နယ်ပဋ္ဌိပက္ခစုံစမ်းစစ်ဆေးရေးကော်မရှင် အတွင်းရေးမှူး ဒေါက်တာ ကျော်ရင်လှိုင်က ရခိုင်ပြည်နယ်အတွင်း ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေးနှစ်ဖက်အဖွဲ့အစည်းများ တွေ့ဆုံဆွေးနွေးခဲ့မှုအပေါ် အကြံပြုဆွေးနွေးတင်ပြပြီး ရခိုင်ပြည်နယ်နှင့်စပ်လျဉ်း၍ နိုင်ငံတကာနှင့် နိုင်ငံတကာအဖွဲ့အစည်းများ ဆက်ဆံရေးအခြေအနေ၊ ကျန်းမာရေးဝန်ကြီးဌာနနှင့် နိုင်ငံတကာအဖွဲ့အစည်းများ ရခိုင်ပြည်နယ်အတွင်း ကျန်းမာရေးစောင့်ရှောက်မှုများ ပူးပေါင်းဆောင်ရွက်ထားရှိမှု အခြေအနေ၊ သတင်းမီဒီယာကျယ်ကျယ်ပြန့်ပြန့် ထုတ်လွှင့်နိုင်ရေးတို့ကို ဒုတိယဝန်ကြီးများက ဆွေးနွေးတင်ပြခဲ့ကြသည်။

ယင်းနောက် ဒုတိယသမ္မတက နိဝုံးချုပ်အမှာစကားပြောကြားရာတွင် ဗဟိုကော်မတီနှင့် လုပ်ငန်းကော်မတီတို့၏ ကြိုးစားဆောင်ရွက်မှုကြောင့် ရခိုင်ပြည်နယ်နှင့်စပ်လျဉ်း၍ နိုင်ငံတကာအလယ်တွင် မြန်မာနိုင်ငံအနေဖြင့် ပုံရိပ်ကောင်းများရရှိလာပါကြောင်း၊ လုံခြုံရေးအပိုင်းတွင် အလေးအနက်ထားဆောင်ရွက်ရန်လိုအပ်ပါကြောင်း၊ ဒုက္ခသည်စခန်းများရှိ ဒုက္ခသည်များ ကျန်းမာရေးစောင့်ရှောက်မှုပေးရေးအတွက် ဆောင်ရွက်ရာတွင် နိုင်ငံတကာအဖွဲ့အစည်းများနှင့် ကျန်းမာရေးဝန်ကြီးဌာနတို့အကြား သဘောတူညီချက်စာချုပ်ဖြင့် ဆောင်ရွက်သည်ကို ရခိုင်တိုင်းရင်းသားများ သိရှိနားလည်အောင် တာဝန်ရှိသူများက ရှင်းပြရန်လိုအပ်ပါကြောင်း၊ ရခိုင်ပြည်နယ်နှင့် စပ်လျဉ်းသည့်သတင်းများကို အချိန်နှင့် တစ်ပြေးညီ ထုတ်ပြန်ပေးရန်လိုအပ်ပါကြောင်း၊ နိုင်ငံတကာကလည်း ရခိုင်ပြည်နယ်အရေးနှင့်စပ်လျဉ်း၍ ဆောင်ရွက်ရာတွင် မြန်မာနိုင်ငံအဖိုးရ၏ ဆောင်ရွက်ချက်ကို အသိအမှတ်ပြုခြီးကျူးပါကြောင်းနှင့် လိုအပ်သော အကူအညီများကို ၎င်းတို့ဘက်မှ ကူညီပေးသွားလိုပါကြောင်းဖြင့် ပြောကြားခဲ့သည်။ **(သတင်းစဉ်)**

လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ သမ္မတနှင့် ဇနီးတို့ နေပြည်တော်သို့ရောက်ရှိ

နေပြည်တော် ဒီဇင်ဘာ ၉

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် ဇနီးဒေါ်ခင်ခင်ဝင်းတို့၏ ဖိတ်ကြားချက်အရ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ သမ္မတ မစွတာ ကျူမာလီ ဆိုင်ညဆွန်နှင့် ဇနီး မစ္စစ် ကေအို ဆိုင်ကျိုင်း ဆိုင်ညဆွန်တို့သည် ယနေ့ နံနက်ပိုင်းတွင် လေကြောင်းခရီးဖြင့် နေပြည်တော်သို့ ရောက်ရှိလာရာ ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်နှင့်ဇနီး ဒေါ်လင်းလင်းတင်၊ ဒုတိယဝန်ကြီး ဒေါက်တာ အောင်ကျော်မြတ်နှင့်ဇနီးတို့က နေပြည်တော် အပြည်ပြည်ဆိုင်ရာ လေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။ **(အပေါ်ပုံ)**

ည့ှဲသည်တော် လာအိုနိုင်ငံသမ္မတနှင့်ဇနီးနှင့်အဖွဲ့အား ဂုဏ်ပြုတပ်ဖွဲ့က အလေးပြု၍ လည်းကောင်း၊ နေပြည်တော် အပြည်ပြည်ဆိုင်ရာ လေဆိပ်အဝင် လမ်းဘေးဝဲ/ယာမှ ကျောင်းသား ကျောင်းသူငယ်လေးများက နှစ်နိုင်ငံအလံများ ဝှေ့ယမ်း၍ လည်းကောင်း ကြိုဆိုနှုတ်ဆက်ကြသည်။ **(သတင်းစဉ်)**

လက်ဝှေ့ပြိုင်ပွဲ ဒုတိယနေ့ပွဲစဉ်များ ဆက်လက်ကျင်းပ

နေပြည်တော် ဒီဇင်ဘာ ၉

မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပလျက်ရှိသော (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ၏ လက်ဝှေ့ပြိုင်ပွဲ ဒုတိယနေ့ပွဲစဉ်များကို ယနေ့ မွန်းလွဲ ၂ နာရီက နေပြည်တော် ဝဏ္ဏသိဒ္ဓိအားကစားကွင်း လက်ဝှေ့ပြိုင်ပွဲရုံ၌ ကျင်းပခဲ့သည်။

အဆိုပါပွဲစဉ်များတွင် အမျိုးသမီး လက်ဝှေ့ပွဲစဉ်များအဖြစ် အမျိုးသမီး ၄၈-၅၁ ကီလိုတန်း ပြိုင်ပွဲတွင် ဗီယက်နမ် အားကစားသမား ငုရင်သီယန်က အင်ဒိုနီးရှားကစားသမား ဝါနီဟာ လာဝါအား အနိုင်ရရှိခဲ့ပြီး ၅၁-၅၄ ကီလိုတန်းတွင် ထိုင်းကစားသမား လာအိုဝီယမ်က ဗီယက်နမ်ကစားသမား သီဘန်းအား အနိုင်ရရှိခဲ့သည်။ ၅၄-၅၇ ကီလိုတန်းပြိုင်ပွဲတွင် မြန်မာကစားသမား နွယ်နီဦးက အင်ဒိုနီးရှားကစားသမား အီမာကူလာတာ လိုဒါအား အနိုင်ရရှိခဲ့ပြီး ၅၄-၅၇ ကီလိုတန်းတွင် ဖိလစ်ပိုင် အားကစားသမား ပက်တီစီယိုက ထိုင်းကစားသမား သောင်ဂျန်အား အနိုင်ရရှိခဲ့သည်။ ၅၇-၆၀ ကီလိုတန်းတွင်မူ မြန်မာကစားသမား ဒိုင်ခင်ဦးက ထိုင်းကစားသမား ဆီဆောင်ဒီအား အနိုင်ရရှိခဲ့ပြီး လက်ဝှေ့ပြိုင်ပွဲ၏ ဒုတိယနေ့ ပွဲစဉ်များ ပြီးနောက် မြန်မာလက်ဝှေ့အားကစားသမား တစ်ဦးဖြစ်သည့် အမျိုးသမီးလက်ဝှေ့ကစားသမား နွယ်နီဦးက ရွှေတံဆိပ် ဆုရရှိရန် မျှော်မှန်းထားကြောင်း ပြောကြားသည်။

သတင်း - သန်းနိုင်
ဓာတ်ပုံ - ခင်မောင်ဝင်း

အမျိုးသားဖူဆယ်ပြိုင်ပွဲဝတင်ကျင်းပ၊ ထိုင်းအသင်းက လာအိုအသင်းကို ၁၂ ဂိုး-သုံးဂိုးဖြင့်နိုင်

နေပြည်တော် ဒီဇင်ဘာ ၉

(၂၇)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ၏ အမျိုးသားဖူဆယ်ပြိုင်ပွဲကို ဒီဇင်ဘာ ၉ ရက်ညနေ ၃ နာရီခွဲတွင် နေပြည်တော် ဝဏ္ဏသိဒ္ဓိအားကစားကွင်း ဖူဆယ်အားကစားရုံ၌ စတင်ကျင်းပခဲ့ရာ အုပ်စု (B)မှ ထိုင်းအသင်းနှင့် လာအိုအသင်းတို့၏ ပွဲစဉ်တွင် ထိုင်းအသင်းက လာအိုအသင်းကိုအနိုင်ရရှိခဲ့သည်။

အဆိုပါ ပွဲစဉ်တွင် ပထမပိုင်းပွဲအစတွင် ထိုင်းအသင်းနှင့် လာအိုအသင်းတို့မှ ကစားသမားများသည် အကြိတ်အနယ် ကစားခဲ့ကြသော်လည်း ထိုင်းကစားသမားများ၏ တိကျသောကန်သွင်းချက်များမှတစ်ဆင့် ပထမပိုင်းအတွင်းမှာပင် ထိုင်းအသင်းက ကိုးဂိုးအထိသွင်းယူနိုင်ခဲ့ပြီး လာအိုအသင်းမှာမူ ချေပဂိုးနှစ်ဂိုးသာ ရရှိခဲ့သည်။

ထို့နောက် ဒုတိယပိုင်းကို ဆက်လက်ကစားခဲ့ရာ ထိုင်းအသင်းကပင် နောက်ထပ်အနိုင်ဂိုး သုံးဂိုးသွင်းယူနိုင်ခဲ့ပြီး လာအိုအသင်းမှာမူ တစ်ဂိုးသာ ချေပနိုင်ခဲ့သဖြင့် အမျိုးသား ဖူဆယ်ပြိုင်ပွဲ၏ အဖွင့်ပွဲစဉ်ဖြစ်သည့် ထိုင်းအသင်းနှင့် လာအိုအသင်းတို့၏ ပွဲစဉ်တွင် ထိုင်းအသင်းက လာအိုအသင်းကို ၁၂ ဂိုး- သုံးဂိုးဖြင့် အနိုင်ရရှိသွားခဲ့သည်။

မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်အကျဉ်း

၁၀-၁၂-၂၀၁၃ (အင်္ဂါနေ့)

(၁၃၇၅ စုနှစ် နတ်တော်လဆန်း ၈ ရက်၊ ဥပုသ်နေ့)

၆း၀၀	မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်	၉း၄၅	ပိုက်ကျော်ခြင်းပြိုင်ပွဲ(မြန်မာအသင်းနှင့် ဘရူနိုင်းအသင်း) (အမျိုးသမီး) ပဏာမပြိုင်ပွဲ
၆း၃၅	ကိုယ်စိတ်ကျန်းမာလေ့ကျင့်ပါ	၁၀း၃၀	ပိုက်ကျော်ခြင်းပြိုင်ပွဲ(မြန်မာအသင်းနှင့် စင်ကာပူအသင်း) (အမျိုးသား) ပဏာမပြိုင်ပွဲ
		၁၂း၀၀	ပြည်တွင်းသတင်း နိုင်ငံတကာသတင်း မိုးလေဝသ သတင်း
		၁၂း၃၀	မှတ်မှတ်ထင်ထင်မြန်မာ့ရုပ်ရှင် "တွေးရခက်ကြီး" (အပိုင်း-၂)
		၁း၂၅	"ယဉ်ကျေးစွာအားပေးကြပါစို့"
		၁း၃၅	(၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲဂုဏ်ပြု အစီအစဉ်
		၂း၀၀	Sport News လှေလှော်ပြိုင်ပွဲ (ကနူး၊ ကယက်)
		၃း၀၀	ဖူဆယ်ပြိုင်ပွဲ (မြန်မာအသင်းနှင့် ဗီယက်နမ်အသင်း) (အမျိုးသမီး)/ ပိုက်ကျော်ခြင်းပြိုင်ပွဲ (ဗိုလ်လုပွဲ)
		၆း၄၅	27th SEA Games ဘောလုံးပြိုင်ပွဲတိုက်ရိုက်ထုတ်လွှင့်မှု အစီအစဉ် (ဗီယက်နမ်အသင်းနှင့် စင်ကာပူအသင်း) (အမျိုးသား)



လောကထွဋ္ဌမတင်မြတ်ဘုန်းရှင် စေတီတော် ဌာပနာတော်သွင်းလှူပူဇော်

နေပြည်တော် ဒီဇင်ဘာ ၉

ဧရာဝတီတိုင်းဒေသကြီး အိမ်မဲမြို့ သစ္စာဓိဋ္ဌာန်နယ်လှည့်သာသနာပြု တကောဆရာတော် ဘဒ္ဒန္တဝိလာသဦးစီး၍ လောကထွဋ္ဌမတင်မြတ်ဘုန်းရှင် စေတီတော်ဌာပနာတော် သွင်းလှူပူဇော်ပွဲနှင့် အလှူတော်ငွေပေးအပ်ပွဲ အခမ်းအနားကို ယမန်နေ့ နံနက် ၈ နာရီတွင် မန္တလေးတိုင်းဒေသကြီး မြင်းခြံမြို့နယ် မကျီးစုကျေးရွာရှိ စေတီတော်ပရိဝုဏ်၌ ကျင်းပသည်။

အခမ်းအနားသို့ ဧရာဝတီတိုင်းဒေသကြီး အိမ်မဲမြို့ သစ္စာဓိဋ္ဌာန် နယ်လှည့်သာသနာပြု တကောဆရာတော် ဘဒ္ဒန္တဝိလာသအမှူးပြုသော ပင့်သံယာများ၊ သာသနာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမိုးဇော်ရွှေနှင့် သာသနာရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် အလှူရှင်များ၊ ရပ်မိရပ်ဖများနှင့် ဒေသခံများတက်ရောက်ကြသည်။

ရှေးဦးစွာ သစ္စာဓိဋ္ဌာန်နယ်လှည့်သာသနာပြု တကောဆရာတော် ဘဒ္ဒန္တဝိလာသအရှင်သူမြတ်ထံမှ ကိုးပါးသီလခံယူဆောက်တည်၍ သံယာတော်အရှင်သူမြတ်တို့ရွတ်ပွားချီးမြှင့်တော်မူသော ပရိတ်တရားတော်များကို နာယူကြည်ညိုကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးဆန်းဆင့်အမှူးပြုသော အလှူရှင်များက စေတီတော်အတွင်းထည့်သွင်းပူဇော်မည့် ဌာပနာတော်များကို စေတီတော်ကြီးအားရည်မှန်း၍ ဆရာတော်များထံ ဆက်ကပ်လှူဒါန်းကြသည်။ ဆက်လက်၍ ဌာပနာတော်များကို စေတီတော်သို့ပင့်ဆောင်ကာ **(အပေါ်ယာပုံ)**ဌာပနာတော်တိုက်အတွင်း ထည့်သွင်းပူဇော်၍ အမွှေးနံ့သာရည်များ ပက်ဖျန်းပူဇော်ကြသည်။

ဂင်းနောက် သံယာတော်အရှင်သူမြတ်တို့အား လှူဖွယ်ပစ္စည်းများဆက်ကပ်လှူဒါန်းပြီး စေတီတော်တည်ဆောက်ရေးအတွက် အလှူငွေများပေးအပ်လှူဒါန်းကြရာ သာသနာရေးဝန်ကြီးဌာနမှ လှူဒါန်းငွေကျပ် သိန်း ၃၀ ကို သာသနာရေးဦးစီးဌာနညွှန်ကြားရေးမှူးချုပ် ဦးမိုးဇော်ရွှေကလှူဒါန်းပြီး အလှူရှင်အသီးသီးတို့ကလည်း အလှူငွေများလှူဒါန်းရာ စေတီတည်ဆောက်ရေးတာဝန်ခံတစ်ဦးက လက်ခံရယူသည်။

ထို့နောက် တကောဆရာတော်ထံမှ အနုမောဒနာတရား နာကြား၍ လှူဒါန်းမှုအစုစုအတွက် ရေစက်သွန်းချ အမျှပေးဝေကာ အခမ်းအနားကို ဗုဒ္ဓသာသနံ စိရံ တိဋ္ဌတု သုံးကြိမ်ရွတ်ဆိုဆုတောင်း၍ ရုပ်သိမ်းလိုက်သည်။ ယနေ့ လှူဒါန်းငွေစုစုပေါင်း ကျပ်သိန်းခြောက်ရာကျော်ဖြစ်ကြောင်း သိရသည်။

(သတင်းစဉ်)

ပြည်ထောင်စုတရားလွှတ်တော်ချုပ် စုံညီခုံရုံး ရုံးထိုင်စီရင်ချက်ချမှတ်

နေပြည်တော် ဒီဇင်ဘာ ၉

ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦးနှင့် ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးများ အားလုံးပါဝင်သော စုံညီခုံရုံးသည် ယနေ့နံနက် ၉ နာရီခွဲတွင် ပြည်ထောင်စုတရားလွှတ်တော်ချုပ် ရုံးခန်းအမှတ် (၁) ၌ ရုံးထိုင်ပြီး ပြစ်မှုဆိုင်ရာ အထူးအယူခံမှု တစ်မှုနှင့် တရားမအထူးအယူခံမှု ငါးမှုတို့ကို စီရင်ချက်ချမှတ်၍ ပြစ်မှုဆိုင်ရာ အထူးအယူခံမှု နှစ်မှုနှင့် တရားမအထူးအယူခံမှုလေးမှုတို့ကို ရုံးထိုင်ကြားနာခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ပထမအကြိမ် ရန်ကုန်တိုင်းဒေသကြီးလွှတ်တော် စည်းဝေး

ရန်ကုန် ဒီဇင်ဘာ ၉

ပထမအကြိမ် ရန်ကုန်တိုင်းဒေသကြီးလွှတ်တော် သတ္တမပုံမှန်အစည်းအဝေး ပထမနေ့ကို ယနေ့နံနက် ၁၀ နာရီတွင် တိုင်းဒေသကြီးလွှတ်တော်၌ ကျင်းပရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြင့်ဆွေ၊ တိုင်းဒေသကြီးလွှတ်တော် ဥက္ကဋ္ဌ ဦးစိန်တင်ဝင်းနှင့် လွှတ်တော်ကိုယ်စားလှယ် ၁၁၃ ဦးတို့ တက်ရောက်ခဲ့ကြသည်။

အစည်းအဝေးတွင် လွှတ်တော်ကိုယ်စားလှယ်များက မေးခွန်းများမေးမြန်း ဖြေကြားခြင်း၊ ဥပဒေကြမ်းများ တင်သွင်းခြင်းတို့ ဆောင်ရွက်ခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ
အားကစားလိုင်းများအပါအဝင် ၂၄လိုင်းထုတ်လွှင့်လျက်ရှိ

နေပြည်တော် ဒီဇင်ဘာ ၉

မြန်မာ့အသံနှင့် ရုပ်မြင်သံကြားသည် အရုပ်အသံ အရည်အသွေး ပိုမိုကောင်းမွန်သော ရုပ်သံလိုင်းများ ပိုမိုထုတ်လွှင့်နိုင်ရန်အတွက် ဒစ်ဂျစ်တယ်ထုတ်လွှင့်မှုနည်းပညာဖြစ်သည့် (DVBT)စနစ်ဖြင့် ဒစ်ဂျစ်တယ်ချန်နယ်များဖြစ်သည့် တောင်သူလယ်သမားများ ရုပ်သံလိုင်း၊ လွှတ်တော်ရုပ်သံလိုင်းနှင့် တိုင်းရင်းသားလူမျိုးစုများရုပ်သံလိုင်းတို့ကို အောက်တိုဘာ ၁၅ ရက်မှစ၍ တစ်ပြိုင်တည်း ထုတ်လွှင့်ပေးလျက်ရှိပါသည်။ ထို့အပြင် (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲတွင် ယှဉ်ပြိုင်မည့် အားကစားပွဲများကို အခမဲ့ကြည့်ရှုနိုင်ရန် ပြိုင်ပွဲကျင်းပသည့်နေရာများမှ တိုက်ရိုက်ထုတ်လွှင့်ပေးမည့် ရုပ်သံလိုင်းသုံးလိုင်းကိုလည်း (MRTV SEA Games Channel)အဖြစ် ထုတ်လွှင့်ပေးလျက်ရှိပါသည်။

နေပြည်တော် ကောင်စီနယ်မြေအတွင်းရှိ မိဘပြည်သူများ အချိန်နှင့်တစ်ပြေးညီ ကြည့်ရှုနိုင်ရန် လက်ရှိဝန်ဆောင်မှုပြုနေသည့် (Cable TV) ထုတ်လွှင့်မှုများတွင် အားကစားလိုင်းများအပါအဝင် စုစုပေါင်း ၂၄ လိုင်းအား ယနေ့ နံနက်ပိုင်းမှစတင်၍ တိုးချဲ့ထုတ်လွှင့်လျက်ရှိပါသည်။ ထိုသို့ထုတ်လွှင့်ရာတွင် လှိုင်းနှုန်း (Frequency)များ ပြောင်းလဲမှုရှိပါသဖြင့် လှိုင်းနှုန်းညှိ (Tuning)ပြုလုပ်၍ ဖမ်းယူကြည့်ရှုနိုင်သည်။ ဖမ်းယူကြည့်ရှုရာတွင် အခက်အခဲရှိပါက ဖုန်း ၀၆၇-၄၂၂၅၈၆ သို့ မေးမြန်းစုံစမ်းနိုင်ပါကြောင်း သတင်းကောင်းပါးအပ်ပါသည်။

၂၀၁၃ ခုနှစ် တရုတ်-အာဆီယံ(မြန်မာ) အမျိုးသမီးအရာရှိမှမ်းမံသင်တန်း(၁၀)မိနစ်

ညို(ရူးမှ/ကယ်ဆယ်)

ကွမ်ရှီးပြည်နယ် အမျိုးသမီးရေးရာအဖွဲ့ချုပ်၏ ဖိတ်ကြားချက်အရ တရုတ်ပြည်သူ့သမ္မတနိုင်ငံ နန်နင်းမြို့ တရုတ်- အာဆီယံဗဟိုအမျိုးသမီးရေးရာဌာနတွင် ၂၀၁၃ ခုနှစ် နိုဝင်ဘာ ၁၁ ရက်မှ ၁၈ ရက်အထိ ကျင်းပသည့် ၂၀၁၃ ခုနှစ် တရုတ်-အာဆီယံ(မြန်မာ)အမျိုးသမီးအရာရှိမွမ်းမံသင်တန်းသို့ တက်ရောက်ရန် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ ဝန်ထမ်းငါးဦး၊ နေပြည်တော်ကောင်စီအပါအဝင် ပြည်နယ်၊ တိုင်းဒေသကြီးများဖြစ်သည့် ကချင်၊ ကယား၊ ကရင်၊ ချင်း၊ စစ်ကိုင်း၊ တနင်္သာရီ၊ မကွေး၊ မွန်၊ ရခိုင်၊ ရန်ကုန်၊ ရှမ်း၊ ဧရာဝတီ စသည့်အရွယ်စုံ၊ လူမျိုးစုံ ပါဝင်သည့် အမျိုးသမီးရေးရာအဖွဲ့ချုပ်မှ ၁၅ ဦး စုစုပေါင်း ၂၀ အား အမျိုးသမီးရေးရာအဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါ်မြမြက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ လိုက်လံပို့ဆောင်ပြီး လိုအပ်သည်များမှာကြားခဲ့သည်။ ကျွန်မတို့အဖွဲ့သည် ၂၀၁၃ ခုနှစ် နိုဝင်ဘာ ၁၁ ရက် မြန်မာစံတော်ချိန် ညနေ ၄ နာရီတွင် စတင်ထွက်ခွာလာ၍ တရုတ်ပြည်သူ့သမ္မတနိုင်ငံ နန်နင်းမြို့သို့ ဒေသစံတော်ချိန် ည ၇ နာရီခွဲတွင် ရောက်ရှိခဲ့ရာ မြန်မာကောင်စစ်ဝန်ချုပ်ရုံး တာဝန်ရှိသူများနှင့် အတူ ကွမ်ရှီးပြည်နယ် အမျိုးသမီးရေးရာအဖွဲ့ချုပ်မှ လာရောက်ကြိုဆို၍ တည်းခိုမည့်နေရာသို့ ခေါ်ဆောင်ခဲ့ပါသည်။

သင်တန်းဖွင့်ပွဲအခမ်းအနားဌ၌ ကွမ်ရှီးပြည်နယ် အမျိုးသမီးရေးရာအဖွဲ့ချုပ်မှ သင်တန်းဖွင့်လှစ်ရခြင်းရည်ရွယ်ချက်အား ပြောကြားရာတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတို့၏ အမျိုးသမီးများအကြား အပြန်အလှန်နားလည်မှုတိုးမြှင့်ရရှိရေး၊ နှစ်နိုင်ငံ ယဉ်ကျေးမှုဖလှယ်ရေးတို့တွင် ချစ်ကြည်ရင်းနှီးစွာ ပူးပေါင်းဆောင်ရွက်မှု တိုးတက်ခိုင်မာရေး၊ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ ယဉ်ကျေးမှုကဏ္ဍများတွင် နှစ်နိုင်ငံအမျိုးသမီးများ တက်တက်ကြွကြွ ပါဝင်ဆောင်ရွက်နိုင်ရန်ရည်ရွယ်၍ သင်တန်းဖွင့်လှစ်ရခြင်း ဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

သင်တန်းကာလမှာ ရှစ်ရက်မျှသာဖြစ်ပြီး လေ့လာရေးခရီးစဉ် ပါဝင်နေသဖြင့် သင်တန်းအချိန်မှာ တိုတောင်းလှသည်။ သင်တန်း၌ လူမှုလိင်ပိုင်းဆိုင်ရာ အယူအဆဆုံးဖြတ်မှု၊ အမျိုးသမီးလူရည်ချွန်မွေးထုတ်ပေးရေး၊ အမျိုးသမီးအခွင့်အရေး ကာကွယ်စောင့်ရှောက်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေး၊ တရုတ်-အာဆီယံ စီးပွားရေး၊ ယဉ်ကျေးမှုပူးပေါင်းဖလှယ်ရေး၊ ကွမ်ရှီးပြည်နယ်က ချမှတ်ကျင့်သုံးနေသော အမျိုးသမီးရေးရာအဖွဲ့ ဖွံ့ဖြိုးတိုးတက်မှု စီမံကိန်းစသည့် သင်ခန်းစာများကို သင်ယူခဲ့သည်။

လုပ်ငန်းသဘောအရ တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ ဆောင်ရွက်နေသည့် အမျိုးသမီးရေးရာလုပ်ငန်းများနှင့် မြန်မာနိုင်ငံမှ ဆောင်ရွက်နေသည့် အမျိုးသမီးရေးရာလုပ်ငန်းများ တူညီမှုကများသည်။ သို့သော် အမျိုးသမီးနှင့် ကလေးစောင့်ရှောက်ရေးဌာနအဖြစ် တရားရုံးများကို မြို့နယ်/ခရိုင်များပါမကျန် ဖွင့်လှစ်ထားရှိပြီး ဥပဒေအကျိုးဆောင်များက အခမဲ့ ကူညီဆောင်ရွက်ပံ့ပိုးပေးလျက်ရှိကြောင်း သိရှိခဲ့ပြီး အဆိုပါတရားရုံး၌ အမျိုးသမီးများအား နှစ်သိမ့်ဆွေးနွေးပေးခြင်း၊ စိတ်ဖိစီးမှုများနေသည့် အမျိုးသမီးများအား စိတ်အပန်းဖြေရာ နားနေဆောင်များအဖြစ် ပန်းဥယျာဉ်သဖွယ် လှပသေသပ်စွာ ဖန်တီးပေးထားခြင်း၊ ကလေးသူငယ်များအား စိတ်ပျော်ရွှင်စရာ နေရာထားပေးခြင်းသည် အမျိုးသမီးများနှင့် ကလေးများအတွက် ရလဒ်ကောင်းများဖြစ်ကြောင်း လေ့လာရေးခရီးစဉ်၌ တွေ့ရှိခဲ့ရသည်။

အမျိုးသမီးနှင့် ကလေးစောင့်ရှောက်ရေးဌာနအဖြစ် တရားရုံးများကို မြို့နယ်/ခရိုင်များပါမကျန် ဖွင့်လှစ်ထားရှိပြီး ဥပဒေအကျိုးဆောင်များက အခမဲ့ကူညီဆောင်ရွက်ပံ့ပိုးပေးလျက်ရှိကြောင်း သိရှိခဲ့ပြီး အဆိုပါတရားရုံး၌ အမျိုးသမီးများအား နှစ်သိမ့်ဆွေးနွေးပေးခြင်း၊ စိတ်ဖိစီးမှုများနေသည့် အမျိုးသမီးများအား စိတ်အပန်းဖြေရာ နားနေဆောင်များအဖြစ် ပန်းဥယျာဉ်သဖွယ် လှပသေသပ်စွာ ဖန်တီးပေးထားခြင်း၊ ကလေးသူငယ်များအား စိတ်ပျော်ရွှင်စရာ နေရာထားပေးခြင်းသည် အမျိုးသမီးများနှင့် ကလေးများအတွက် ရလဒ်ကောင်းများဖြစ်ကြောင်း။

သင်တန်း၌ ပြန်လည်ဆွေးနွေးမှုအား ဖိတ်ခေါ်ရာတွင် တိုတောင်းလှသည့် အချိန်အတွင်းမှာ အပိုင်းနှစ်ပိုင်းခွဲပြီး ရှင်းလင်းတင်ပြရမည်ဖြစ်ရာ ပထမပိုင်းတွင် အမျိုးသမီးရေးရာအဖွဲ့ချုပ် အစ်မကြီး ဒေါ်မြင့်ခိုင်က မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်၏ နောက်ခံသမိုင်း၊ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်၏ ဖွဲ့စည်းမှု၊ ရည်မှန်းချက်၊ အခြေခံမူများနှင့် အသေးစားချေးငွေဖြင့် ဆောင်ရွက်နေသောလုပ်ငန်းများ၊ မြန်မာနိုင်ငံအမျိုးသမီးရေးရာလှုပ်ရှားမှုများကို Power Point ဖြင့် ရှင်းလင်းခဲ့ပါသည်။

၁၀ မိနစ်စာသာ ကျန်တော့သည့် ဒုတိယပိုင်းအစီအစဉ်တွင် ကျွန်မတို့အဖွဲ့၏ ဌာနဆိုင်ရာ ကိုယ်စားလှယ်တစ်ဦးက ရှင်းလင်းတင်ပြရမည်ဖြစ်ရာ အသင့်ကြိုတင်ပြင်ဆင်ထားသည့် စာရွက်၊ စာတမ်းများအနက်မှ ကောင်းနိုးရာရာ စိတ်ကြိုက်ရွေးချယ်စဉ် ပြည်ပသို့ မထွက်ခွာမီ ပြည်ထောင်စုဝန်ကြီးပြောကြားသည့် အမှာစကားကို ကြားယောင်မိခဲ့၏။ "ယုံကြည်စိတ်ချလို့ လွှတ်လိုက်တယ်။ မိမိနိုင်ငံအတွက် အကောင်းဆုံးဖြစ်အောင် လုပ်ဆောင်ခဲ့" တဲ့၊ အဆိုပါစကားကို ပြန်လည်သတိရစေကာ "အားမာန်" ဖြစ်စေခဲ့ပြီး လျှပ်တစ်ပြက် ဦးနှောက်ထဲဝင်ရောက်လာသည့်အတွေးမှာ တရုတ်ပြည်သူ့သမ္မတနိုင်ငံသည် လက်ရှိအနေအထားအရ အစိုးရဝန်ထမ်း (နိုင်ငံ့ဝန်ထမ်း) အလုပ်ကို စိတ်ဝင်စားအားပေးမှုရှိကြောင်း သိရှိထားသဖြင့် ၁၀ မိနစ်စာ အတိုင်းအတာအတွင်း ရွှေဂုံတိုင်ကလေးပြုစုရေးဌာနမှ ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်မာအေးက လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၏ ဆောင်ရွက်နေသော အခြေခံမူဝါဒနှင့် လုပ်ငန်းကြီး(၈)ရပ်အနက် အမျိုးသမီးစောင့်ရှောက်ရေးလုပ်ငန်းရပ်အနေဖြင့် HIV/AIDS ရှိသည့် အမျိုးသမီးများအတွက် စောင့်ရှောက်မှုသင်တန်းကျောင်းရှိ အမျိုးသမီးများအား စောင့်ရှောက်မှု၊ အသက်မွေးဝမ်းကျောင်းပညာ သင်ကြားပေးမှု၊ လူကုန်ကူးခံရသူများ မိဘရပ်ထံပြန်လည်အပ်နှံရေးနှင့် မိသားစုပြန်လည်ပေါင်းစည်းရေးလုပ်ငန်းများ အမျိုးသား၊ အမျိုးသမီး (ကျား၊ မ) တန်းတူ အခွင့်အရေးရရှိရေး ဆောင်ရွက်ချက်စသည့် အသေးစိတ်များအား ရှင်းလင်းပြောကြားပြီး နောက်ဆုံးအပိုဒ်ဖြစ်သည့် အနာဂတ်အမျိုးသမီးခေါင်းဆောင်များအတွက် ရည်ရွယ်၍ ဗဟိုဝန်ထမ်းတက္ကသိုလ်(ဇီးပင်ကြီး၊ ဖောင်ကြီး) တို့၌ ဖွင့်လှစ်သည့် အခြေခံဝန်ထမ်းလောင်း အရာရှိငယ်သင်တန်းများတွင် အမျိုးသမီးအခွင့်အရေး(Gender/ Cedaw) နှင့် လူကုန်ကူးခံရသူများ ပြန်လည်လက်ခံရေး၊ ပြန်လည်ဝင်ဆံ့ပေါင်းစည်းရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို ၂၀၁၀ ခုနှစ်မှစပြီး ဘာသာရပ်တစ်ခုအနေဖြင့် ထည့်သွင်းပို့ချပေးနေကြောင်းတင်ပြခဲ့ရာ ကွမ်ရှီးပြည်နယ် အမျိုးသမီးရေးရာအဖွဲ့ချုပ်ဥက္ကဋ္ဌမှ မြန်မာနိုင်ငံအနေဖြင့် ဤကဲ့သို့လုပ်ငန်းများကိုကျယ်ကျယ်ပြန့်ပြန့်လုပ်ဆောင်နေကြောင်း သိရှိခဲ့ရသည့်အတွက် နှစ်ထောင်းအားရကျေနပ်မှုရှိပြီး လှိုက်လှိုက်လှဲလှဲဂုဏ်ပြုကြောင်း၊ တုံ့ပြန်မှုအားပြန်လည်ရရှိခဲ့သဖြင့် ၁၀ မိနစ်စာအတွင်း မိမိနိုင်ငံကို အခြားနိုင်ငံထက်သာအောင် သတ္တိရှိရှိ ထိုးဖောက်ဝင်ရောက်ပြသနိုင်ခဲ့ပေသည်။

မည်သို့ပင်ဖြစ်စေကာမူ ဤခရီးစဉ်သည် နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှုနှင့် အောင်မြင်မှုရရှိခဲ့သည့် ခရီးစဉ်ဖြစ်ခဲ့ပြီး (၂၇)ကြိမ်မြောက်အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်မည့် အားကစားသမားများသည် ဤခရီးစဉ်ကို သာဓကပြု၍ မိမိပြိုင်ပွဲဝင်ရောက်မည့် ရောက်သည့်နေရာ၊ ရသည့်အချိန်၊ တန်ဖိုးမဖြတ်နိုင်သည့်အချိန်အတွင်း မိမိနိုင်ငံအတွင်း "ကမ္ဘာမှာ မြန်မာဟေ့"ဟု အားမာန်အပြည့်ကြွေးကြော်ရင်း လျင်လျင်မြန်မြန်ပါးပါးနပ်နပ် အားကစားစိတ်ဓာတ်ဖြင့် "ရွှေ"ဆုများဆွတ်ခူးနိုင်ပါစေလို့ ဆီးဂိမ်းအားကစားသမားများအား ဤဆောင်းပါးဖြင့်ဂုဏ်ပြုလိုက်ပါသည်။ ။

လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းဆိုင်ရာ အသိပညာပေး ဟောပြော

မိုးမိတ် ဒီဇင်ဘာ ၉

ရှမ်းပြည်နယ် (မြောက်ပိုင်း) မိုးမိတ်မြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနမှ ကြီးမှူး၍ ၂၀၁၄ ခုနှစ်ပြည်လုံးကျွတ် သန်းခေါင်စာရင်း ကောက်ယူရေး အကြောင်း အသိပညာပေးဟောပြောပွဲကို ယနေ့ နံနက် ၁၀ နာရီတွင် မြို့ကျက်သရေဆောင်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဦးစီးမှူး ဦးမြင့်ဦးက အဖွင့်အမှာစကား ပြောကြားပြီး မြို့နယ်လူဝင်မှု ကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေး ဦးစီးဌာန ဦးစီးမှူးဦးချစ်အောင်က လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းဆိုင်ရာ အချက်အလက်များကို ရှင်းလင်းဟောပြောကာ အခမ်းအနားသို့ ဌာနဆိုင်ရာ အဖွဲ့အစည်းများနှင့် ပြည်သူများ တက်ရောက်ကြကြောင်း သိရသည်။

စည်သူ (IPRD)

ဆီးဂိမ်းပွဲတော်ကာလတွင် တောင်သမန်အင်းနှင့် ဦးပိန်တံတားသို့ ခရီးသွားဧည့်သည် ပိုမိုလာရောက်

မန္တလေး ဒီဇင်ဘာ ၉

ဆီးဂိမ်းပွဲတော်ကာလတွင် နာမည်ကျော် တောင်သမန်အင်းနှင့် ဦးပိန်တံတားကြီးသို့ နေ့လယ်ပိုင်းနှင့် ညနေပိုင်းတို့တွင် ပုံမှန်ရက်များထက် ကမ္ဘာလှည့်ခရီးသွားများ ပိုမိုလာရောက် လည်ပတ်လျက်ရှိကြောင်း၊ တစ်နေ့လျှင် နိုင်ငံခြားသားခရီးသွား ဧည့်သည် ဦးရေ ၅၀၀ မှ ၆၀၀ ခန့်အထိ နေ့စဉ်လာရောက်လည်ပတ်လျက်ရှိကြောင်း၊ အထူးသဖြင့် ညနေ ၅ နာရီဝန်းကျင်တွင် တိုးလ်ဘတ်စ်ကားကြီးများ၊ စင်းလုံးဌားတက္ကစီကားများဖြင့် အများဆုံး လာရောက်လည်ပတ်ကြကြောင်း သိရသည်။

"ညနေပိုင်းမှာ Sunset လာကြည့်ကြတာ ပိုများပါတယ်။ အခုဆိုရင် ညနေပိုင်းမှာ နိုင်ငံခြားသားဧည့်သည်တွေအပြင် ပြည်တွင်းဧည့်သည်တွေလည်း အများအပြားလာရောက်ကြတာကို တွေ့နေရတယ်။ လာရောက်လည်ပတ်ကြတာကတော့ အာရှရော၊ ဥရောပကပါ အစုံပါပဲ။ နိုင်ငံခြားသား အများစုက နေဝင်ချိန်ကို စောင့်ကြည့်ပြီး ဓာတ်ပုံရိုက်ကူးကြတယ်။ တံတားပေါ်က ဓာတ်ပုံရိုက်သူတွေ ရှိသလို ဌက်လှေတွေစီးပြီး ဓာတ်ပုံရိုက်ကူးကြသူတွေလည်း အများအပြားပါပဲ။ ဌက်လှေသမားတွေအနေနဲ့လည်းညနေပိုင်း နေဝင်ချိန်လာကြည့်ကြတဲ့ နိုင်ငံခြားသား ခရီးသွားတွေကို အားကိုးနေကြရတယ်" ဟု ဦးပိန်တံတားအနီးတွင် စျေးရောင်းသူတစ်ဦးက ပြောပြသည်။

"နိုင်ငံခြားသား ဧည့်သည်တွေကို ကူညီစောင့်ရှောက်နိုင်ဖို့ တောင်သမန်အင်းနဲ့ဦးပိန်တံတားမှာ TOURIST POLICE FORCE တပ်ဖွဲ့ဝင်အရာရှိတစ်ဦးနဲ့ အခြားအဆင့်ငါးဦး တာဝန်ချထားပေးပါတယ်။ နိုင်ငံခြားဧည့်သည်တွေက တောင်သမန်အင်းနဲ့ ဦးပိန်တံတားမှာ နေဝင်မိုးချုပ်အထိ နေတတ်ကြတော့ သူတို့လုံခြုံရေးကို အထူးဂရုစိုက် စောင့်ရှောက်ပေးကြရပါတယ်။ ဒေသခံတွေကလည်း ဝိုင်းဝန်းကူညီ စောင့်ရှောက်ပေးကြတဲ့အတွက် ပြဿနာတစ်စုံတစ်ရာမျှ မပေါ်ပေါက်ပါဘူး"ဟု ဦးပိန်တံတားတွင် တာဝန်ထမ်းဆောင်နေသည့် တိုးလ်ရဲတပ်ဖွဲ့ဝင်တစ်ဦးက ပြောပြသည်။

နာမည်ကျော် တောင်သမန်အင်းနှင့် ဦးပိန်တံတားကြီး၏ ရှုခင်းများမှာ အလွန်သာယာလှပသဖြင့် မြန်မာနိုင်ငံသို့လာရောက်ကြသည့် နိုင်ငံခြားသား ခရီးသွားဧည့်သည်အများစုတို့သည် နေဝင်ဆည်းဆာအလှကို လာရောက်ကြည့်ရှု မှတ်တမ်းတင်လေ့ရှိကြကြောင်း သိရသည်။

(နန္ဒာမင်းလွင်)

စာအုပ်စာပေ ရှု့မိတ်ဆွေ

တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရန် သဘာဝအရင်းအမြစ်၊ လူ့စွမ်းအားအရင်းအမြစ်များနှင့် နည်းပညာအရင်းအမြစ်များ ပေါင်းစပ်ဆောင်ရွက်ကြရမည်

နေပြည်တော် ဒီဇင်ဘာ ၉

ပြည်ထောင်စုဝန်ကြီး ဦးလှထွန်း၊ ဒုတိယဗိုလ်ချုပ်ကြီးသက်နိုင်ဝင်း၊ ဒုတိယဝန်ကြီးများနှင့် တာဝန်ရှိသူများသည် မြန်မာ့လေကြောင်းခရီးစဉ်ဖြင့် ယမန်နေ့ နံနက်ပိုင်းတွင် လားရှိုးမြို့သို့ရောက်ရှိပြီး ထိုမှတစ်ဆင့် တပ်မတော်ရဟတ်ယာဉ်ဖြင့် နမ့်ဆန်မြို့သို့ ရောက်ရှိကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးများနှင့်အဖွဲ့သည် နမ့်ဆန်မြို့ နယ်စပ်ဒေသ တိုင်းရင်းသားလူငယ်များ သင်တန်းကျောင်း ဆောက်လုပ်နေမှုနှင့် နမ့်ဆန်မြို့နယ် ပြည်သူ့ဆေးရုံ၏ အနောက်ဘက်ခြမ်း မြေပြိုကျမှုတို့ကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ဆေးရုံတက်ရောက်နေသော လူနာများအား ကြည့်ရှုအားပေးပြီး တစ်ဦးချင်း ထောက်ပံ့ငွေများ ပေးအပ်သည်။ ယင်းနောက် ရှမ်းပြည်နယ် အစိုးရအဖွဲ့မှ နမ့်ဆန်မြို့နယ် ပြည်သူ့ဆေးရုံအတွက် အလှူငွေကျပ် ၁၀ သိန်း ပေးအပ်လှူဒါန်းသည်။

မွန်းလွဲပိုင်းတွင် နမ့်ဆန်မြို့ ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့အစည်းအဝေးခန်းမ၌ ကျင်းပသည့် ဒေသခံပြည်သူများနှင့် တွေ့ဆုံပွဲအခမ်းအနား၌ ပြည်ထောင်စုဝန်ကြီး ဦးလှထွန်း(**အပေါ်ယာဝုံ**)က ဒီမိုကရေစီနိုင်ငံတော် ထူထောင်ရာတွင် စနစ်အားဖြင့် ပြောင်းလဲသွားသော်လည်း အန္တိမရည်မှန်းချက်မှာ တိုင်းပြည်အေးချမ်းသာယာပြီး ဖွံ့ဖြိုးတိုးတက်ရန် ဖြစ်ပါကြောင်း၊ တိုင်းပြည်တစ်ပြည်လုံး ထာဝရငြိမ်းချမ်းရေး ရရှိရန် ကြိုးပမ်းအားထုတ်နေဆဲ ကာလဖြစ်သည်အတွက် တိုင်းရင်းသားညီအစ်ကို မောင်နှမများအားလုံး ပူးပေါင်းပါဝင် ဆင်နွှဲမှသာ ထာဝရငြိမ်းချမ်းသည့် နိုင်ငံအဖြစ် အလားအလာကောင်းများ ရရှိမည်ဖြစ်ကြောင်း၊ တိုင်းပြည်အေးချမ်းသည့် အနေအထားမှ ဖွံ့ဖြိုးသည့်နိုင်ငံဖြစ်ရန် ရည်မှန်းထားပါကြောင်း။

တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရန် မိမိတို့တွင် သဘာဝအရင်းအမြစ်များဖြစ်သည့် ရေ၊ မြေ၊ တော၊ တောင် အစရှိသည့် အခြေခံအရင်းအမြစ်များ ရှိနေပြီး လူ့စွမ်းအားအရင်းအမြစ်ကိုပါ ပူးပေါင်းဆောင်ရွက်နိုင်မည်ဆိုလျှင် အေးချမ်းသည့်ကာလတွင် တစ်ဟုန်ထိုး ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း၊ ပြည်သူ့ဗဟိုပြု ဖွံ့ဖြိုးတိုးတက်ရန် ပြည်သူတို့၏ခံစားချက် ဆန္ဒသဘောထားများကို တာဝန်ရှိသူအဆင့်ဆင့်သည် ဒေသခံပြည်သူများနှင့် ဝိုင်းဝန်းဆောင်ရွက်ကြရန် ဖြစ်ကြောင်း၊ တစ်ဖက်ကလည်း တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရန် ဆောင်ရွက်နေသကဲ့သို့ တစ်ဖက်ကလည်း တိုင်းပြည်အေးချမ်းသာယာရေးအတွက် ဆောင်ရွက်လျက်ရှိပါကြောင်း၊ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရန် သဘာဝအရင်းအမြစ်၊ လူ့စွမ်းအားအရင်းအမြစ်များနှင့် နည်းပညာအရင်းအမြစ်များ ပေါင်းစပ်ဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း၊ ကျေးလက်ဒေသဖွံ့ဖြိုးရေးမှသည် နိုင်ငံတစ်ဝန်း ဖွံ့ဖြိုးတိုးတက်ရန် ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ ဒေသခံတိုင်းရင်းသား ညီအစ်ကိုများနှင့် လက်တွေ့ကျကျ ထိတွေ့ဆက်ဆံပြီး ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ စနစ်တကျ ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး သက်နိုင်ဝင်းက နယ်စပ်ဒေသတိုင်းရင်းသားများ ဖွံ့ဖြိုးတိုးတက်ရေးအကောင်အထည်ဖော်ဆောင်ရွက်မည့် မူဝါဒများနှင့် လုပ်ငန်းစဉ်များကို ရှင်းလင်းပြောကြားသည်။

ယင်းနောက် ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့ ဥက္ကဋ္ဌ ဦးမောင်ကျော်က ဒေသ၏အုပ်ချုပ်မှုဆိုင်ရာ ဆောင်ရွက်မှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ နမ့်ဆန်မြို့နယ်နှင့် မန်တုံမြို့နယ် စီမံခန့်ခွဲမှုကော်မတီ၊ မြို့နယ်အထောက်အကူပြုကော်မတီ၊ စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌများက ဒေသဖွံ့ဖြိုးတိုးတက်ရေးလိုအပ်ချက်များကို ဆွေးနွေးတင်ပြကြပြီး ပြည်ထောင်စုဝန်ကြီး ဦးလှထွန်းက နိုဝုံးချုပ်အမှာစကားပြောကြားရာတွင် မည်သည့်အခက်အခဲမဆို ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ခြင်းဖြင့် အောင်မြင်မှုရနိုင်ပါကြောင်း၊ စုပေါင်းခေါင်းဆောင်မှု၊ စုပေါင်းတာဝန်ယူဆောင်ရွက်မှုတို့ဖြင့် ဒေသဖွံ့ဖြိုးတိုးတက်မှုကို ရရှိနိုင်ပါကြောင်း၊ မိရိုးဖလာစိုက်ပျိုးသော လက်ဖက်စီးပွားရေးမှတစ်ဆင့် ကျန်စီးပွားရေးကဏ္ဍများကိုလည်း ဖွံ့ဖြိုးတိုးတက်ရန် လုပ်ဆောင်ကြရမည်ဖြစ်ကြောင်း၊ မြို့ပြနှင့် ကျေးလက်ဒေသကွာဟမှုလျော့နည်းစေပြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရန် တက်ညီလက်ညီပူးပေါင်းဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ ထာဝရငြိမ်းချမ်းရေးရရှိမှသာလျှင် တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မည်ဖြစ်ရာ တစ်အုပ်ထံဆင်း ညီအစ်ကိုမောင်နှမများကဲ့သို့ တစ်ဦးနှင့် တစ်ဦး၊ တစ်ဖွဲ့နှင့်တစ်ဖွဲ့ စည်းလုံးညီညွတ်စွာ ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ပူးပေါင်းဆောင်ရွက်ကြရမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဦးလှထွန်းနှင့် သက်ဆိုင်ရာတာဝန်ရှိသူများက ဒေသခံပြည်သူများအား အမှတ်တရလက်ဆောင်ပစ္စည်းများ ပေးအပ်ပြီး ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်သည်။

အဆိုပါ တွေ့ဆုံပွဲသို့ ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်တို့မှ လွှတ်တော်ကိုယ်စားလှယ်များ၊ ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့ဝင်များ၊ နမ့်ဆန်၊ မန်တုံမြို့နယ် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ စာပေနှင့် ယဉ်ကျေးမှုအဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ မြို့မိမြို့ဖများ၊ ဒေသခံပြည်သူများ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

(၂၇) ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ မြင်းစီးအားကစားပြိုင်ပွဲ ဝင်ရောက်ယှဉ်ပြိုင်မည့် ထိုင်းဘုရင့်မြေးတော်အား ကြိုဆို

နေပြည်တော် ဒီဇင်ဘာ ၉

မြန်မာနိုင်ငံတွင် ကျင်းပလျက်ရှိသည့် (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲတွင် ထည့်သွင်းကျင်းပမည့် မြင်းစီးအားကစားပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ရန်အတွက် ထိုင်းဘုရင့်မြေးတော် မင်းသမီး Sirivannavari Nariratana သည် ယနေ့မွန်းလွဲ ၁ နာရီက နေပြည်တော်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိလာရာ မြန်မာ့အားကစားအောင်နိုင်ရေးကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ဒုတိယဝန်ကြီးဦးသောင်းထိုက်နှင့် အားကစားဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံဆိုင်ရာထိုင်းနိုင်ငံသံအမတ်ကြီး Pisanu Suvanajata နှင့် စစ်သံမှူးများက ကြိုဆိုနှုတ်ဆက်ခဲ့ကြသည်။**(ယာဝုံ)**

ထိုင်းဘုရင့်မြေးတော် မင်းသမီး Sirivannavari Nariratana သည် နေပြည်တော် မြင်းစီးအားကစားကွင်းတွင် ကျင်းပမည့် မြင်းစီးအားကစားပြိုင်ပွဲ၊ အလှစီးပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်ကြောင်း သိရသည်။

(ကြေးမုံ)

ဆီးဂိမ်းဖွင့်ပွဲနှင့် ပိတ်ပွဲမီးရှူးတိုင် သယ်ဆောင်ခြင်းအတွက် ဝတ်စုံများပံ့ပိုး

ရန်ကုန် ဒီဇင်ဘာ ၉

(၂၇)ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲ ဖွင့်ပွဲ အခမ်းအနားကို ဒီဇင်ဘာ ၁၁ ရက်တွင် ကျင်းပမည်ဖြစ်ပြီး နိုင်ငံ ဂုဏ်ဆောင်လက်ရွေးစင် ကစားသမားဟောင်းကြီးများ လက်ဆင့်ကမ်း သယ်ဆောင်မည့် မီးရှူးတိုင်သယ်ဆောင်ပွဲလည်းပါဝင်မည်ဖြစ်သည်။ အဆိုပါ မီးရှူးတိုင်ကို ဒီဇင်ဘာ ၁၁ ရက်တွင် ရန်ကုန်မြို့မှ စတင်သယ်ဆောင်မည်ဖြစ်ပြီး ရန်ကုန်မြို့တွင်လူ ၂၀ ခန့်နှင့် နေပြည်တော်တွင် ၇၀ ကျော်တို့က သယ်ဆောင်မည်ဖြစ်သည်။

ဖွင့်ပွဲ၊ ပိတ်ပွဲအခမ်းအနားနှင့် မီးရှူးတိုင်လက်ဆင့်ကမ်းသယ်ဆောင်ပွဲတွင် ပါဝင်မည့် အားကစားသမားများ ဝတ်ဆင်မည့် ဝတ်စုံများကို Royal Golden Owls Co.,Ltd. (RGO and 47 Collection)က ပံ့ပိုးကူညီပေးထားသည်။ ဖွင့်ပွဲ၊ ပိတ်ပွဲ အခမ်းအနားတွင် ဝတ်ဆင်ရန် ငွေကျပ် သိန်း ၁၂၀၀ တန်ဖိုးရှိ Cheer girls ဝတ်စုံ ၃၀၀၊ Count Down ဝတ်စုံ ၁၅၀၀၊ လေ့ကျင့်ရေးဝတ်စုံအထည် ၈၀၀၀၊ မီးရှူးတိုင်သယ်ဆောင်မည့် အားကစားသမားများနှင့် ဘေးအရန်လိုက်ပါမည့်သူများအတွက် အားကစားဝတ်စုံ ၅၂၈ စုံ၊ အလံတင်အခမ်းအနားတွင် အားကစားသမားများ ဝတ်ဆင်မည့် ဝတ်စုံ ၁၁၈ စုံ၊ လုံခြုံရေးဝတ်စုံ အစုံ ၂၀ တို့ကို Royal Golden Owls Co.,Ltd.(RGO and 47 Collection) မှ ပံ့ပိုးကူညီပေးထားကြောင်း သိရသည်။ **(ဖိုးသော်ဇင်)**

ဆူးလေစေတီတော် နိုင်ငံခြားသားဝင်ရောက်နှုန်းထား တိုးမြင့်ကောက်ခံ

ရန်ကုန် ဒီဇင်ဘာ ၉

ဆူးလေစေတီတော် ဂေါပကအဖွဲ့မှ စေတီတော်သို့ လာရောက်ကြသော နိုင်ငံခြားသားဧည့်သည်များထံမှ ၂၀၁၄ ခုနှစ် ဇန်နဝါရီ ၁ ရက်မှ စတင်၍ ယခင် အမေရိကန်ဒေါ်လာ နှစ်ဒေါ်လာအစား တစ်ဒေါ်လာတိုးမြင့်၍ သုံးဒေါ်လာနှုန်းထားဖြင့် ကောက်ခံသွားမည်ဖြစ်ကြောင်း ဆူးလေစေတီတော် တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

ရွှေတိုဂုံစေတီတော် ဖူးမြော်ခွင့်ကို နိုင်ငံခြားသားတစ်ဦးလျှင် ရှစ်ဒေါ်လာ ကောက်ခံပြီး ဗိုလ်တထောင်စေတီတော်တွင် သုံးဒေါ်လာကောက်ခံမည်ဖြစ်သည်။

အဆိုပါ စေတီတော်သို့ လာရောက်ဖူးမြော်ခွင့်နှုန်းထားများကို သက်ဆိုင်ရာ စေတီတော်ဂေါပကအဖွဲ့များက စီမံဆောင်ရွက်ကြောင်း သိရသည်။

(၅၆၉)

❒ အမျိုးသမီးဖူဆယ်အသင်းမှ

ကိုယ့်မြေ ကိုယ့်ရေ ကိုယ့်ဝရိသက် ရှေ့မှောက်တွင် ဆီးဂိမ်းရွေတံဆိပ်ဆုကို သိမ်းပိုက်ဆွတ်ခူးရန် အလားအလာကောင်းများ ပိုင်ဆိုင်နေပြီဖြစ်သည်။

ဆီးဂိမ်းပြိုင်ပွဲတိုင်းတွင် မြန်မာအမျိုးသမီး ဘောလုံးအသင်းသည် ခြေစွမ်းခြေစားဖြင့် မည်ခဲ့၊ အကြိမ်တိုင်း ဆုချိတ်နိုင်ခဲ့၏။ ပထမဦးဆုံးအကြိမ် ဝင်ရောက်ယှဉ်ပြိုင်သည့် ၁၉၉၅ ခုနှစ် ထိုင်းနိုင်ငံ ချင်းမိုင်ဆီးဂိမ်းပြိုင်ပွဲမှာပင် ကြိတင်ပြင်ဆင်ချိန်နည်းပါ။သည့်ကြားထဲမှ ဒွေဆော်ဦးကြေးတံဆိပ်ကို ဆွတ်ခူးရယူနိုင်ခဲ့၏။

ဆက်လက်၍ ၁၉၉၇ ခုနှစ် အင်ဒိုနီးရှားဆီးဂိမ်းတွင် ဒွေတံဆိပ်၊ ၂၀၀၁ ခုနှစ် မလေးရှားဆီးဂိမ်းတွင် ကြေးတံဆိပ်၊၂၀၀၃ ခုနှစ် ဗီယက်နမ်ဆီးဂိမ်းတွင် ဒွေတံဆိပ်၊ ၂၀၀၅ ခုနှစ် ဖိလစ်ပိုင် ဆီးဂိမ်းတွင် ဒွေတံဆိပ်၊ ၂၀၀၇ ခုနှစ် ထိုင်းနိုင်ငံဆီးဂိမ်းနှင့် ၂၀၀၉ ခုနှစ် လာအိုနိုင်ငံ ဆီးဂိမ်းပြိုင်ပွဲတို့တွင် ကြေးတံဆိပ်ဖြင့် ဆွတ်ခူးရယူနိုင်ခဲ့၏။

ပထမရွေတံဆိပ်ဆုကိုမူ ချန်ပီယံအဖြစ်လေးကြိမ်မိ ဆွတ်ခူးရယူထားသော ပြိုင်ဘက်ထိုင်းနှင့် ဗီယက်နမ်အမျိုးသမီးဘောလုံးအသင်းတို့နှင့် ဆုံတွေ့တိုင်း မြင်းကောင်းခွာလိပ်ဖြစ်ခဲ့ပြီး လွဲခဲ့ရ၍ မြန်မာဘောလုံးပရိသတ်များ ဝမ္ဘင်ခဲ့ဖြစ်ခဲ့ကြ၏။

မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပသော ယခု (၂၃) ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲတွင်မူ မြန်မာအမျိုးသမီးဘောလုံးအသင်းအနေဖြင့် ဒေသတွင်းဖလာပြိုင်ဘက် လက်ရှိချန်ပီယံ ဗီယက်နမ် (၂၀၀၉ ခုနှစ် လာအို ဆီးဂိမ်းချန်ပီယံ၊ ၂၀၁၁ ခုနှစ် အင်ဒိုနီးရှားဆီးဂိမ်းပြိုင်ပွဲတွင် အမျိုးသမီးဘောလုံးပြိုင်ပွဲထည့်သွင်းကျင်းပခဲ့ခြင်းမရှိခဲ့ပါ)နှင့် ချန်ပီယံ ဟောင်းထိုင်းအသင်းတို့ကို ထပ်မံကျော်ဖြတ်ရမည်ဖြစ်သော်လည်း ကိုယ့်မြေ ကိုယ့်ရေ ကိုယ့်ဝရိသက် ရှေ့မှောက်တွင် ယှဉ်ပြိုင်ရမည်ဖြစ်သည်က တစ်ကြောင်း၊ ဂျပန်လုမျိုးနည်းပြ ကုမာဒါ လက်ထက်တွင် ပြည်တွင်းပြည်ပ အတွေ့အကြုံကောင်းများဖြင့် အဘက်ဘက်က ကြိတ်တင် ပြင်ဆင်ထားသည်က တစ်ကြောင်း ဆီးဂိမ်းပြိုင်ပွဲတွင် အကြိမ်ကြိမ်မပွတ်ကာသီကာ လွဲချော်ခဲ့ရသော ချန်ပီယံရွေတံဆိပ်ဆုကို သိမ်းပိုက်ဆွတ်ခူးနိုင်ရန် အလားအလာအထူးကောင်းမွန်လျက်ရှိနေပေသည်။

ဆီးဂိမ်းပြိုင်ပွဲ အမျိုးသမီးဘောလုံးပြိုင်ပွဲ ပွဲစဉ်များကို အထက်မြန်မာပြည် မြန်မာဘောလုံးပရိသတ်တို့၏ ဘူမိနက်သန် မန္တလေးပြို့၌ ကျင်းပသွားမည်ဖြစ်ရာ မြန်မာအမျိုးသမီးဘောလုံးအသင်းသည် မူလက အုပ်စု(က)တွင် လက်ရှိချန်ပီယံ ဗီယက်နမ်၊ ဖိလစ်ပိုင်နှင့် အင်ဒိုနီးရှားအသင်းတို့နှင့် တစ်အုပ်စုတည်း ပါဝင်နေသော်လည်း ယခုပြိုင်ပွဲ ကျင်းပချိန်နီးကပ်မှ အင်ဒိုနီးရှား အသင်းမှာ ကြိတင်ပြင်ဆင်မှုအပိုင်းတွင် အားနည်း၍ ဝင်ရောက်ယှဉ်ပြိုင်ခြင်းမပြုတော့ဟု အင်ဒိုနီးရှားနိုင်ငံ အိုလပ်စက်ပစ်တီနှင့် ဘောလုံးအဖွဲ့ချုပ်တို့က ဆုံးဖြတ်ခဲ့၍ အုပ်စု(က)တွင် မြန်မာ၊ ဗီယက်နမ်နှင့် ဖိလစ်ပိုင်၊ အုပ်စု(ခ)တွင် ထိုင်း၊ လာအိုနှင့် မလေးရှားအသင်းတို့ဖြင့် အုပ်စုဘက်မျှသွားခဲ့သည်။

အင်ဒိုနီးရှားအမျိုးသမီးဘောလုံး အသင်း ပြိုင်ပွဲနီးကပ်ချိန်မှ ထွက်သွားသော်လည်း ပွဲစဉ်အပြောင်း အလဲရှိရုံမှအပ ပြိုင်ပွဲ၏ ချိန်ခွင်လျှာကိုမူ ပြောင်းလဲသက်ဝင်နိုင်စွမ်းမရှိဟု ဆိုရမေပေသည်။ လက်ရှိ အရှေ့ တောင်အာရှ ဒေသတွင်း အမျိုးသမီး ဘောလုံးပြိုင်ပွဲများကို ကြီးသုံးကြီး ဖြစ်သည့် ဗီယက်နမ်၊ မြန်မာနှင့် ထိုင်းအသင်းတို့ကသာ အစဉ်စိုးမိုး ထားခဲ့ဖြစ်သည်။

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးဇော်ဇော်က မြန်မာအမျိုးသမီး ဘောလုံးအသင်း၏ ကြိတင်ပြင်ဆင်မှုများနှင့်စပ်လျဉ်း၍"အဓိက ကတော့ ကြိတင်ပြင်ဆင်မှုအပိုင်းမှာ ကျွန်တော်တို့က အစွမ်းကုန်ဆောင်ရွက်ထားတယ်ဆိုတာ ပြောချင်တယ်။ ဒီအမျိုးသမီးဘောလုံးအသင်းက ရန်ကုန်မှာလည်း အိမ်ရှင်လုပ်ပြီး ကစားတယ်။ ပါလက်စတိုင်းမှာလည်း အာရှ Qualified သွားကစားတယ်။ ဂျပန်နဲ့ ကိုရီးယားကိုလည်း တစ်လ သွားပြီး လေ့ကျင့်ထားတယ်။ ဂျပန် နည်းပြနဲ့လည်း အနီးကပ်လေ့ကျင့်မှု တွေပြုလုပ်ထားတယ်။ ကျွန်တော် တို့က နီးခါနီး နှစ်ပတ် သုံးပတ်မှ သြဇာကြေးလျက်သွားပြီး လေ့ကျင့်ဖို့ စီစဉ်ထားပေမယ့် နည်းပြကြီးရော ကျွန်တော်တို့အားလုံး အဖွဲ့ချုပ်မှာ ရှိတဲ့လူတွေ ဆုံးဖြတ်တာကတော့ ဒီနှစ်ပတ်မှာ ရသင့်တဲ့နှင့်ကစားရမယ့် အဖွဲ့ ခရီးပန်းတာက အကျိုးရှိ၊ မရှိ အဲဒီအပေါ်မှာသုံးသပ်ပြီး တောင်ကြီး နဲ့ မန္တလေးမှာပဲ ကစားခဲ့ပါတယ်။ ကလေးတွေအတွက် အတွေ့အကြုံ ရပါတယ်။ အမျိုးသားအသင်းက ကိုယ့်ထက်ကောင်းတဲ့ အသင်းနဲ့ ကစားဖို့ခက်ပေမယ့် အမျိုးသမီး အသင်းက ကိုယ်နဲ့ပြိုင်ကစားဖို့ အတွက် အသင်းတွေ အများကြီးရှိပါတယ်။ မန္တလေး အကယ်ဒမီက အသင်းတွေနဲ့ တောက်လျှောက် ကစားခွင့်ရတယ်။ ကွင်းကို မစိမ်း အောင် ပြိုင်ပွဲကျင်းပမယ့်ကွင်းမှာ တောက်လျှောက် လေ့ကျင့်မှုတွေ အများကြီးရခဲ့တယ်။ မန္တလေးမှာရှိတဲ့ တာဝန်ရှိတဲ့သူတွေက အာရှစိုက်မှု အပြည့်အဝရှိတယ်။ ဒါကြောင့်ဖို့ ဘောလုံးအသင်းက ကလေးတွေ အနေနဲ့ တက်တက်ကြွကြွနဲ့ ဝင်ရောက်ယှဉ်ပြိုင်နိုင်မှာပါ။

မြန်မာအမျိုးသမီးအသင်းက သူ့မှာ မျှော်လင့်ချက်ရှိဖို့က ရွေရဖို့။ လူတိုင်းမျှော်လင့်တာကတော့ ရွေပါ။ တချို့ကစားသမားတွေ ကစားနေတာ ကြာပါပြီ။ သူတို့အနေနဲ့ သူတို့ကစား တဲ့ကာလမှာ ရွှေတံဆိပ်တအား လိုချင်တယ်။ ကြိုးစားအားထုတ်မှု၊ လေ့ကျင့်မှု၊ ပေးဆပ်မှုက အရင်က ထက်ပိုတယ်။ ဒါကြောင့်ဖို့ ယခု SEA Games မှာ အမျိုးသမီး ဘောလုံးအသင်းက ရွှေရအောင် ကြိုးစားလိမ့်မယ်လို့ ယုံကြည်ပါတယ်"ဟု ဆိုသည်။

ဆက်လက်၍ "အာဆီယံမှာ အမျိုးသမီးဘောလုံးအသင်းတွေက ထိုင်း၊ ဗီယက်နမ်၊ မြန်မာလောက်ပဲ အားကောင်းကောင်းနဲ့ ပြင်ဆင်ထား တာရှိတယ်။ ကျွန်တော့် အနေနဲ့ ပရိသတ်ကြီးကို တောင်းပန်ချင် တာက အင်ဒိုနီးရှားအနေနဲ့ ပြိုင်ပွဲဝင် ၇၀၀ ကျော်လောက် တက်တက် ကြွကြွ ဝင်ရောက်ယှဉ်ပြိုင်ပေမယ့် အမျိုးသမီးဘောလုံးပြိုင်ပွဲကိုတော့ ဝင်ရောက် မယှဉ်ပြိုင်တော့တဲ့ အတွက်ပါ။ သူတို့ကလည်း ဖူဆယ် အပေါ်မှာပဲ အားစိုက်ပြီး ဆုရဖို့ ကြိုးစားတဲ့အတွက် အမျိုးသမီး ဘောလုံးအသင်းကို ဝင်ရောက်မယှဉ် ပြိုင်တော့ဘူး။ တစ်ခုလေးလို သွား တာက ရက်နီးမှ သိလိုက်ရတဲ့အတွက် ကျွန်တော်တို့ အနေကအခဲရှိတယ်။ ပရိသတ်ကို အနေးအညှာတ်ကောင်းပန် ပါတယ်။ အဖွဲ့ချုပ်ကို ဆက်သွယ်ပြီး မေးမြန်းတဲ့အခါကျတော့ ဖူဆယ်မှာ ပဲ ဆုလိုချင်တယ်။ ဖူဆယ်မှာ နိုင်အောင်ကစားချင်တယ်ဆိုတာ သိလိုက်ရတယ်။

အိုလံပစ်ကော်မတီက အုပ်စုပွဲကို ဆွဲတဲ့အချိန်မှာ အာရှအဖွဲ့ချုပ်က လာပြီး ဆွဲပေးပါတယ်။ အဲဒီမှာ ကျွန်တော်တို့အနေနဲ့ လာမယ်လို့ပဲ မျှော်လင့်ထားပါတယ်။ နီးတော့မှ ပိုသေချာအောင်ဆိုပြီး ထပ်ပြီး အတည်ပြုချက် ယူလိုက်တဲ့အချိန်မှာ သူတို့အနေနဲ့ မလာနိုင်ဘူးဆိုတာ သိလိုက်ရပါတယ်"ဟု ၎င်းက ရှင်းပြ သည်။

မည်သို့ဆိုစေကာမူ (၂၃)ကြိမ် မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ အမျိုးသမီး ဘောလုံးပြိုင်ပွဲတွင် ဒေသတွင်း ကြီးသုံးကြီးဖြစ်သည့် အိမ်ရှင်မြန်မာ၊ လက်ရှိချန်ပီယံ ဗီယက်နမ်နှင့် ချန်ပီယံဟောင်းထိုင်းအသင်းတို့၏ ပြိုင်ဆိုင်မှုမှာ မန္တလာမြေပေါ်တွင် ဆက်လက်ပြင်းထန်နေမည်မှာ အမှန်ပင်ဖြစ်ပေသည်။

မဟာပြိုင်ဘက်သုံးသင်းအနက် မည်သည့်အသင်းက ချန်ပီယံ ရွေတံဆိပ်ဆွတ်ခူးရယူသွားမည်ကို မူ ဆက်လက်စောင့်မျှော်ကြည့်ရပါဦးမည်။ ။

ကမ္ဘာတစ်လွှား ရွှေ...ရွှေ...မြန်မာများ

- ❍ အားကစားချစ်သူ ရွှေမြန်မာအပေါင်းတို့ (၄၄)နှစ်ကြာမှ ပြန်လည်ရသည့် ကစားနည်းအဗုံဗုံ အားကစားမျိုးစုံသည့် အိမ်ရှင်ဆီးဂိမ်းပြိုင်ပွဲကြီးကား ဒိုနိုင်ငံတွက် ဂုဏ်ကိုတက်သည် ဝမ်းမြောက်ဂုဏ်ယူရပါ၏။
- ❍ အားကစားချစ်သူ ရွှေမြန်မာအပေါင်းတို့ ဆီးဂိမ်းအစ ကနဦးကပင် ရွှေရောင်ဝင်းလက် ဆင့်ဆင့်တက်သည် ကျက်သရေမင်္ဂလာ ပြည့်လေပါ၏။
- ❍ အားကစားချစ်သူ ရွှေမြန်မာအပေါင်းတို့ ပြိုင်ပွဲစချင်း ခြောက်ရက်တွင်းဝယ် ရွှေ(၁၃)၊ ငွေ(၃)၊ ကြေး(၆)ဖြင့် ထိပ်ကဆင့်သည် ဝမ်းမြောက်ဖိတ် ရင်ဝယ်ပြင်ရပါ၏။
- ❍ အားကစားချစ်သူ ရွှေမြန်မာအပေါင်းတို့ အောင်စိတ်မြင့်ပေး အောင်မြင်ရေးတွက် ပြည်သူ့ပေါင်းစု အားပေးမှုတွင် အိမ်ရှင်ပီပီ ယဉ်ကျေးညီလျက် ညီညာမျှတ သောင်းသောင်းဖြင့် နိုင်ငံ့ဂုဏ်ဆင့် မျိုးဂုဏ်မြင့်အောင် ဝိုင်းဝန်းအားပေးကြပါစို့။
- ❍ နိုင်ငံ့ဂုဏ်ဆောင် ရွှေမြန်မာအပေါင်းတို့ အောင်မြင်ခဲ့မှု အစပြုသည့် ပန်းတင်ချိန်ပျိုး အချိန်မျိုးတွင် ပန်းတိုင်မရောက် တက်မမြောက်ဘဲ ရေကုန်ရေခန်း အောင်သရဖူပန်းကို လှမ်းဆွတ်ရယူ အောင်ပန်းခြေကာ ကမ္ဘာတစ်လွှား ရွှေ...ရွှေ...မြန်မာများဟု ဘဝင်ဂျုံတက် အောင်စည်သံထွက်အောင် သန့်ဌာန်ပြု ကြိုးပမ်းမှုဖြင့် အောင်ဆုရွှေတွေ ဆွတ်နိုင်ကြပါစေ။ ။

ဇော်မြင့်ဝင်း

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးဇော်ဇော် မြန်မာအမျိုးသမီးဘောလုံးအသင်း၏ ကြိတ်တင်ပြင်ဆင်မှုများနှင့်စပ်လျဉ်း၍ ရှင်းပြစဉ်။

မြန်မာအမျိုးသားဘတ်စကက်ဘောအသင်းမှ ကျောနံပါတ်(၉) ကြည်ထွေး အင်ဒိုနီးရှားအသင်းဘတ်သို့ အမှတ်ရယူရန် ကြိုးစားနေစဉ်။ (ဓာတ်ပုံ-ALEZ)

ဘတ်စကက်ဘောပြိုင်ပွဲ ဒုတိယနေ့ပွဲစဉ်များ ဆက်လက်ကျင်းပ

နေပြည်တော် ဒီဇင်ဘာ ၉

(၂၃)ကြိမ်မြောက် အရှေ့တောင်အာရှအားကစား ပြိုင်ပွဲ ဘတ်စကက်ဘောပွဲစဉ်များကို ဒီဇင်ဘာ ၉ ရက်တွင် ဒုတိယမြောက်နေ့အဖြစ် ဆက်လက်ကျင်းပခဲ့သည်။ နံနက် ၁၀ နာရီတွင် အမျိုးသမီးပွဲစဉ်အဖြစ် မလေးရှား အသင်းနှင့် ဖိလစ်ပိုင်အသင်းတို့ ယှဉ်ပြိုင် ကစားခဲ့ကြရာ ဖိလစ်ပိုင်အသင်းက မလေးရှားအသင်းကို ရမှတ် (၆-၁၉) ဖြင့် အနိုင်ရရှိခဲ့ရာ ဖိလစ်ပိုင်ကစားသမား Grajales Joan နှင့် BorJa Chovi တို့က ရမှတ် ခုနစ်မှတ်စီရအောင် စွမ်းဆောင်ခဲ့ကြသည်။ မွန်းတည့် ၁၂ နာရီတွင် အမျိုးသားဘတ်စကက်ဘောပွဲစဉ်အဖြစ် ကမ္ဘောဒီးယားအသင်းနှင့် မလေးရှားအသင်းတို့ ဆက်လက်ယှဉ်ပြိုင်ကစားခဲ့ကြရာ မလေးရှားအသင်းက ကမ္ဘောဒီးယားအသင်းကို ရမှတ်(၇၃-၅၈)ဖြင့် အနိုင်ရရှိခဲ့သည်။ မလေးရှားကစားသမား Loh Shee Fai က ရမှတ် ၁၆ မှတ်အထိရအောင် စွမ်းဆောင်ပေးခဲ့သည်။

မွန်းလွဲပိုင်းပွဲစဉ်များအဖြစ် အမျိုးသားဘတ်စကက် ဘောပွဲစဉ်ကို မွန်းလွဲ ၂ နာရီတွင် စင်ကာပူအသင်းနှင့် ဖိလစ်ပိုင်အသင်းတို့ ဆက်လက်ယှဉ်ပြိုင်ကစားကြသည်။ ဖိလစ်ပိုင်အသင်းက စင်ကာပူအသင်းကို ရမှတ်(၈၈-၇၅)ဖြင့် အနိုင်ရရှိခဲ့ရာ ဖိလစ်ပိုင်ကစားသမား Belo Rey Mark က ရမှတ် ၁၆ မှတ်ထိရအောင် စွမ်းဆောင်ခဲ့သည်။ ယင်းနောက် အမျိုးသားပွဲစဉ်အဖြစ် မြန်မာအသင်းနှင့် အင်ဒိုနီးရှားအသင်းတို့ ဆက်လက်ကစားခဲ့ရာ အင်ဒိုနီးရှားအသင်းက ရမှတ်(၈၃-၄၀)ဖြင့် အနိုင်ရရှိခဲ့သည်။ မြန်မာကစားသမား Wang Jia က ရမှတ် ၁၀ မှတ်ရအောင် စွမ်းဆောင်ပေးခဲ့သည်။**(မေသကြီန်၊ ခင်စုစုလှိုင်)**

(၂၃)ကြိမ်မြောက်အရှေ့တောင်အာရှအားကစားပြိုင်ပွဲ ဖွင့်ပွဲ/ပိတ်ပွဲအခမ်းအနားသို့ တက်ရောက်ကြည့်ရှုအားပေးကြမည့် ဧည့်သည်တော်များအတွက် စုရပ်နေရာများနှင့် ယာဉ်ထွက်ချိန်များသတ်မှတ်ကြေညာခြင်း

၁။ (၂၃)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ၁၁-၁၂-၂၀၁၃ ရက်နေ့တွင် လည်းကောင်း၊ ပိတ်ပွဲအခမ်းအနားကို ၂၂-၁၂-၂၀၁၃ ရက်နေ့တွင်လည်းကောင်း စည်ကားသိုက်မြိုက်စွာကျင်းပ မည်ဖြစ်ပါသည်။

၂။ အဆိုပါ အခမ်းအနားသို့ တက်ရောက်ကြရမည့် ဧည့်သည်တော်များ နေပြည်တော်ဝဏ္ဏာသိဒ္ဓိအားကစားကွင်း အတွင်း သတ်မှတ်ထိုင်ခုံနေရာများသို့ လုံခြုံလွယ်ကူလျင်မြန်ချောမွေ့စွာဖြင့် ကွင်းအတွင်းသတ်မှတ်နေရာများသို့ အချိန်မီရောက်ရှိနေရာယူနိုင်စေရေးနှင့် လမ်းတစ်လျှောက်ယာဉ်ကြောပိတ်ဆိုကျပ်တည်းမှုအခက်အခဲမဖြစ်ပေါ် စေရေးတို့အတွက် အောက်ဖော်ပြပါစုရပ်နေရာများမှ ပူးတွဲဖော်ပြပါအချိန်များအတိုင်း အထူးစုပေါင်းဘတ်စ်ကားကြီး များဖြင့် သယ်ယူပို့ဆောင်ပေးသွားရန် စီစဉ်ထားရှိပါသည်-

ရုပ်ပုံ	ဧည့်သည်တော်အမျိုးအစား	စုရပ်နေရာ	စာတင် ထွက်ခွာချိန်	နောက်ဆုံး ထွက်ခွာချိန်
အုပ်စု (၁)	VIP-3(ကမ္ဘာ/အာရှ/အာဆီယံ/NOC ဥက္ကဋ္ဌများ/ Technical Delegateများ၊ ဆေးပညာရှင်ဧည့်သည်တော်များ	သင်္ဘတိုတယ် Ball Room	၁၄း၀၀	၁၆း၃၀
	သံတမန်များနှင့်နိုင်ငံတကာအဖွဲ့အစည်းများ	သင်္ဘတိုတယ်	″	″
	နိုင်ငံတကာအဖွဲ့အစည်းများနှင့်သံရုံးဝန်ထမ်းများ	သင်္ဘတိုတယ်	″	″
	NOC ၏ ပြည်ပဧည့်သည်များ	သင်္ဘတိုတယ်	″	″
အုပ်စု (၂)	လွှတ်တော်ကိုယ်စားလှယ်များ	လွှတ်တော်	″	″
အုပ်စု (၃)	အနုပညာရှင်များ	ယဉ်ကျေးမှု အမှတ်(၇) တည်းခိုရေးခန်း	″	၁၆း၃၀
အုပ်စု (၄)	မီဒီယာများ	မဏ္ဍိရတနာ ကျောက်စိမ်းခန်းမ	၁၄း၀၀	၁၅း၃၀
အုပ်စု (၅)	NOC၊ MOC အဖွဲ့ချုပ်ဥက္ကဋ္ဌများ	MICC	″	″
	ပြည်တွင်း NGO များ	MICC	″	″
	နိုင်ငံရေးပါတီများ	MICC	″	″
	အမ်းဒေသမှလေ့လာရေးအဖွဲ့ဝင်များ	MICC	″	″
	NOC ၏ ပြည်တွင်းဧည့်သည်များ	MICC	″	″
အုပ်စု (၆)	ဝန်ကြီးဌာနများနှင့်လုပ်ငန်းဆက်နွယ်သောဧည့်သည်တော်များ	ဇမ္ဗူသီရိအထက(၁၀)	″	″
	Sponsor နှင့်လုပ်ငန်းရှင်များ	ဇမ္ဗူသီရိအထက(၉)	″	″
အုပ်စု (၇)	ပြည်တွင်းလက်မှတ်ရောင်း	နေပြည်တော်၊ သဇေကုန်း/ မောခမ်းနံအနီး	″	″
အုပ်စု (၈)	ပြည်ပလက်မှတ်ရောင်း	ဇမ္ဗူသီရိ အထက(၁၁)အနီး	″	″

မှတ်ချက်။ (၁) အခမ်းအနားပြီးဆုံးပါက မိမိယာဉ်ရပ်နေရာသို့ ပြန်လည်ထွက်ခွာပေးပါရန် လေးစားစွာပန်ကြား အပ်ပါသည်။

(၂) အုပ်စု (၇)စုရပ်မှ ပြည်တွင်းလက်မှတ်ဝယ်ယူထားသူများအတွက် နေပြည်တော်၊ သဇေကုန်း/ မောခမ်းနံ့အနီးမှ တစ်ဦးလျှင်မော်တော်ယာဉ်လက်မှတ်၁၀ ကျပ်ဖြင့်လည်းကောင်း၊ အုပ်စု(၈) စုရပ်မှ ပြည်ပလက်မှတ်ဝယ်ယူထားသူများအတွက် အထက(၁၁)အနီးမှ တစ်ဦးလျှင် မော်တော်ယာဉ်လက်မှတ်၁ ၂၀၀ ကျပ်ဖြင့်လည်းကောင်း၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီမှ မော်တော်ယာဉ်များ စီစဉ်ထားရှိမှုအားသိရှိနိုင်ပါရန် လေးစားစွာအသိပေးပန်ကြားအပ်ပါသည်။

၃။ သို့ဖြစ်ပါသဖြင့် ဧည့်သည်တော်ကြီးများအနေဖြင့် အထက်ဖော်ပြပါစုရပ်များမှ ဝဏ္ဏသိဒ္ဓိအားကစားပြိုင် ကွင်းသို့ သယ်ယူပို့ဆောင်ပေးမည့် အစီအစဉ်အားသိရှိနိုင်ပါရန် အသိပေးကြေညာအပ်ပါသည်။

ပြိုင်ပွဲကျင်းပရေးဦးစီးကော်မတီ

ဝုရှူးအားကစားဖြင့် နိုင်ငံတော်အတွက် ရွှေရောင်သမ်းခဲ့ပြန်ပြီ...

နေပြည်တော် ဒီဇင်ဘာ ၉

(၂၃)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစား ပြိုင်ပွဲ ဝုရှူ ပြိုင်ပွဲ တတိယနေ့ပွဲစဉ်များကို ဒီဇင်ဘာ ၉ ရက်တွင် ဒုတိယမြောက်နေ့အဖြစ် ဆက်လက်ကျင်းပခဲ့သည်။ နံနက် ၁၀ နာရီတွင် အမျိုးသမီးပွဲစဉ်အဖြစ် မလေးရှား အသင်းနှင့် ဖိလစ်ပိုင်အသင်းတို့ ယှဉ်ပြိုင် ကစားခဲ့ကြရာ ဖိလစ်ပိုင်အသင်းက မလေးရှားအသင်းကို ရမှတ် (၆-၁၉) ဖြင့် အနိုင်ရရှိခဲ့ရာ ဖိလစ်ပိုင်ကစားသမား Grajales Joan နှင့် BorJa Chovi တို့က ရမှတ် ခုနစ်မှတ်စီရအောင် စွမ်းဆောင်ခဲ့ကြသည်။ မွန်းတည့် ၁၂ နာရီတွင် အမျိုးသားဘတ်စကက်ဘောပွဲစဉ်အဖြစ် ကမ္ဘောဒီးယားအသင်းနှင့် မလေးရှားအသင်းတို့ ဆက်လက်ယှဉ်ပြိုင်ကစားခဲ့ကြရာ မလေးရှားအသင်းက ကမ္ဘောဒီးယားအသင်းကို ရမှတ်(၇၃-၅၈)ဖြင့် အနိုင်ရရှိခဲ့သည်။ မလေးရှားကစားသမား Loh Shee Fai က ရမှတ် ၁၆ မှတ်ထိရအောင် စွမ်းဆောင်ပေးခဲ့သည်။

မွန်းလွဲပိုင်းပွဲစဉ်များအဖြစ် အမျိုးသားဘတ်စကက် ဘောပွဲစဉ်ကို မွန်းလွဲ ၂ နာရီတွင် စင်ကာပူအသင်းနှင့် ဖိလစ်ပိုင်အသင်းတို့ ဆက်လက်ယှဉ်ပြိုင်ကစားကြသည်။ ဖိလစ်ပိုင်အသင်းက စင်ကာပူအသင်းကို ရမှတ်(၈၈-၇၅)ဖြင့် အနိုင်ရရှိခဲ့ရာ ဖိလစ်ပိုင်ကစားသမား Belo Rey Mark က ရမှတ် ၁၆ မှတ်ထိရအောင် စွမ်းဆောင်ခဲ့သည်။ ယင်းနောက် အမျိုးသားပွဲစဉ်အဖြစ် မြန်မာအသင်းနှင့် အင်ဒိုနီးရှားအသင်းတို့ ဆက်လက်ကစားခဲ့ရာ အင်ဒိုနီးရှားအသင်းက ရမှတ်(၈၃-၄၀)ဖြင့် အနိုင်ရရှိခဲ့သည်။ မြန်မာကစားသမား Wang Jia က ရမှတ် ၁၀ မှတ်ရအောင် စွမ်းဆောင်ပေးခဲ့သည်။**(မေသကြီန်၊ ခင်စုစုလှိုင်)**

အင်ဒိုနီးရှားအမျိုးသမီးအသင်း မလာရောက်နိုင်သဖြင့် ဆီးဂိမ်းအမျိုးသမီးဘောလုံးပွဲစဉ်များ ပြောင်းလဲ မြန်မာနှင့် အင်ဒိုနီးရှားပွဲစဉ်အတွက် ဝယ်ယူထားသောလက်မှတ်ခရေများ ပြန်လည်ထုတ်ပေးသွားမည်ဖြစ်

နေပြည်တော် ဒီဇင်ဘာ ၉

(၂၃)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ အမျိုးသမီး ဘောလုံးပြိုင်ပွဲ၏ အုပ်စု(က)တွင် ပါဝင်သော အင်ဒိုနီးရှားအမျိုးသမီး လက်ရွေးစင်အသင်းမှာ အကြောင်းကြောင်းကြောင့် လာရောက်ယှဉ်ပြိုင်နိုင်ခြင်း မရှိဟု တရားဝင်အကြောင်းကြားလာသောကြောင့် အုပ်စု(က)ပွဲစဉ် ပွဲအိုန်များ အပြောင်းအလဲပြုလုပ်ခဲ့ရသည်။

မူလက အုပ်စု(က)တွင် အိမ်ရှင်မြန်မာနှင့်အတူ ဗီယက်နမ်၊ ဖိလစ်ပိုင်၊ အင်ဒိုနီးရှားအသင်းများ ပါဝင်ရာ တစ်ရက်လျှင် နှစ်ပွဲနှန်းဖြင့် ဒီဇင်ဘာလ ၁၀၊ ၁၃၊ ၁၅ ရက်နေ့များတွင် ပထမပွဲအား ညနေ ၄ နာရီတွင်လည်းကောင်း၊ ဒုတိယပွဲအား ညနေ ၆ နာရီ ၅၅ မိနစ်တွင်လည်းကောင်း ကစားရန် ပွဲစဉ်ရေးဆွဲခဲ့ပြီးဖြစ်သည်။ သို့သော် ယခုအခါ အင်ဒိုနီးရှားအမျိုးသမီးလက်ရွေးစင်အသင်းမှာ အကြောင်းကြောင်းကြောင့် ယှဉ်ပြိုင်နိုင်ခြင်းမရှိပါသဖြင့် တစ်ရက်လျှင် တစ်ပွဲနှုန်းသာ ကစားရမည်ဖြစ်ပြီး ပွဲစဉ်တိုင်းအား ညနေ ၄ နာရီတွင် ကစားစေရန် အာရှဘောလုံးအဖွဲ့ချုပ်က ပြန်လည်ရေးဆွဲထုတ်ပြန်ခဲ့သည်။ ထို့ကြောင့် ဒီဇင်ဘာ ၁၀ ရက် ညနေ ၄ နာရီတွင် မြန်မာနှင့် ဖိလစ်ပိုင်၊ ၁၃ ရက် ညနေ ၄ နာရီတွင် ဖိလစ်ပိုင်နှင့် ဗီယက်နမ်၊ ၁၅ ရက် ညနေ ၄ နာရီတွင် ဗီယက်နမ်နှင့် မြန်မာတို့ ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။ မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်အနေဖြင့် မြန်မာနှင့် အင်ဒိုနီးရှားပွဲစဉ်လက်မှတ်ဝယ်ယူထား သော ပရိသတ်များအတွက် လက်မှတ်ခရေများအား ဒီဇင်ဘာ ၁၁ ရက် နံနက် ၉ နာရီမှ စတင်၍ မန္တလေးမြို့၊ မြန်မာဘောလုံးအကယ်ဒမီတွင် မြန်လည် ပေးအပ်သွားမည်ဖြစ်ပြီး အဆိုပါ လက်မှတ်ဖြင့်ပင် ဒီဇင်ဘာ ၁၃ ရက် ပွဲစဉ် ဖြစ်သည့် ဖိလစ်ပိုင်နှင့် ဗီယက်နမ်အသင်းတို့ပွဲစဉ်ကိုလည်း အခမဲ့ဝင်ရောက် ကြည့်ရှုခွင့်ပြုသွားမည်ဖြစ်သည်။

အင်ဒိုနီးရှားအမျိုးသမီးအသင်း မလာရောက်နိုင်သဖြင့် ပွဲစဉ်ပြောင်းလဲရ ခြင်းအတွက် စိတ်အနောင့်အယှက်ဖြစ်ခဲ့ရသော မြန်မာ့ဘောလုံးချစ်ပရိသတ် များအတွက် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်မှ အနေးအညှာတ်တောင်းပန်ပါကြောင်း ကြေညာချက်ထုတ်ပြန်ခဲ့သည်။ ပရိသတ်များအနေဖြင့် လက်မှတ်ဝယ်ယူရာတွင် ခက်ခက်ခဲခဲ အပင်ပန်းခံ ဝယ်ယူခဲ့ရသည်ကို သိရှိနားလည်ပါကြောင်း၊ မြန်မာ အသင်းကို အားပေးမည့်စိတ် တစ်ခုတည်းနှင့် နေပုခံ၊ အပင်ပန်းခံစေဝှီ့ဆိုင်း ဝယ်ယူနေရသည်ကို တွေ့မြင်နေရပါကြောင်း၊ မျိုးချစ်စိတ်အပြည့်ဖြင့် အားပေး ကြမည့် ပရိသတ်များအတွက် မြန်မာ့လက်

စစ်ကိုင်းတိုင်းဒေသကြီး ပုလဲမြို့နယ် ကျေးရွာများ လျှပ်စစ်မီးလင်းရေးဆောင်ရွက်

နေပြည်တော် ဒီဇင်ဘာ ၉

သမဝါယမဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်းသည် ဒီဇင်ဘာ ၄ ရက်တွင် ပုလဲမြို့နယ် နှောကန်ကျေးရွာ၊ စပါးစေ့ကျေးရွာ၊ မကျည်းကုန်းကျေးရွာမှ ပြည်သူများနှင့် တွေ့ဆုံ၍ ကိုယ့်အားကိုယ်ကိုး မီးလင်းရေးအတွက် ညှိနှိုင်းစီစဉ်ပေးသည်။

ထို့နောက် ပုလဲမြို့နယ် အိုင်းမကျေးရွာ ကိုယ့်အားကိုယ်ကိုးကျေးလက်မီးလင်းရေး ဓာတ်အားခွဲရုံကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးသည်။ အိုင်းမကျေးရွာအနေဖြင့် မီးလင်းရေးလုပ်ငန်းကို ပြည်ထောင်စုဝန်ကြီး၏ ပံ့ပိုးကူညီမှုများဖြင့် အိမ်ခြေ ၂၂၀ လျှပ်စစ်မီးသုံးစွဲနေပြီဖြစ်ပြီး သံတောင်ကျေးရွာနှင့် ဇိတ်ထောင့်ကျေးရွာတို့ လျှပ်စစ်မီး ရရှိအောင် ဆောင်ရွက်လျက်ရှိသည်။

ယင်းနောက် အိုင်းမကျေးရွာနှင့် အေးချမ်းသာကျေးရွာတို့၌ ပြည်သူများနှင့် တွေ့ဆုံ၍ ပြည်ထောင်စုဝန်ကြီးက မိမိတို့ သမဝါယမဝန်ကြီးဌာနအနေဖြင့် ပြည်သူများ လိုအပ်လျက်ရှိသည့် ငွေကြေးအရင်းအနှီးအတွက် ငွေစုငွေချေးလုပ်ငန်း (Microfinance) ဖြင့် ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ငွေစုငွေချေးလုပ်ငန်းတွင် အသင်းများမှ ငွေချေးယူစဉ် စုဆောင်းငွေထားရှိသည့်စနစ် ကျင့်သုံးလျက်ရှိကြောင်း၊ အဆိုပါ စုဆောင်းငွေပေါ်တွင်လည်း အတိုးပေးလျက်ရှိကြောင်း၊ ထိုသို့ ဆောင်ရွက်ခြင်းကြောင့် အသင်းနှင့် အသင်းသားများတွင် ရင်းနှီးငွေတိုးပွားလာမှာဖြစ်ကြောင်း၊ မိမိတို့ အသေးစား ငွေစုငွေချေးလုပ်ငန်းကြောင့် အသင်းသား ပြည်သူများ ပြင်ပမှ အတိုးကြီးကြီးချေးနေရခြင်းမှ လတ်တလော သက်သာစေရန်နှင့် နောင် ၄/၅ နှစ်ကြာပါက မိမိကိုယ်ပိုင်ငွေဖြင့် ရပ်တည်လာနိုင်စေမှာ ဖြစ်ကြောင်း၊ ထို့ကြောင့် အသင်းသားပြည်သူများ အနေဖြင့် လည်း ချေးငွေကို ထိထိရောက်ရောက် အသုံးချကြရန်နှင့် ပြန်လည်ပေးဆပ်ချိန်တွင်လည်း မှန်မှန်ကန်ကန်ဆပ်သွားကြရန် လိုကြောင်း၊ ထို့အပြင် ကျေးရွာ ကိုယ့်အားကိုယ်ကိုး မီးလင်းရေးလုပ်ငန်းများတွင်လည်း ငွေကြေး အရင်းအနှီး၊ နည်းပညာများ ပံ့ပိုးပေးလျက် ရှိကြောင်း၊ လျှပ်စစ်မီးလင်းမှုကို ပညာရေးတွင် ထူးချွန်စေရန်၊ အသိပညာဗဟုသုတ ရရှိစေရန်၊ စီးပွားရေးပိုင်းဖြစ်သော ဒေသထွက်ကုန် သီးနှံများကို တန်ဖိုးမြှင့်ထုတ်လုပ်ရန်တို့တွင် အကျိုးရှိရှိ တန်ဖိုးရှိရှိ အသုံးပြုကြရန်လိုကြောင်း မှာကြားသည်။

အဆိုပါ အခမ်းအနားများတွင် ပြည်ထောင်စုဝန်ကြီးက ကန်ဒေါ်ကျေးရွာ၊ သာစည်၊ ကြောင်ဝင်ဒူး၊ မဲဇရပ်၊ ကံရိုး၊ အောင်ချမ်းသာ၊ အေးချမ်းသာ၊ အိုင်းမကျေးရွာအုပ်စုတို့မှ ပြည်သူများအတွက် စာအုပ်စာစောင်များ၊ စိုက်ပျိုးရေးသုံး ဆေးများ၊ အိမ်သုံးပစ္စည်းများ၊ အဝတ်အထည်များ ပေးအပ်လှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်အား အီတလီနိုင်ငံ ဒုတိယနိုင်ငံခြားရေးဝန်ကြီးနှင့်အဖွဲ့ လာရောက်တွေ့ဆုံ

နေပြည်တော် ဒီဇင်ဘာ ၉

နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်အား အီတလီနိုင်ငံ ဒုတိယနိုင်ငံခြားရေးဝန်ကြီး မစ္စစ် မာတာ ဒါဆု ခေါင်းဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ယနေ့ နံနက် ၉ နာရီတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံ၍ နှစ်နိုင်ငံဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ရေးကိစ္စများကို အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြသည်။ ပြည်ထောင်စုဝန်ကြီးက အီတလီနိုင်ငံခြားရေး ဒုတိယဝန်ကြီးနှင့်အဖွဲ့အား အမရာဟိုတယ်၌ နေ့လယ်စာဖြင့် တည်ခင်းဧည့်ခံခဲ့သည်။

(သတင်းစဉ်)

ငွေဆောင်ရှိဟိုတယ်များ ဒုတိယဝန်ကြီး ကြည့်ရှုစစ်ဆေး

ရန်ကုန် ဒီဇင်ဘာ ၉

ဧရာဝတီတိုင်းဒေသကြီး ငွေဆောင် ကမ်းခြေတွင် (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ၏ ရွက်လှေပြိုင်ပွဲစတင်မည်ဖြစ်ရာ ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာ တင်ရွှေသည် ဟိုတယ်လုပ်ငန်းရှင်များနှင့် Aureum Palace ၌ ဒီဇင်ဘာ ၉ ရက် မွန်းလွဲ ၂ နာရီတွင် ငွေဆောင် ဟိုတယ်ဇုန်အတွင်းရှိ ဟိုတယ်လုပ်ငန်းရှင်များနှင့် တွေ့ဆုံ၍ အားကစားပြိုင်ပွဲဝင်များနှင့် အထူးဖိတ်ကြားထားသော ဧည့်သည်များ၊ ကြည့်ရှုအားပေးသူများ စိတ်ချမ်းသာစွာ တည်ခိုနေနိုင်ရေးနှင့် အစားအသောက်များ သန့်ရှင်းလတ်ဆတ်ရေးတို့အတွက် ဟိုတယ်လုပ်ငန်းရှင်များ အနေဖြင့် အထူးကြိုးကြပ်ဆောင်ရွက်ပေးစေလိုကြောင်း မှာကြားသွားကြောင်း သိရသည်။

ငွေဆောင်ဒေသ ရွက်လှေပြိုင်ပွဲ ဖွင့်ပွဲကို ယင်းကမ်းခြေတွင် ဒီဇင်ဘာ ၁၁ ရက် နံနက်ပိုင်းတွင် ဖွင့်လှစ်မည်ဖြစ်ကြောင်း သိရသည်။

(မောင်စေအောင်)

❍ မြန်မာဘောလုံးအသင်းမှ အင်ဒိုနီးရှား - တစ်ဂိုး ကမ္ဘောဒီးယား - ဂိုးမရှိ

ပွဲအစ ခုနစ်မိနစ်အတွင်း အင်ဒိုနီးရှားအသင်း ထောင့်ကန်ဘောသုံးကြေမ်ရရှိအောင် ထိုးဖောက်ကစားသော်လည်း အပြီးသတ်ဂိုးသွင်းယူမှုတွင်မူ အသင်းကြီးတစ်သင်း အဆင့်ကို မရရှိသေးပေ။ နံပါတ်(၂၁) တိုက်စစ်မှူး Andik ကန်ချက်ကို ထိသွားသည်မှအပ ဂိုးရရှိရေးအတွက် မနီးစပ်ခဲ့ချေ။ ကမ္ဘောဒီးယားအသင်းက ယနေ့ပွဲတွင်လည်း တန်ပြန်တိုက်စစ်ကိုသာ အဓိက ဦးစားပေးကစားသွား၍ ပွဲမှာသက်ဝင်မှုကင်းမဲ့ပြီး ပထမပိုင်းတွင် ဂိုးမရှိသရေဖြစ်နေသည်။

ဒုတိယပိုင်းတွင် အင်ဒိုနီးရှားအသင်းဂိုးရရှိရေးအတွက် ပိုမိုကြိုးပမ်းရှုန်းကန်နေရာမှ ဒုတိယပိုင်းပွဲအစ ခုနစ်မိနစ်တွင် တိုက်စစ်မှူး နံပါတ်(၉) Yandi က ပင်နယ်တီ (၁၈)ကိုက်စည်းအပြင် ခပ်လှမ်းလှမ်းမှကန်ချက်ပြင်းပြင်းဖြင့် သွင်းယူ၍ပွဲအပြီးတွင်တစ်ဂိုး-ဂိုးမရှိဖြင့်သာ ဒွေဆော်ဦးသုံးမှတ်ကို ရယူနိုင်ခဲ့ခြင်းဖြစ်သည်။

ကမ္ဘောဒီးယားအသင်းမှာ ယနေ့ပွဲစဉ်တွင် အထူးကြိုးစားကစားခဲ့သော်လည်း ပွဲရလဒ်ကိုပြောင်းလဲနိုင်စွမ်းမရှိ၍ နှစ်ပွဲရှုံး ရမှတ်သုညဖြင့် ဆီးဂိမ်းဘောလုံးပြိုင်ပွဲကို နှုတ်ဆက်လုနီးနီးသွားဖြစ်ရသည်။

ဒုတိယပွဲစဉ်အဖြစ် အိမ်ရှင်မြန်မာနှင့် တီမောတို့ပွဲစဉ်ကို ညနေ ၆ နာရီ ၄၅ မိနစ်တွင် ဆက်လက်ကျင်းပရာ မြန်မာပရိသတ်များ ကွင်းအတွင်းသို့ တဖွဲဖွဲ ဝင်ရောက်ကြည့်ရှုကြပြီး တစ်ခဏက် သံပြိုင်အားပေးမှုများကြောင့် ပွဲမစတင်မီမှာပင် ပွဲမှာ ပြန်လည် သက်ဝင်လာသည်။

မြန်မာ - သုံးဂိုး
တီမော - တစ်ဂိုး

ဒုတိယနေ့ပွဲစဉ်တွင် မြန်မာအသင်းက ဂိုး-ပြည့်ဖြိုးအောင်၊ နောက်တန်းတွင် အောင်ဇော်နှင့် စည်သူအောင်၊ အလယ်တန်းတွင် အသင်းခေါင်းဆောင် ကျော်ဇေယျာဝင်း၊ ဒေးဗစ်ဒန်း၊ နေလင်းထွန်း၊ ဇော်မင်းထွန်း၊ နိုင်လင်ဦးနှင့် ကြည်လင်း၊ ရှေ့တန်း တိုက်စစ်မှူးများအဖြစ် ကျော်ကိုကိုနှင့် သက်နိုင်တို့ဖြင့် ပွဲထွက်လာရာ ပထမပွဲဦးထွက်ပွဲစဉ်တွင် ပါဝင်သည့် ရန်အောင်ဝင်းနှင့် ကျော်မင်းဦးတို့အစား နေလင်းထွန်းနှင့် သက်နိုင်တို့သာ ပြောင်းလဲမှုရှိသည်။

ယနေ့ပွဲစဉ်တွင် တီမောအသင်းမှာ ပထမနေ့ပွဲစဉ်ထက် ပိုမိုကောင်းမွန်စွာ ကစားနိုင်ခဲ့၍ မထင်မှတ်ဘဲ အကြိတ်အနယ်ရှိလှသည်။ နှစ်သင်းစလုံး အပြန်အလှန်ထိုးဖောက်ကစားသွားနိုင်သည်။

ပထမပိုင်း ၁၂ မိနစ်တွင် အသင်းခေါင်းဆောင် ကျော်ဇေယျာဝင်းက ဂိုးဧရိယာ ၁၈ ကိုက်စည်း အပြင် ခပ်လှမ်းလှမ်းမှ ရရှိသော အလွတ်တည်ကန်ဘောမှတစ်ဆင့် လှလှပပ ကန်သွင်း၍ မြန်မာအသင်း ဒွေဆော်ဦးအဖွင့်ဂိုး ရရှိသွားသည်။

သို့သော် တီမောအသင်း၏ခြေစွမ်းသည် ပွဲဦးထွက်ကစားသွားခဲ့သော ခြေစွမ်းမဟုတ်တော့။ အိမ်ရှင်အသင်းကို သူတင်ကိုယ်တင် ကစားသွားနိုင်ရုံမက ဖိအားများကိုလည်း ပေးသွားနိုင်သည်။ ၁၄ မိနစ်တွင် နံပါတ်(၈) Filipe Bertoldo ၏ ကွင်းလယ်သာသာမှ ကန်သွင်းယူသော အလွတ်တည်ကန်ဘောကို မြန်မာ ဂိုးသမား ပြည့်ဖြိုးအောင် ဂိုးစည်းပေါ်မှ ကာကွယ်ယူလိုက်ရသည်။

မြန်မာအသင်းသည် ယနေ့ပွဲတွင် တီမောအသင်းကို အမြန်နှုန်းချင်းယှဉ်ကစားခဲ့၍ ပြိုင်ဘက်ကို အခွင့်အရေးပေးလိုက်သကဲ့သို့ ဖြစ်သွားရသည်။ ကွင်းလယ်ကစားသမားများ စွာဖြင့် စုဖွဲ့ထားသော မြန်မာအလယ်တန်းသည် တီမောအသင်း၏ Tempo ကို လျော့ပါးသွားစေရန် ကစားကွက်ဖြင့် ထိန်းမထားနိုင်ခဲ့။ ပထမပိုင်းတွင် ရရှိသည့် သေချာပေါက် ဂိုးသွင်းခွင့်များလည်း ဆုံးရှုံးခဲ့ပြန်သည်။

ထို့ကြောင့် ပထမပိုင်း ၃၆ မိနစ်တွင် မြန်မာနောက်တန်း ညာခြမ်းမှ ဂိုးရှေ့သို့ ပိရိသေသပ်စွာပေးပို့လိုက်သည့် ဘောလုံးကို နံပါတ်(၁၈) J.P.P Neto က ဂိုးသမားနှင့် အနီးကပ်နှစ်ဆင့်ပိတ်သွင်းယူ၍ တီမောအသင်း ချေပဂိုးပြန်ရသွားပြီး ပထမပိုင်းတွင် တစ်ဂိုးစီသရေဖြစ်နေသည်။

မြန်မာအသင်းသည် နိုင်လင်ဦး အစား ရဲလင်းအောင်၊ ဒေးဗစ်ဒန်း အစား သိန်းသန်းဝင်းတို့ကို လူလဲကစား၍ တိုက်စစ်ကို ပြန်မြှင့်တင်သည်။ ဒုတိယပိုင်း ၂၅ မိနစ်တွင် ကြည်လင်း ဂိုးစည်းအတွင်း တစ်ကိုယ်တော်ထိုးဖောက်လာစဉ် တီမော နောက်တန်းလူတစ်ဦး ဂိုးစည်းအတွင်း ဥပဒေပဖျက်ထုတ်၍ မြန်မာအသင်း ပင်နယ်တီကန်ခွင့် ရရှိသွားသည်။ အဆိုပါ ပင်နယ်တီကို မြန်မာတိုက်စစ်မှူး ကျော်ကိုကို ပိရိသေသပ်စွာ ကန်သွင်းယူ၍ မြန်မာအသင်း ဒုတိယဂိုးရရှိသွားသည်။

ဆက်လက်၍ မြန်မာအသင်းအတွက် နိုင်ပွဲကို သေချာစေမည့် တတိယဂိုးကို ကြည်လင်းက ဒုတိယပိုင်း ၃၂ မိနစ်တွင် ဂိုးရှေ့ညာခြမ်းမှ လှလှပပထောင့်ဖြတ် ကန်သွင်းယူ၍ မြန်မာအသင်းက သုံးဂိုး-တစ်ဂိုးဖြင့် နိုင်ပွဲဆက်သွားသည်။

ယနေ့ မြန်မာအသင်းပွဲစဉ်တွင် မြန်မာဘောလုံးပရိသတ် ၁၉၀၀၀ ကျော် လာရောက်အားပေးခဲ့ကြသည်။

ဒီဇင်ဘာ ၁၂ ရက်တွင် အင်ဒိုနီးရှားနှင့် ထိုင်း၊ ကမ္ဘောဒီးယားနှင့် တီမော အသင်းတို့ ဆက်လက်ယှဉ်ပြိုင် ကစားသွားကြမည်ဖြစ်ကြောင်း သိရသည်။







ရောင်း/ငှား

(၅၀၁၈၀၇၆၊ ၃၁၅၄၃၃)

အောင်သိန္ဓိလမ်းမ(မရမ်းကုန်း)၊ ပေ(၂၀×၅၀) တိုက်သစ် မြေညီ ၁၄၀၀၊ ပထပ်-၇၅၀၊ တထပ်-၅၅၀အင်းစိန်ပန်းခြံအနီး လမ်းမပေါ် ပေ(၁၁၀×၆၀) 1RC၊ မြေပိုကျယ် သိန်း(၃၀) ဈေးပွင့်

ရောဘာခြံရောင်းရန်ရှိ

သိမ်ဇရပ်မြို့၊ ဓမ္မဒူတဘုန်းကြီးကျောင်းအနီးရှိ ရော်ဘာခြံ(၂၀)ဧက၊ မျိုးသန့် ၄၅၀၀ ပင်၊ (၃)နှစ်သား ရောင်းရန်ရှိသည်။

ဆက်သွယ်ရန်ဖုန်း-၀၁-၃စ၉၉၉၇

အထက(၁)ဗိုလ်တထောင် ကျောင်းသား၊ ကျောင်းသူဟောင်းများ၏ သတ္တမအကြိမ်မြောက် မြတ်ဆရာပူဇော်ပွဲကျင်းပမည်

အထက(၁)ဗိုလ်တထောင် ကျောင်းသား၊ ကျောင်းသူဟောင်းများ၏ သတ္တမအကြိမ်မြောက် မြတ်ဆရာပူဇော်ပွဲကို ၂၀၁၃ခုနှစ်၊ ဒီဇင်ဘာလ ၁၄ရက်(စနေနေ့)တွင် အထက(၁) ဗိုလ်တထောင်၊ သင်ခန်းမ၌ ကျင်းပမည်။ အထက(၁)ဗိုလ်တထောင်တွင် အနည်းဆုံး လုပ်သက်(၂)နှစ်ရှိပြီး ၂၀၁၃ခုနှစ် ဒီဇင်ဘာလတွင် အသက်(၆၀)ပြည့်ပြီးသော အငြိမ်းစား ဆရာ၊ ဆရာမကြီးများအားလုံးကို ငယ်တပည့်များမှ ပူဇော်ကန်တော့လိုပါ၍ ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ ပူဇော်ကန်တော့ခဲ့ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

အလှူငွေထည့်ဝင်လိုသူများ အောက်ဖော်ပြပါ ပုဂ္ဂိုလ်များသို့ ထည့်ဝင်လှူဒါန်းနိုင်ပါသည်။

ကျောင်းအုပ်ကြီး — **ဒေါ်ခွဲ့ခွဲ့သောင်း**
ဖုန်း-၀၁-၂၉၁၂၂ — **ဖုန်း-၀၉-၄၅၁၀၀၂စ၃၀**
ဒေါ်သဇင်ထွန်း — **ဦးဌေးဝင်းအောင်**
ဖုန်း-၀၉-၅၀၂၆၆၇၃ — **ဖုန်း-၀၁-၂၀၁၆စ၈**

ထိုင်းဝန်ကြီးချုပ်က ပါလီမန်ကို ဖျက်သိမ်းပြီ

ဗန်ကောက် ဒီဇင်ဘာ ၉

ထိုင်းဝန်ကြီးချုပ် ရင်လတ်ရှင်နာဝါထရာသည် တနလ်ာနေ့တွင် ပါလီမန်ကိုဖျက်သိမ်းလိုက်ပြီး ရွေးကောက်ပွဲအသစ်ကျင်းပရန် ခေါ်ယူလိုက်ပြီဖြစ်သည်။

သို့သော်လည်း ၎င်း၏ဆောင်ရွက်ချက်သည် အစိုးရအား ဆန့်ကျင်ဆန္ဒပြနေသူများကို အနည်းမျှသာ ကျေနပ်နှစ်သိမ့်မှုပေးနိုင်သည့်အတွက် ဆန္ဒပြသူများသည် လမ်းများပေါ်၌ ထောင်ပေါင်းများစွာ ရှိနေဆဲဖြစ်သည်။

ဆန္ဒပြသူဦးရေ ၁၀၀၀၀၀ မှ ၁၅၀၀၀၀ ခန့်သည် ဗန်ကောက်မြို့တွင် စုဝေးခဲ့ကြပြီး အစိုးရအိမ်တော်ဟုသိကြသော ဝန်ကြီးချုပ်၏ရုံးကို တနလ်ာနေ့တွင် ဝင်ရောက်ရန် ၎င်းတို့ရည်ရွယ်သည်ဟု ခေါင်းဆောင်များက ပြောကြားသည်။

ဖေဖော်ဝါရီ ၂ ရက်ခန့်တွင် ရွေးကောက်ပွဲအသစ်ကျင်းပမည်ဖြစ်သော်လည်း ဝန်ကြီးချုပ် ရင်လတ်ရှင်နာဝါထရာကို ယှဉ်ပြိုင်ရန်အတွက် ၎င်း၏ပါတီကရွေးချယ်ခြင်းပြုဖွယ်ရာမရှိကြောင်း အစိုးရပြောရေးဆိုခွင့်ရှိသူက စီအင်န်အင်နယ်သို့ ပြောကြားသည်။

ထိုင်းနိုင်ငံ၏ အဓိကအတိုက်အခံပါတီဖြစ်သော ဒီမိုကရက်ပါတီက ၎င်း၏လွှတ်တော်အမတ် ၁၅၀ သည် ပါလီမန်မှနုတ်ထွက်ကြမည်ဟု ကြေညာပြီးသည့် နောက်တစ်ရက် တနလ်ာနေ့တွင် ရင်လတ်က ပါလီမန်ကိုဖျက်သိမ်းခဲ့ခြင်းဖြစ်သည်။

ထိုင်းနိုင်ငံနှင့် ထိုင်းပြည်သူများကို ဆုံးရှုံးမှုများ ပိုမိုမခံစားစေလိုကြောင်း ရင်လတ်က နိုင်ငံသို့ရှုပ်မြင်သံကြားမှ မိန့်ခွန်းပြောရာတွင် ထည့်သွင်းပြောကြားခဲ့သည်။

ဘီဘီစီ။

ထိုင်းအစိုးရ၏ ဥပဒေပြုမှု တစ်ရပ်အပေါ် ဆန့်ကျင်ဆန္ဒပြ မှုများ ဗန်ကောက်မြို့တော်၌ ဖြစ်ပေါ်လျက် ရှိစဉ်။

မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအန်၏ ဦးရီးတော်အား ရာထူးများမှဖယ်ရှားမှု အတည်ပြု

မြန်ယမ်း ဒီဇင်ဘာ ၉

တစ်ချိန်သောအခါက မြောက်ကိုရီးယားနိုင်ငံတွင် တန်ခိုးအာဏာ အကြီးဆုံးပုဂ္ဂိုလ်အဖြစ် ထင်ရှားခဲ့သည့် လက်ရှိနိုင်ငံ့ခေါင်းဆောင် ကင်ဂျုံအန်၏ ဦးရီးတော်စပ်သူအား ၎င်းထမ်းဆောင်ခဲ့သော ရာထူးတာဝန်များမှ ဖယ်ရှားခဲ့သည့်အစည်းအဝေးတစ်ရပ်အား မြောက်ကိုရီးယားနိုင်ငံ ပိုင်ရှပ်မြင်သံကြားမှ ထုတ်လွှင့်ပြသ အတည်ပြုပေးခဲ့သည်။

ပဋ္ဌလက်ဆန်လှသည့် ယင်းပြကွက်များတွင် ချန်ဆောင်ဘရက်သည် အရပ်ဝတ်အရပ်စား ဝတ်ဆင်ထားသည့် လုံခြုံရေးအစောင့်အကြပ်များဖြင့် ဝန်းရံခံထားရသည်ကို ထုတ်လွှင့်ခဲ့သည်။ မြောက်ကိုရီးယားအစိုးရက ချုပ်ကိုင်ထားသည့် ကေစီအန်အေသတင်းဌာန၏ထုတ်လွှင့်မှုတွင် မစ္စတာချန်သည် နိုင်ငံတော်အစိုးရ ဆန့်ကျင်ရေးလုပ်ငန်းများ လုပ်ဆောင်ခဲ့ပြီး အကျင့်ပျက်ခြစားမှုများ အပါအဝင် ကိုယ်ကျင့်တရားပျက်ပြားမှု အထူးသဖြင့် မူးယစ်ဆေးဝါးနှင့် အကျိုးစီးပွားများနှင့် ပတ်သက်သည့်ကိစ္စများနှင့် ပါဝင်ပတ်သက်ခဲ့သည်ဟု ဆိုသည်။

အကြီးမားဆုံးဖြစ်ရပ်

ယင်းဖြစ်ရပ်သည် မြောက်ကိုရီးယားနိုင်ငံ၏ အဆင့်မြင့်ဆုံးသော ရာထူးအလွှာအတွင်း ကြီးမားသောပြုပြင်ပြောင်းလဲမှုဖြစ်ပြီး ယခင်မြောက်ကိုရီးယားနိုင်ငံ့ခေါင်းဆောင် ကင်ဂျုံအီလ်ကွယ်လွန်ချိန်မှ လက်ရှိခေါင်းဆောင်ကင်ဂျုံအန် ရာထူးတာဝန်ဆက်ခံခဲ့ချိန် နှစ်နှစ်တာကာလအတွင်း အကြီးမားဆုံးသောဖြစ်ရပ်ဟု ဆိုသည်။

ထုတ်ပြန်

မြောက်ကိုရီးယားနိုင်ငံ၏ လက်ရှိခေါင်းဆောင် ကင်ဂျုံအန်၏ ဦးရီးတော်စပ်သူအား နိုင်ငံရေးအရ အရေးပါသော ရာထူးတာဝန်များမှ ဖယ်ရှားရန်ဆုံးဖြတ်ချက်ကို မြောက်ကိုရီးယားနိုင်ငံ၏ သြဇာအာဏာကြီးမားသော ကိုရီးယားအလုပ်သမားပါတီ၏ နိုင်ငံရေးဦးဆောင်အဖွဲ့ အစည်းအဝေးကျင်းပအပြီး၌ ထုတ်ပြန်ခဲ့ခြင်းဖြစ်သည်။

ဘီဘီစီ။

မြောက်ကိုရီးယားနိုင်ငံ အာဏာပိုင်အဖွဲ့အစည်းရာထူးများမှ ဖယ်ရှားခြင်းခံရသူ ကင်ဂျုံအန်၏ ဦးရီးတော် (ဝဲဘက်ဒုတိယလူ)။

အပစ်အခတ်ရပ်စဲကြောင်း ကိုလံဘီယာသူပုန်များ ကြေညာ

ဘိုဂိုတာ ဒီဇင်ဘာ ၉

ကိုလံဘီယာနိုင်ငံ၏ အကြီးဆုံး သူပုန်အုပ်စုဖြစ်သည့် အက်ဖ်အေအာစီအဖွဲ့က ဒီဇင်ဘာ ၁၅ ရက်မှစ၍ ရက် ၃၀ အပစ်အခတ်ရပ်စဲကြောင်း ကြေညာခဲ့သည်ဟု တနင်္ဂနေနေ့ ဘီဘီစီသတင်းတွင် ဖော်ပြသည်။

ရဲတပ်ဖွဲ့စခန်းတစ်ခုကို အက်ဖ်အေအာစီက ကားဗုံးခွဲတိုက်ခိုက်သဖြင့် လူကိုးဦးသေဆုံးသွားပြီး နောက် နောက်တစ်ရက်တွင် ကြေညာချက် ထုတ်ပြန်ခဲ့ခြင်းဖြစ်သည်။

လွန်ခဲ့သည့်နှစ်၌ သူပုန်တို့သည် အစိုးရနှင့် ငြိမ်းချမ်းရေးဆွေးနွေးပွဲများ ကျင်းပသောအခါ ၎င်းတို့က ယာယီအပစ်အခတ်ရပ်စဲကြောင်း ကြေညာခဲ့သည်။ သို့သော် နှစ်လအကြာ တိုက်ပွဲများပြန်လည်ဖြစ်ပွားလာခဲ့သည်။

အပြီးသတ် ငြိမ်းချမ်းရေးစာချုပ်ကို လက်မှတ်ရေးထိုးခြင်းမပြုမီအထိ ကိုလံဘီယာအစိုးရက အပစ်အခတ်ရပ်စဲရန်ငြင်းဆိုခဲ့သည်။

တနင်္ဂနေနေ့ အက်ဖ်အေအာစီ၏ကြေညာချက်တွင် အစိုးရက အပစ်အခတ်ရပ်စဲရန် ဆန္ဒမရှိခြင်းကို သူပုန်တို့က ဝေဖန်ခဲ့သည်။ ကော့ကာပြည်နယ်အနောက်တောင်ပိုင်း အင်ဇာမြို့ ရဲစခန်းအပြင်ဘက်တွင် စနေနေ့၌ သူပုန်များက ကားဗုံးခွဲတိုက်ခိုက်သဖြင့် စစ်သားငါးဦး၊ ရဲအရာရှိတစ်ဦးနှင့် အရပ်သားသုံးဦးသေဆုံးခဲ့သည်။

ဘီဘီစီ။

UNIQUE STAR TRAVELS & TOURS



စဉ့်ကိုင်မြို့နယ် သစ်ခေါက်ကျေးရွာအုပ်စု ရွာငါးရွာ လျှပ်စစ်မီးလင်းပြီ

စဉ့်ကိုင် ဒီဇင်ဘာ ၉

စဉ့်ကိုင်မြို့နယ် သစ်ခေါက်ကျေးရွာအုပ်စုတွင် သစ်ခေါက်ကျေးရွာ၊ ဖလံဗိုလ်ကျေးရွာ၊ ချောင်းဆုံကျေးရွာ၊ သာစည်ကျေးရွာ၊ စွယ်စုံကျေးရွာ၊ ဆည်ကတော်ကျေးရွာဟူ၍ ကျေးရွာခြောက်ရွာရှိသည့်အနက် ဆည်ကတော်ကျေးရွာမှ အပ ကျန်ကျေးရွာငါးရွာတို့တွင် နိုဝင်ဘာ ၁၆ ရက်မှစ၍ ကိုယ်ထူကိုယ်ထ လျှပ်စစ်မီးလင်းပြီဖြစ်ကြောင်း သိရသည်။

ထိုသို့ လျှပ်စစ်မီးလင်းရေးအတွက် စဉ့်ကိုင်မြို့ရှိ မဟာဓာတ်အားလိုင်းစနစ်မှ မိန်းကြိုးကြီးများသွယ်တန်းမှုကုန်ကျစရိတ်ကို စဉ့်ကိုင်မြို့နယ် ကသဲကုန်းရွာ မေတ္တာစွမ်းရည်ရှေသိမ်တော်တောရရိပ်သာဆရာတော်က လျှုဒါန်းပြီး ထရန်စဖော်မာနှင့် ကျေးရွာအသီးသီးရှိ နေအိမ်များအရောက် မီးလင်းရေးတွင် သွယ်တန်းမှုကုန်ကျစရိတ်အတွက် တစ်အိမ်ထောင်လျှင် ငွေကျပ် သုံးသိန်းထည့်ဝင်ရသည်။ ရိုးရိုးမီတာတပ်ဆင်လျှင် ငွေကျပ် ခြောက်သောင်းခွဲနှုန်း၊ ဒစ်ဂျစ်တယ်မီတာတပ်ဆင်လျှင် ငွေကျပ် ကိုးသောင်းနှုန်းပေးသွင်းရသည်။ တပ်ဆင်မှုကျွမ်းကျင်လုပ်သားများ၊ ဌားရမ်းအသုံးပြုခအတွက် မီတာတစ်လုံးလျှင် သွယ်တန်းတပ်ဆင်ခ ငွေကျပ်နှစ်သောင်းခွဲနှုန်းပေးသွင်းရကြောင်း သိရသည်။

"ကျွန်တော်တို့ အခုလောလောဆယ်မှာ ရွာတွင်းလမ်းမီးတွေကို နိုဝင်ဘာ ၁၆ ရက် ညကစပြီး တန်ဆောင်မုန်းလပြည့်အမီ မီးလင်းနိုင်ခဲ့ပါတယ်။ မူလအစီအစဉ်က တန်ဆောင်မုန်းလပြည့်နေ့အမီ ကျေးရွာငါးရွာစလုံး နေအိမ်များပါ မီးလင်းပေးနိုင်ဖို့ မျှော်မှန်းခဲ့ပေမယ့် ပစ္စည်းရရှိမှုနဲ့ အခြားညှိနှိုင်းမှုအခက်အခဲတွေကြောင့် လမ်းမီးတွေပဲ ပေးနိုင်ခဲ့ပါတယ်။ အခုလည်း ကျွန်တော်တို့ လူအင်အားသုံးပြီး မီးကြိုးသွယ်တန်းမှုများ လုပ်ဆောင်နေပါတယ်။ သစ်ခေါက်ကျေးရွာအုပ်စုအတွင်းမှာ အကြီးဆုံးရွာကြီးဖြစ်တဲ့ ဖလံဗိုလ်ရွာကြီးမှာ ၃၅၀ KVA ထရန်စဖော်မာတစ်လုံးနဲ့၊ စွယ်စုံလမ်းဆုံမှာ ၂၀၀ KVA ထရန်စဖော်မာတစ်လုံး ထိုင်ပြီး မီးပေးမှာဖြစ်ပါတယ်။ ကျေးရွာငါးရွာမှာ စုစုပေါင်း မီတာ ၁၃၃ လုံးတပ်ဆင်ပေးရမှာဖြစ်ပါတယ်။ ကျေးရွာအားလုံးတစ်ပြိုင်နက်မီးလင်းရေးကို ၂၀၁၄ ခုနှစ် ဇန်နဝါရီ ၁၅ ရက် သတ်မှတ်ထားပါတယ်" ဟု တပ်ဆင်ရေးအဖွဲ့မှ တာဝန်ရှိသူတစ်ဦးက ပြောပြသည်။

"မီးလင်းရေးအတွက် ဦးနန်းဝင်း၊ ဦးသိန်းဦး၊ HG-ဟာကင်၊ ဦးခင်မောင်တင့်၊ ဦးဝင်းတင့်၊ ဦးကျော်မြင့်၊ ဦးဝင်းနိုင်ဦးတို့ ပါဝင်တဲ့ ခုနစ်ဦးကော်မတီက ဦးဆောင်တာပါ။ လောလောဆယ်လိုအပ်တာတွေကို ကော်မတီကပဲ စိုက်ထုတ်သုံးစွဲထားတယ်လို့ သိရပါတယ်။ ကျွန်တော်တို့ မီတာတပ်ဆင်မယ့် အိမ်တွေက လောလောဆယ်ပထမအရစ်အနေနဲ့ ငွေကျပ် သုံးသိန်းစီ ပေးသွင်းရပါတယ်။ အားလုံး

ကျေကျေနပ်နပ်ပါပဲ။ ကျွန်ငွေကို မီတာလာရောက်တပ်ဆင်ပြီးတဲ့နေ့မှာ ပေးသွင်းရမှာဖြစ်ပါတယ်လို့သိရပါတယ်။ ကျွန်တော်တို့ကတော့ ရွာထဲလမ်းကကွန်ကရစ်ဓာတ်တိုင်ကြီးတွေ မီးလင်းနေတဲ့နေ့ကတည်းက အတိုင်းမသိဝမ်းသာနေကြတာပါ" ဟု ဖလံဗိုလ်ရွာမှ ဦးခင်မောင်ဌေးက ပြောသည်။

အောင်မင်း(စဉ့်ကိုင်)

ချမ်းမြသာစည်လေဆိပ်အခြေပြု စင်းလုံးဌားလေယာဉ်ခရီးစဉ်များ

ပို့ဆောင်ရေးဝန်ကြီးဌာန မြန်မာ့လေကြောင်းမှ Caravan 208B လေယာဉ်ဖြင့် မန္တလေးချမ်းမြသာစည်လေဆိပ်ကိုအခြေပြု၍ ဒီဇင်ဘာ ၁၂ ရက်မှစတင်၍ အောက်ဖော်ပြပါခရီးစဉ်များကို နေ့စဉ်စတင်ပျံသန်းမည်ဖြစ်ကြောင်းနှင့် မကွေး၊ ကျောက်ထု၊ နမ့်စန်မြို့များကိုပါ ခရီးစဉ်များကို ဆက်လက်ပျံသန်းသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်-

စဉ်	နေ့	ခရီးစဉ်
၁။	တနင်္ဂနွေနေ့	(၁) မန္တလေးချမ်းမြသာစည်-ညောင်ဦး-မန္တလေးချမ်းမြသာစည်
		(၂) Sight Seeing (မန္တလေး/ညောင်ဦး ပတ်ဝန်းကျင်)
		(၃) Enjoy Flight (မန္တလေးပတ်ဝန်းကျင်)
၂။	တနလာနေ့	(၁) မန္တလေးချမ်းမြသာစည်-နေပြည်တော်-မန္တလေးချမ်းမြသာစည်
		(၂) မန္တလေးချမ်းမြသာစည်-ဗန်းမော်-မန္တလေးချမ်းမြသာစည်
		(၃) မန္တလေးချမ်းမြသာစည်-ကလေး-မန္တလေးချမ်းမြသာစည်
၃။	အင်္ဂါနေ့	(၁) မန္တလေးချမ်းမြသာစည်-လားရှိုး-မန္တလေးချမ်းမြသာစည်
		(၂) မန္တလေးချမ်းမြသာစည်-လွိုင်ကော်-မန္တလေးချမ်းမြသာစည်
၄။	ဗုဒ္ဓဟူးနေ့	(၁) မန္တလေးချမ်းမြသာစည်-ကလေး-မန္တလေးချမ်းမြသာစည်
		(၂) မန္တလေးချမ်းမြသာစည်-လွိုင်ကော်-မန္တလေးချမ်းမြသာစည်
		(၃) မန္တလေးချမ်းမြသာစည်-ဟဲဟိုး-မန္တလေးချမ်းမြသာစည်
၅။	ကြာသပတေးနေ့	(၁) မန္တလေးချမ်းမြသာစည်-လွိုင်ကော်-မန္တလေးချမ်းမြသာစည်
		(၂) မန္တလေးချမ်းမြသာစည်-ဟဲဟိုး-မန္တလေးချမ်းမြသာစည်
၆။	သောကြာနေ့	(၁) မန္တလေးချမ်းမြသာစည်-နေပြည်တော်-မန္တလေးချမ်းမြသာစည်
		(၂) မန္တလေးချမ်းမြသာစည်-ညောင်ဦး-မန္တလေးချမ်းမြသာစည်
		(၃) မန္တလေးချမ်းမြသာစည်-ဟဲဟိုး-မန္တလေးချမ်းမြသာစည်
၇။	စနေနေ့	(၁) မန္တလေးချမ်းမြသာစည်-ဗန်းမော်-မန္တလေးချမ်းမြသာစည်
		(၂) Sight Seeing (မန္တလေး/ညောင်ဦး ပတ်ဝန်းကျင်)
		(၃) Enjoy Flight (မန္တလေးပတ်ဝန်းကျင်)

ဓာတ်တိုင်အဟောင်းတို့နေရာတွင် အသစ်တို့ဖြင့် အစားထိုးလဲလှယ်စိုက်ထူ

ဒလ ဒီဇင်ဘာ ၉

ရန်ကုန်မြို့တော်လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့ ဒလမြို့နယ်လျှပ်စစ်အုပ်ချုပ်ရေးမှူး၏ စီမံမှုဖြင့် မြို့နယ်အင်ဂျင်နီယာများကြီးကြပ်၍ လျှပ်စစ်ကျွမ်းကျင်လုပ်သားအဖွဲ့သည် မြို့ပြဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြည်သူများလျှပ်စစ်အန္တရာယ်ကင်းဝေးစေရေးအတွက် ဟောင်းနွမ်းနေသောဓာတ်ကြိုးနှင့် ဓာတ်တိုင်များကို စံမီဓာတ်အားလိုင်းကြိုးအသစ်နှင့် ကွန်ကရစ်ဓာတ်တိုင်အသစ်တို့ဖြင့် အစားထိုးလဲလှယ်တပ်ဆင်စိုက်ထူခြင်းလုပ်ငန်းများကို ရုံးပိတ်ရက်ပါအနားယူခြင်းမရှိဘဲ ဆောင်ရွက်လျက်ရှိကြရာ ဒီဇင်ဘာ ၈ ရက်နံနက်က ဒလမြို့ ဗညားဒလရပ်ကွက် ဗိုလ်ချုပ်(၁)လမ်း၌ လျှပ်စစ်ကျွမ်းကျင်လုပ်သားအဖွဲ့က ကိုးမီတာအရှည်ရှိ

သတင်းနှင့် ဓာတ်ပုံ ›› သန်းဌေး(ဒလ)

ကွန်ကရစ်ကျောက်တိုင်များကို ဟောင်းနွမ်းနေသော ဓာတ်တိုင်နေရာတွင်အစားထိုး စိုက်ထူနေကြသည်ကို တွေ့ရသည်။ **(ယာပုံ)**

အဆိုပါလမ်း၌ ကွန်ကရစ်ကျောက်တိုင် ၁၀ တိုင် စိုက်ထူခဲ့ကြောင်းနှင့် ကနောင်လမ်းမကြီးနှင့် ဦးအောင်ဇေယျ (၁၅)လမ်းတို့တွင်လည်း အလားတူစိုက်ထူပေးခဲ့ကြောင်းသိရပြီး ရပ်ကွက်ပြည်သူများကလည်း ကျေးဇူးအထူးတင်ရှိကြောင်း ကြားသိရသည်။







ပျောက်ဆုံးကြောင်း

ကျွန်တော်၏ သပြေနုဝန်ဆောင်မှုကုမ္ပဏီ လိမီတက်နှင့် ရွှေရောင်အားလပ်ရက် ခရီးသွားဝန်ဆောင်မှုလုပ်ငန်း (Golden Vacation Travels & Tours Co.,Ltd)၏ ကုမ္ပဏီမှတ်ပုံတင်လက်မှတ်မူရင်းနှစ်စောင် ပျောက်ဆုံးသွားပါ၍ တွေ့ရှိပါက ဆက်သွယ်အကြောင်းကြားပေးပါရန် အသိပေးကြေညာအပ်ပါသည်။

ဦးကျော်စည်သူ
ဖုန်း-၀၁-၂၂၅၁၃၃၊ ၀၉-၄၅၀၀၆၅၁၃၃

ပြင်ဆင်ဖတ်ရှုပေးပါရန်

၁၀-၁၂-၂၀၁၃ ရက် ကြေမုံသတင်းစာ စာမျက်နှာ(၁)ပါ မောင်ကျော်ကိုကိုဇင် နှင့် မလဲ့မွန်ဝေချိုတို့၏ ထိမ်းမြားမင်္ဂလာကျေးဇူးတင်လွှာတွင် အမှတ်(၃)အခြေခံပညာဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးကျော်စွာသွင်၏ဇနီး ဒေါ်အေးမြတ်မွန်အစား ဒေါ်အေးမြတ်ဝင်းဟု ပြင်ဆင်ဖတ်ရှုပေးပါရန်။



မြန်မာနိုင်ငံတွင် ရှေးဟောင်းယဉ်ကျေးမှု အမွေအနှစ်များ ပေါကြွယ်ဝ

နေပြည်တော် ဒီဇင်ဘာ ၉

အန်ကောဝပ်ကျောင်းတော်ကို ကမ္ဘာ့အမွေအနှစ်စာရင်းဝင် သတ်မှတ်ခံရသည့် အနှစ်(၂၀)ပြည့်အထိမ်းအမှတ် တတိယအကြိမ်မြောက် အစည်းအဝေးကို ကမ္ဘောဒီးယားနိုင်ငံ ဆီရမ်ရိပ်မြို့၌ ဒီဇင်ဘာ ၅ ရက်တွင် ကျင်းပခဲ့ရာ ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသန်းဆွေ တက်ရောက်ခဲ့ပြီး အစည်းအဝေးဆွေးနွေးမှုများအရ မြန်မာနိုင်ငံသည် ရှေးဟောင်းယဉ်ကျေးမှု အမွေအနှစ်များ ပေါကြွယ်ဝသောကြောင့် မြန်မာနိုင်ငံမှ ကိုယ်စားလှယ်တက်ရောက်ခြင်းဖြင့် မြန်မာနိုင်ငံ၏ ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်များ ထိန်းသိမ်းကာကွယ်စောင့်ရှောက်ခြင်းအတွက် နိုင်ငံတကာမှ ထောက်ခံကူညီမှုများ ရရှိအောင် ဆောင်ရွက်နိုင်မည့်အခွင့်အလမ်းများ ရရှိနိုင်မည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မကွေးမြို့ မြန်မာ့အာမခံလုပ်ငန်းရုံးတွင် မီးအာမခံလျော်ကြေးငွေပေးအပ်

မကွေး ဒီဇင်ဘာ ၉

မကွေးတိုင်းဒေသကြီး မင်းဘူးမြို့နယ် အမှတ်(၂)ရပ်ကွက် ဆေးရုံလမ်းရှိ ဦးမစ်ကီ(ခ) ဦးကျော်ကျော်ပိုင်၏ မီးအာမခံထားရှိသော ကုန်ပစ္စည်းများ မီးလောင်ဆုံးရှုံးမှုအတွက် မီးအာမခံလျော်ကြေးငွေကို မကွေးမြို့၊ မြန်မာ့အာမခံလုပ်ငန်းရုံး၌ ဒီဇင်ဘာ ၅ ရက်ညနေ ၃ နာရီခွဲတွင် ပေးအပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ မကွေးတိုင်းဒေသကြီး ကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဦးထွန်းဆိုင်က နှုတ်ခွန်းဆက်အမှာစကား ပြောကြားပြီး မြန်မာ့အာမခံလုပ်ငန်း မကွေးတိုင်းဒေသကြီး တာဝန်ခံ ဒေါ်မေသန္တာက မီးအာမခံအကြောင်းနှင့် မီးအာမခံလျော်ကြေးပေးအပ်ရသည့် အကြောင်းတို့ကို ရှင်းလင်းပြောကြားသည်။ ထို့နောက် မီးအာမခံထားသူ ဦးမစ်ကီ(ခ) ဦးကျော်ကျော်ပိုင်အား မီးအာမခံလျော်ကြေးငွေကျပ် ၂၈၅ သိန်း ပေးအပ်ပြီး ဦးမစ်ကီ (ခ) ဦးကျော်ကျော်ပိုင်က ကျေးဇူးတင်စကားပြန်လည်ပြောကြားခဲ့ကြောင်း သိရသည်။

(မကွေးလှမြင့်)

မြန်ပြည်တစ်ခွင် သာစေချင် မီးတွင်မပျေါနှင့်

နေပြည်တော် ဒီဇင်ဘာ ၉

မြန်မာနိုင်ငံက အိမ်ရှင်နိုင်ငံအဖြစ် ကျင်းပလျက်ရှိသည့် (၂၇)ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲကြီးတွင် အမျိုးသမီးဘောလုံးပွဲစဉ်များကို မန္တလေးမြို့၊ မန္တလာသီရိအားကစားကွင်းကြီး၌ ဒီဇင်ဘာ ၁၀ ရက်မှစတင်၍ ယှဉ်ပြိုင်ကြရမည်ဖြစ်သည်။

အုပ်စုပွဲစဉ်များအရ ဒီဇင်ဘာ ၁၀ ရက်တွင် အိမ်ရှင်မြန်မာအမျိုးသမီးဘောလုံးအသင်းနှင့် ပွဲဦးထွက် တွေ့ဆုံရမည့် အသင်းမှာ ဖိလစ်ပိုင်အသင်းဖြစ်သည်။ အိမ်ရှင်မြန်မာအသင်းအတွက် အသင်းကြီးနှင့် တွေ့ဆုံယှဉ်ပြိုင်ရသော ပွဲမဟုတ်သော်လည်း အဖွင့်ပွဲစဉ်ဖြစ်သည့်အတွက် မဂ်လာရှိရန် အလွန်အရေးကြီးပြီး ကေသရာဇာခြသော့်မင်းတို့၏ထုံးကိုနှလုံးမူ၍ ပြိုင်ဘက်အသင်းများကို ဒြိမ်းခြောက်နိုင်မည့် ကစားကွက်များနှင့်အစွမ်းကုန်ကစားသွားရမည်ဖြစ်ပါသည်။

ဖိလစ်ပိုင်အသင်းမှာ ဆီးဂိမ်းပြိုင်ပွဲများတစ်လျှောက်ဆုတံဆိပ်အနေဖြင့် ကြေးတစ်ခုသာ ရရှိခဲ့ပြီး ဗိုလ်လုပွဲသို့ တစ်ကြိမ်မျှ တက်ရောက်ခဲ့ဖူးခြင်းမရှိခဲ့ပါ။ သို့သော် ဆီးဂိမ်းပြိုင်ပွဲ (၈)ကြိမ်မြောက်တွင် (၇)ကြိမ်ယှဉ်ပြိုင်ခဲ့သော အတွေ့အကြုံကောင်းများရရှိထားရုံမက အားနည်းချက်များကိုလည်း ပြုပြင်ထားပြီး အကောင်းဆုံးယှဉ်ပြိုင်ရန် အသင့်အနေအထားတွင်ရှိနေသည့် အသင်းဖြစ်သည့်အတွက် လျှော့တွက်၍လည်း မရနိုင်ပါ။

အိမ်ရှင်မြန်မာအမျိုးသမီးအသင်းအနေဖြင့် ဆီးဂိမ်းပြိုင်ပွဲတစ်လျှောက် (၈)ကြိမ်မြောက်တွင် (၇)ကြိမ်မြောက် ယှဉ်ပြိုင်ထားပြီး ငွေသုံးခု၊ ကြေးလေးခုရရှိထားကာ ဗိုလ်လုပွဲ (၃)ကြိမ်မြောက်ယှဉ်ပြိုင်ထားသော အတွေ့အကြုံကောင်းများလည်း ရရှိထားသည်။ ထို့အပြင် အာဆီယံအဆင့်တွင် ထိုင်း၊ ဗီယက်နမ်အသင်းတို့နှင့် ထိပ်တန်းအဆင့်တွင် ရပ်တည်နေပြီး အာဆီယံအမျိုးသမီးချန်ပီယံရှစ်ပြိုင်ပွဲတွင် ချန်ပီယံနှစ်ကြိမ် ရရှိခဲ့ပြီး အာရှဖလားပြိုင်ပွဲ ခြေစစ်ပွဲများကို အကြိမ်ကြိမ်အောင်မြင်ခဲ့သော အသင်းကြီးဖြစ်သည်။ ထို့အပြင် ၂၀၁၃ မေလတွင် ပါလက်စတိုင်းနိုင်ငံ၌ ကျင်းပခဲ့သော အာရှဖလားအမျိုးသမီး ခြေစစ်ပွဲတွင် ခြေစစ်ပွဲအောင်မြင်ရန် စွမ်းဆောင်နိုင်ခဲ့ပြီး ဇွန်လအတွင်းက ဂျပန်နိုင်ငံ အိုဆာကာမြို့တွင် ရက်ပေါင်း ၂၀ ကြာသွားရောက်လေ့ကျင့်ထားပြီးလည်းဖြစ်သည်။

ထို့ကြောင့်အိမ်ရှင်မြန်မာအသင်းသည် ရရှိထားသော အတွေ့အကြုံ၊ ရလဒ်ကောင်းများဖြင့် ပွဲဦးထွက်ဖိလစ်ပိုင်အသင်းကို ဂိုးသွင်းမှုစံချိန်သစ်ဖြင့် အောင်မြင်နိုင်ပြီး ဂျပန်နည်းပြ၏ စနစ်တကျ လမ်းညွှန်မှု၊ အိမ်ရှင်ပရိသတ်၏ မျိုးချစ်စိတ်ဓာတ်အပြည့်နှင့် အားပေးကူညီမှုတို့ဖြင့် ရွှေတံဆိပ်ဆုကြီးကို အမိမြေပေါ်တွင် ထိုက်ထိုက်တန်တန်ရယူနိုင်မည်ဟု သုံးသပ်တင်ပြလိုက်ရပါသည်။

မင်းထက်အောင်(မန်းကိုယ်ပွား)

အပွင့်ပွဲစဉ်မှာ ပရိသတ်ကို ပီတိတွေပေးနိုင်မည် မြန်မာအမျိုးသမီးဘောလုံးအသင်း

ရောဝတီတံတား (မကွေး) ရေလမ်းကြောင်း ပြောင်းလဲသတ်မှတ်ထား

နေပြည်တော် ဒီဇင်ဘာ ၉

ရောဝတီမြစ်ကူး ရောဝတီတံတား (မကွေး) ရေလမ်းကြောင်းတွင် ရေယာဉ်များ ဖြတ်သန်းသွားလာရန် ရေလမ်းကြောင်းကို အစုန်လမ်းအဖြစ် ရေလယ်တိုင်အမှတ်(၅)နှင့် (၆) အကြားမှ လည်းကောင်း၊ အဆန်လမ်းအဖြစ် ရေလယ်တိုင်အမှတ် (၄)နှင့် (၅)အကြားမှ လည်းကောင်း ဖွင့်လှစ်ထားသည်။ ယခုအခါ ရေနည်းကာလသို့ ရောက်ရှိလာပြီဖြစ်သဖြင့် ရေလမ်းကြောင်းအခြေအနေအရ ရေယာဉ်များဖြတ်သန်းသွားလာရန် ရေလမ်းကြောင်းကို ဒီဇင်ဘာ ၁၀ ရက်မှစ၍ အစုန်လမ်းအဖြစ် ရေလယ်တိုင်အမှတ် (၃)နှင့်(၄) အကြားမှ လည်းကောင်း၊ အဆန်လမ်းအဖြစ် ရေလယ်တိုင်အမှတ် (၂)နှင့် (၃)အကြားမှ လည်းကောင်း ပြောင်းလဲဖွင့်လှစ်မည်ဖြစ်သည်။

ပြောင်းလဲမည့် ရေလမ်းကြောင်း၏ ကင်းလွတ်အကျယ်မှာ မီတာ ၁၁၀ ရှိပြီး ကင်းလွတ်အမြင့်မှာ အမြင့်ဆုံးရေမျက်နှာပြင်အထက် ၁၇ မီတာရှိသည်။ ရေယာဉ်များဖြတ်သန်းရမည့် ဝင်ပေါက်တွင် နေ့အခါ အစိမ်းရောင် တြိဂံအမှတ်အသားပြ၍ ညအခါ မီးစိမ်းထွန်းပြသထားမည်။ မဝင်ရမည့် ရေလမ်းတွင် နေ့အခါ အနီရောင်ကြက်ခြေခတ်အမှတ်အသား ပြ၍ ညအခါ မီးနီထွန်းပြသထားသည်။

တံတားရေလယ်တိုင်များ၏ အောက်ခြေပိုင်တိုင်အုတ်ခုံမှာ ရေလယ်တိုင်များ၏ တစ်ဖက်တစ်ချက်တွင် ၁၅ ပေခန့် အစွန်းထွက်နေသဖြင့် ရေယာဉ်များ ရေလယ်တိုင်နှစ်ခုအကြားမှ ယှဉ်ပြိုင်ခုတ်မောင်းခြင်းမပြုကြရန်နှင့် တွဲတွန်းရေယာဉ်များ တစ်တွဲချင်းသာ ချိတ်ဆွဲဖြတ်သန်းကြရန်အပြင် အစုန်ဦးစားပေး၍ ဝင်ပေါက်သို့ ချဉ်းကပ်ရာတွင် လုံလောက်သော အကွာအဝေးမှ ချဉ်းကပ်လမ်းကြောင်းမှန်ဖြင့် ထိန်းသိမ်းခုတ်မောင်းကြရန် ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ရေလမ်းသတိပေးချက်ထုတ်ပြန်ထားသည်။

(သတင်းစဉ်)

"ဘွေးနေမင်္ဂလာ ဆုတောင်းလွှာ"
ကျေးဇူးတော်နိုင်ဦး [ဥက္ကဋ္ဌ၊ နိုင်ဝရ(ပ)ဆောက်လုပ်ရေးကုမ္ပဏီလိမိတက်] မှ
(၁၀-၁၂-၂၀၁၃) နေ့တွင် ကျရောက်သော ဘွေးနေ့ဂင်္ဂလာ ရက်မြတ်မှာထည့် နောက်နှစ်ခေါင်း (၀၂၀) ထိုင်ခံအောင် ချစ်ခင်အားပေး၊ မိသားစုအပေါင်းအသင်းများ၊ ဝန်ထမ်းများနှင့်အတူ ကျော်ရွှင်ပွယ်ဘွေးနေ့ပေါင်းများစွာကို အမြဲထိုင်ဆိုင်နိုင်ပါစေကြောင်း ဆုတွန်းတောင်းတောင်းချက်
ချစ်ခန်း = ဒေါ်မိုးသီတာဆွေ
ချစ်သား၊ သမီးများ = မောင်တောင်းမြတ်နိုင် + မရေမြတ်နိုင်ဦး
မောင်ဝင်းမြတ်နိုင်၊ မောင်ညိမ်းမြတ်နိုင်၊ ဝမ္ပန်မြတ်နိုင်
ချစ်မယ်ကြီးလေး = မစိုးတိမ်ကြွေနိုင်

ဖမ်းဆီးရမိသူ ခါးပိုက်နှိုက်နှစ်ဦးအား ဆက်လက်စစ်ဆေးရာ မော်တော်ယာဉ်တွင် နှိုက်ယူမှုအား ထပ်မံဖော်ထုတ်ရရှိ

ရန်ကုန် ဒီဇင်ဘာ ၉

လွှေပြည်သာမြို့နယ် ထန်းခြောက်ပင်မှတ်တိုင်၌ ဖမ်းဆီးရမိသောခါးပိုက်နှိုက်ပြစ်ချက်ဟောင်းရှိသူများအား ဆက်လက်စစ်ဆေးရာမှ လွှေဆွဲကြိုးတစ်ကုံး၊ လက်ကောက်နှစ်ကွင်း၊ လက်စွပ်တစ်ကွင်း နှိုက်ယူမှုအား ထပ်မံဖော်ထုတ်ရရှိခဲ့ကြောင်း သိရသည်။

ရန်ကုန်တိုင်းဒေသကြီးရဲတပ်ဖွဲ့မျှူးရုံးအကူတပ်ဖွဲ့ခွဲ လုံခြုံရေးတပ်ခွဲ(၂)မှ တပ်ဖွဲ့ဝင်များသည် ဒီဇင်ဘာ ၄ ရက်တွင် လွှေပြည်သာမြို့နယ် ထန်းခြောက်ပင်မှတ်တိုင်၌ ဖမ်းဆီးရမိသော ခါးပိုက်နှိုက် ပြစ်ချက်ဟောင်းရှိသူ ထွန်းထွန်း(ခ)လွှေအ မြိုင်သာယာရွာ မော်ဘီမြို့နယ်နေသူနှင့် သန်းထွေး(ခ)ကုလား ဘောလယ်ကျေးရွာ ထန်းတပင်မြို့နယ်နေသူတို့ နှစ်ဦးအား လွှေပြည်သာမြို့မရဲစခန်းက (၀)စစ၉/၂၀၁၃၊ ပုဒ်မ ၃၇၉ (နှိုက်)/၅၄ ဖြင့် အမှုဖွင့်အရေးယူထားပြီး ၎င်းတို့နှစ်ဦးအား ထပ်မံစစ်ဆေးရာ ဒီဇင်ဘာ ၄ ရက် နံနက် ၈ နာရီ ၄၅ မိနစ်တွင် အင်းစိန်မြို့နယ် အောက်မင်္ဂလာဒုံလမ်း ဒညင်းကုန်းလမ်းဆုံ မှတ်တိုင်အရောက် စီးနင်းလာသော ယာဉ်လိုင်းအမှတ် (၈၁)ဒိုင်နာယာဉ်ပေါ်ပါ အသက်(၄၀)နှစ်ရှိ အမျိုးသမီးတစ်ဦး၏ ပိုက်ဆံအိတ်အား သန်းထွေး(ခ)ကုလားက လူကာပေးစဉ် ထွန်းထွန်း(ခ)လွှေအက နှိုက်ယူခဲ့ရာ အနီရောင်ကော်ဘူးအဝိုင်း တစ်ဘူးအားနှိုက်ယူရရှိခဲ့ပြီး ၎င်းဘူးအတွင်းမှ လွှေဆွဲကြိုးတစ်ကုံး၊ လွှေလက်ကောက်နှစ်ကွင်း၊ လွှေလက်စွပ်တစ်ကွင်း စုစုပေါင်းအလေးချိန် နှစ်ကျပ်သားကျော်ခန့်အား နှိုက်ယူရရှိခဲ့ကြောင်း ထပ်မံစစ်ဆေးဖော်ထုတ်ရရှိသဖြင့် ပြန်လည်သိမ်းဆည်းကာ အင်းစိန်မြို့မရဲစခန်းက (၀)၁၃၇၆/၂၀၁၃၊ ပုဒ်မ ၃၇၉(နှိုက်)/၅၄ ဖြင့် ထပ်မံအရေးယူဆောင်ရွက်ကာ ပစ္စည်းပိုင်ရှင်အား စုံစမ်းလျက်ရှိကြောင်း သိရသည်။

(၀၄၀)

တန်ဖိုးရှိလှလူငယ်ဘဝ မှားယစ်ကင်းစင်ကျန်းမာမှ

ဝါးသယ်ယာဉ်အား သစ်လုံးတင်ယာဉ်ဝင်တိုက်၊ တစ်ဦးသေ

အုတ်တွင်း ဒီဇင်ဘာ ၉

လမ်းဘေးတွင်ရပ်ထားသော ဝါးသယ်ယာဉ်အား ၂၂ ဘီး သစ်လုံးတင်ယာဉ်က နောက်မှ ဝင်တိုက်ရာ လူတစ်ဦးသေဆုံးမှုဖြစ်စဉ်တစ်ခု အုတ်တွင်းမြို့နယ် အိုးဘိုကုန်းကျေးရွာအနီးတွင် ဖြစ်ပွားခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဒီဇင်ဘာ ၈ ရက် နံနက် ၇ နာရီခွဲက ရန်ကုန်-မန္တလေးလမ်းဟောင်း မိုင်တိုင်အမှတ် (၁၄၉/၂)နှင့် (၁၄၉/၃)ကြား၌ ဝါးလုံးများတင်ဆောင်ထားသော ယာဉ်အမှတ် ၈/---- ခြောက်ဘီး အစိမ်းရောင်ယာဉ်သည် လမ်းဘေးတွင်ရပ်ထားစဉ် ရန်ကုန်ဘက်သို့ သစ်လုံးများတင်ဆောင်၍ ယာဉ်မောင်း ထိန်လင်းအောင် (၂၃) နှစ် သီရိမင်္ဂလာရပ် ပဲခွယ်ကုန်းမြို့နေသူ မောင်းနှင်လာသည့် ၂၂ဘီး ယာဉ်အမှတ် ၆၈/---- ယာဉ်သည် နောက်မှ အရှိန်ဖြင့်ဝင်တိုက်မိပြီး ကားနှစ်စီးလုံးမှာ လမ်းဘေးရှိ ချောက်ထဲသို့ ကျသွားခဲ့ပြီး သစ်လုံးတင်ယာဉ်၏ဦးခေါင်းမှာ ကြေမွပျက်စီးသွားခဲ့သည်။ ထိုသို့ တိုက်မိစဉ် သစ်လုံးတင်ယာဉ်မှ ယာဉ်နောက်လိုက် ဖိုးဇော်(၃၀)နှစ် ပဲခွယ်ကုန်းမြို့နေသူမှာ ဝါးသယ်ယာဉ်အောက်တွင် ပိမိနေ၍ နေရာတွင်သေဆုံးခဲ့ပြီး ယာဉ်မောင်းထိန်လင်းအောင်မှာလည်း ကားခေါင်းထဲတွင် ညပ်နေပြီး ယာခြေထောက်ကျိုးဒဏ်ရာရရှိခဲ့သည်။ ထို့အတူ ဝါးသယ်ယာဉ်မှ ယာဉ်မောင်းနှင့် ဝါးတင်အလုပ်သမား နှစ်ဦးတို့မှာလည်း ပွန်းပဲ့ဒဏ်ရာများရရှိခဲ့ကြောင်း သိရသည်။ ထို့ကြောင့် ယာဉ်အားမဆင်မခြင်မောင်းနှင်သူ ထိန်လင်းအောင်အား ညောင်ခြေထောက် ရဲစခန်းက အရေးယူထားကြောင်း သိရသည်။

(ကျော်စွာ-တောင်ငူ)

စစ်ကိုင်းမြို့ရွာထောင်ရပ်ကွက်တွင် ယာဉ်တိုက်မှုဖြစ်ပွား တစ်ဦးသေဆုံး၊ လေးဦးဒဏ်ရာရ

စစ်ကိုင်း ဒီဇင်ဘာ ၉

စစ်ကိုင်းမြို့ ရွာထောင်ရပ်ကွက် ရွှေသွားဓမ္မာရုံအနီး၌ ယာဉ်တိုက်မှုဖြစ်ပွားရာ တစ်ဦးသေဆုံးပြီး လေးဦးဒဏ်ရာရရှိခဲ့သည်။

ဖြစ်စဉ်မှာ ဒီဇင်ဘာ ၉ ရက် နံနက် ၄ နာရီ ၄၅ မိနစ်တွင် စစ်ကိုင်းမြို့ ရွာထောင်ရပ်ကွက် ၌ ယာဉ်တိုက်မှုဖြစ်ပွားကြောင်း သတင်းအရ မြို့မရဲစခန်းတွင် တာဝန်မှူးတာဝန်ထမ်းဆောင်နေသော ဒု-ရဲအုပ်သန်းထိုက်စိုးနှင့် တာဝန်ရှိသူများ သွားရောက်ကြည့်ရှုစစ်ဆေးရာ ရွာထောင်ရပ်ကွက် ရွှေသွားဓမ္မာရုံအနီး မန္တလေးမုံရွာ-ရွှေဘိုကားလမ်း မိုင်တိုင်အမှတ် (၁၄၊ ၅)နှင့် (၁၄၊ ၄)အကြား ကွန်ကရစ် တံတားပေါ်တွင် စစ်ကိုင်းမြို့တွင်းဘက်မှ အမှတ်(၃) ချည်ထည်စက်ရုံသို့ ဝန်ထမ်းကြို/ပို့ ယာဉ်မောင်း ဦးတင့်လွင် (၃၉)နှစ်မောင်းနှင်လာသည့် ယာဉ်အမှတ် ၈/---- (တီအီး) ယာဉ်အစိမ်းအရောင်နှင့် မုံရွာဘက်မှ မန္တလေးသို့ ယာဉ်မောင်း ဦးတင်ငြိမ်း (၃၀)နှစ် အလွှကပွ မြင်းမူမြို့နယ်နေသူတို့ မောင်းနှင်လာသည့် ယာဉ်အမှတ် ၇၈/---- (ကန်တာ)အဖြူရောင်ယာဉ်တို့ မျက်နှာချင်းဆိုင်တိုက်မိခဲ့ပြီး (တီအီး)ကားပေါ်ပါ ယာဉ်မောင်း ဦးတင့်လွင်မှာ ယာဘက်ခြမ်း ကိုယ်ခန္ဓာနာကျင်၊ ဦးခေါင်းမူး ဒဏ်ရာရရှိခဲ့ပြီး ဦးစိုးထွန်းမှာ ဝဲဘက်ပါးပေါက်ပြဲ ဒဏ်ရာ၊ ဝဲဘက်ခြေသန်းနှင့် ခြေဖမိုးပြတ်ရှ၊ ဝဲဘက်ပေါင်ပွန်းပဲ့၊ ဝဲဘက်ညို့သကြီးပွန်းပဲ့၊ ယာဘက်လက်ဖမိုးပွန်းပဲ့ ဒဏ်ရာ၊ ဒေါ်တင်တင်လွင်မှာ ဦးခေါင်းဖူးရောင်၊ ယာဘူးနာကျင်အောင့် ဒဏ်ရာ၊ ဒေါ်ခင်ဆွေသိန်းတွင် ယာဘက်နဖူးပေါက်ပြဲ၊ ဝဲဘက်နဖူး၊ လက်၊ ဒူးပွန်းပဲ့ဒဏ်ရာအသီသီးရရှိပြီး ၇၀/----ယာဉ်မှ ယာဉ်နောက်လိုက် ရန်အောင်မှာ နေရာတွင်သေဆုံးသွားကြောင်း စစ်ဆေးတွေ့ရှိရသဖြင့် ယာဉ်အား မဆင်မခြင်မောင်းနှင်ခဲ့သော ယာဉ်မောင်း တင့်လွင်နှင့် ယာဉ်မောင်း တင်ငြိမ်းတို့အား စစ်ကိုင်းမြို့ မြို့မရဲစခန်းက ယာဉ်(၀)၉၇/၁၃၊ ပြစ်မှု ၃၀၄ က/၃၃၈ ဖြင့် အမှုဖွင့်အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

မျိုးဝင်း(ခရိုင်ပြန်/ဆက်)

လက်တော့ပ်ကွန်ပျူတာခိုးယူသူများအား CCTV မှတ်တမ်းအရ ဖော်ထုတ်ဖမ်းဆီးရမိ

ရန်ကုန် ဒီဇင်ဘာ ၉

ရန်ကုန်မြို့ ကျောက်တံတားမြို့နယ် (၇)ရပ်ကွက် ဆိပ်ကမ်းသာလမ်းရှိ မီဒီယာလင့်ကွန်ပျူတာနှင့် ဖုန်းအရောင်းဆိုင်မှ တန်ဖိုးငွေကျပ် ၈သိန်းခန့်တန်ဖိုးရှိ Lenovo အမျိုးအစား လက်တော့ပ်ကွန်ပျူတာတစ်လုံး အောက်တိုဘာ ၁၆ ရက်က ပျောက်ဆုံးနေကြောင်းသိရ၍ ဦးဝင်းနောင်က စုံစမ်းဖော်ထုတ်အရေးယူပေးရန် ကျောက်တံတားမြို့မ ရဲစခန်းသို့ လာရောက်တိုင်တန်းခဲ့သဖြင့် (၀) ၄၂၈/၂၀၁၃၊ ပုဒ်မ ၃၈၀ဖြင့် အမှုဖွင့်စုံစမ်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

အဆိုပါ အမှုနှင့်စပ်လျဉ်း၍ စုံစမ်းဆောင်ရွက်ခဲ့ရာ အခင်းဖြစ်ဆိုင်၏ CCTV မှတ်တမ်းများ ရယူ၍ ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှျူးရုံး အကူတပ်ဖွဲ့ခွဲ လုံခြုံရေးတပ်ခွဲ (၂)မှ ဒုရဲမှျူးအောင်ဝင်း ခေါင်းဆောင်သော အဖွဲ့သည် မှတ်တမ်းတွင်ပါရှိသည့် မသက်သူများ၏ ဓာတ်ပုံများကို မြို့နယ်များအတွင်းဖြန့်ခွဲစုံစမ်းခဲ့ရာ ဆိုင်အတွင်းပစ္စည်းများ ဝယ်ဟန်ဆောင်သည့်ခိုးမှုများဖြင့် ပြစ်ချက်ဟောင်းရှိသူ သန္တာဇော်(၇၀)ရပ်ကွက် ဒဂုံ(တောင်)မြို့နယ် နေသူနှင့် မခင်မ(ခ)စံပယ် (၇၁)ရပ်ကွက် ဒဂုံတောင်မြို့နယ် နေသူများဖြစ်ကြောင်း စုံစမ်းသိရသဖြင့် ဖမ်းဆီးစစ်ဆေးခဲ့ရာ ကျောက်တံတားမြို့နယ် ဆိပ်ကမ်းသာလမ်းရှိ မီဒီယာလင့်ကွန်ပျူတာနှင့် ဖုန်းအရောင်းဆိုင်မှ Lenovo လက်တောပ့်ကွန်ပျူတာတစ်လုံးကို ခိုးယူရောင်းချထားကြောင်း စစ်ဆေးဖော်ထုတ်ရရှိသဖြင့် ပြန်လည်သိမ်းဆည်းကာ သန္တာဇော်နှင့် မခင်မ (ခ) စံပယ်တို့နှစ်ဦးအားကျောက်တံတားမြို့မ ရဲစခန်းက(၀)၄၂၈/၂၀၁၃၊ ပြစ်မှုပုဒ်မ ၃၈၀ ဖြင့် အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **(စိုးဝင်း-MLA)**

ဂုဏ်ယူးတင်ရွှာ

ကျွန်တော်၊ ကျွန်မတို့၏ မြေဦးရုတနာ၊ သားရိုးရုတနာတောကို ၉-၁၂-၂၀၁၃ ရက်(ထနင်းသာနေ့) တွင် ရန်ကုန်မြို့, ဝိတိုရိယသဲကြီး ၌ ဆောင်ပြတ်လျှက်သကဲ့သို့ မွေးဖွားပေးခဲ့သော သာဓုကနှင့်ပေးသည် အတူကုသရာလမ်းကြီး ပါမောက္ခဒေါက်တာ ဦးသိန်းမြင့်သူ၊ ကလေးအထူးကုဆရာ ဝန်ကြီး ပါမောက္ခ ဒေါက်တာဒေါ်ပြည့်ဝုန်း ပေမာသပါရဂူ ပါမောက္ခ ဒေါက်တာဒေါ်မေသိန်းဘိုနှင့် ဝိတိုရိယသဲဆေးရုံကြီးမှ ဆရာဝန်၊ သရာမရောမ တာဝန်ရှိဝန်ထမ်းများ၊ ဝိတိုရိယသီသားရုပ်များအားလုံးကို အထူးပင်လိုက်လိုလှစွာ ကျေးဇူးတင်မိပါသည် ။

နှစ်ကော်သော ဘိုးဘိုး အဖွားကြီးများနှင့်
ဝေဟေ-ဥက္ကာဃဏန်းစာ၊ မေမေ-ဇော်လင်းပြည့်

(၃၄)နှစ်မြောက်မဂ်လာဆုတောင်း

အန္တိုင်းမဲ့မေတ္တာဖြင့် သား၊ သမီးတို့၏ လိုအင်ဆန္ဒများကို အမြဲဖြည့်ဆည်းပေးသော ကျေးဇူးရှင် ချစ်ဖေဖေ ဒုတိယ ဗိုလ်မှူးကြီးသန်းထွန်း(ငြိမ်း)နှင့် ချစ်မေမေ ဒေါ်တင်တင်လှတို့၏ ၁၀-၁၂-၂၀၁၃ရက်တွင် ကျရောက်သည့် (၃၄)နှစ်မြောက် မဂ်လာနှစ်ပတ်လည်မှသည် နောင်နှစ်ပေါင်း(၁၂၀)တိုင်အောင် ချစ်သော သား၊ သမီး၊ မြေး၊ မြစ်များနှင့်အတူ ပျော်ရွှင်ကျန်းမာ ချမ်းသာပြီး သာသနာအကျိုး၊ ဝိပဿနာအကျိုးများကို ဆတက်ထမ်းပိုး ထမ်းဆောင်နိုင်ပါစေကြောင်း ဆုမွန်ကောင်း တောင်းအပ်ပါသည်။

ချစ်သမီးကြီး - ဒေါက်တာဟိန်းထက်ဇော်-ဒေါ်သင်းသီရိထွန်း
ချစ်သားကြီး - ကိုဝေယံမင်းထွန်း-ဒေါ်မေလဲ့ဟိန်း
ချစ်သားငယ် - ကိုဝေဟင်မင်းထွန်း-ဒေါက်တာခိုင်စံပယ်မင်း
ချစ်မြေးများ - ဟိန်းလက်ဘထွန်း @ Harry
- မင်းသီဟထွန်း @ Tommy
- ထွန်းမြတ်ဝေယံဟိန်း @ Key Key
- Jewel (Jue Jue)

ရှေးဟောင်းဘုရားဆင်းတုတော် (၂၀)ကျော်ကို ရှေးဟောင်းယဉ်ကျေးမှုထိန်းသိမ်းစောင့်ရှောက်ရေးကော်မတီသို့ လျှုဒါန်း

တောင်ငူ ဒီဇင်ဘာ ၉

ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့(၁၈)ရပ်ကွက် ကြာနီကန်စာသင်တိုက်ကြီးအတွင်းရှိ ရှေးဟောင်းမဟာပရကွမသိမ်တော်ကိုပြုပြင်ရန် သိမ်ဘုရားကြီးကို ရွှေ့ပြောင်းပင့်ဆောင်ရာမှ သိမ်ဘုရားကြီးပလ္လင်တော်အတွင်းမှ ဌာပနာပစ္စည်းများဖြစ်သော ရှေးဟောင်းရုပ်ပွားတော် ၈၀ခန့်ကို တူးဖော်ရရှိခဲ့ရာ ၎င်းတို့အနက် (၂၃)ဆူကို ကျောင်းထိုင်ဆရာတော်ကြီးမှ တောင်ငူမြို့ ရှေးဟောင်းယဉ်ကျေးမှုထိန်းသိမ်းစောင့်ရှောက်ရေးကော်မတီသို့ ဒီဇင်ဘာ ၆ရက်နံနက်ပိုင်းက ပေးအပ်လျှုဒါန်းလိုက်သည်။ **(အပေါ်ယာပုံ)**

အဆိုပါ သိမ်တော်သည် ကေတုမတီ (တောင်ငူ)ကို သက္ကရာဇ် ၈၇၂ ခုနှစ်တွင် မဟာသီရိဇေယျသူရ ဘွဲ့ခံမင်းကြီးညိ စတင်တည်ထောင်စဉ်က မြို့တည်စဉ် တစ်ပြိုင်တည်းတည်ဆောက်ခဲ့သော သိမ် ၂၀တွင် တစ်ခုအပါအဝင် ဖြစ်သောကြောင့် သိမ်ဘုရားကြီး၏ ပလ္လင်တော်အတွင်းမှ တွေ့ရှိသည့် ရှေးဟောင်းရုပ်ပွားတော်များသည် ပုဂံခေတ်နှင့် တောင်ငူခေတ်လက်ရာများ ဖြစ်နိုင်ကြောင်း သိရှိရသည်။

တွေ့ရှိသောဆင်းတုတော်များမှာ ပဉ္စလောဟာ ဆင်းတုတော်အများစု ဖြစ်ပြီး ငွေဆင်းတု၊ ငွေစေတီ၊ အုတ်ခွက်ဘုရား၊ ကျောက်ဆင်းတုများလည်း ပါဝင်ပြီး ယင်းဆင်းတုတော်များ အနက် (၂၃)ဆူကို ဆရာတော်က ရှေးဟောင်း အမွေအနှစ်ဘုရားများအဖြစ် ဖူးမြော်ရသူတို့ ကုသိုလ်တရားပွားများစေရန်၊ တောင်ငူမြို့ သမိုင်းအမွေကို နောင်လာနောက်သားများ ဆက်ခံနိုင်စေရန် ရည်ရွယ်ချက်ဖြင့် လျှုဒါန်းခြင်းဖြစ်ကြောင်း မိန့်ကြားခဲ့သည်။

အဆိုပါဆင်းတုတော်များကို မြို့မိမြို့ဖ ဦးမြင့်ညို(အမေ့အိမ်)၊ ဦးရဲဝင်း(ရွှေဝါပဲဆီသန့်)၊ တောင်ငူမြို့ ရှေးဟောင်းယဉ်ကျေးမှုထိန်းသိမ်းစောင့်ရှောက်ရေးကော်မတီ ဒုဥက္ကဋ္ဌဦးမောင်မြ(ပြည့်ဝ)၊ အတွင်းရေးမှူး၊ ဒေါက်တာမာမာဝေနှင့် ဦးမောင်မောင်ကျော်တို့ပါဝင်သောအဖွဲ့က လက်ခံရယူကြပြီး တောင်ငူမြို့တော်ဝင်ကေတုမတီ ဟိုတယ်၌ ယာယီကိန်းဝပ်စံပယ်ထိန်းသိမ်းပူဇော်ထားမည်ဖြစ်ကြောင်း သိရသည်။ ကျန်ဆင်းတုတော်များကို သိမ်တော်ကြီးပြုပြင်သည့်အခါ သိမ်ဘုရားကြီး၏ ဌာပနာတော်များအဖြစ် ပြန်လည်ထည့်သွင်းသွားမည်ဖြစ်ကြောင်းသိရသည်။ **(၁၂၉)**

ပခုက္ကူမြို့နယ် ငွေချည်(၆)ချည်မျှင်ရှည်ဝါ တောင်သူပညာပေးစံပြကွက်ပြ

ပခုက္ကူ ဒီဇင်ဘာ ၉

မကွေးတိုင်းဒေသကြီး ပခုက္ကူမြို့နယ်တွင် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန စက်မှုသီးနှံဖွံ့ဖြိုးရေးဦးစီးဌာနမှ ငွေချည်(၆)ချည်မျှင်ရှည်ဝါ သီးနှံစနစ်တကျ စိုက်ပျိုးထုတ်လုပ်ရေးအတွက် တောင်သူပညာပေးပွဲနှင့် အောင်မြင်ဖြစ်ထွန်းနေသော စံပြကွက် ပြပွဲကို ဒီဇင်ဘာ ၇ ရက်က ပခုက္ကူမြို့နယ် ဖောင်းကွဲအုပ်စု ဇောင်ဂျမ်းကျေးရွာ တောင်သူ ဦးမြင့်ဝင်း၏စံပြစိုက်ခင်း၌ ကျင်းပရာ ပခုက္ကူခရိုင် စက်မှုသီးနှံဖွံ့ဖြိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူးဒေါ်ခင်မာစိုးနှင့် မြို့နယ်ဦးစီးမှူးဦးကျော်ဌေးတို့က ကျေးရွာတောင်သူများအား GAP (Good Agricultural Pracitise) နည်းဖြင့်စိုက်ပျိုးလျှင် ဝါသီးနှံအထွက်နှုန်း ပိုမိုထွက်ရှိကြောင်း ရှင်းလင်းပညာပေးခဲ့ပြီး တောင်သူပညာပေးပွဲသို့ ကျေးရွာအုပ်ချုပ်ရေးမှူးများနှင့် ဝါစိုက်တောင်သူများက လက်တွေ့ကွင်းဆင်းလေ့လာခဲ့ကြောင်း သိရသည်။ **အောင်(မန်းတက္ကသိုလ်)**

ကာယဗလဦးရှိန်

မကွေးလှမြင့်

ကာယဗလဦးရှိန်သည် အလေးမအားကစားခြင်းဖြင့် မြန်မာကိုကမ္ဘာကသိစေခဲ့သောပုဂ္ဂိုလ်ဖြစ်သည်။ အလေးမခြင်းဖြင့်လည်း အမျိုးသားစိတ်ဓာတ်ကို နိုးကြားစေခဲ့သည်။ အင်္ဂလိပ်အစိုးရလက်ထက်ကပင် အစိုးရအရာရှိအလုပ်ကို ငြင်းပယ်ခဲ့ပြီး ကာယဗလလောကကို ထူထောင်ကာ ဗိုလ်ချုပ်အောင်ဆန်းတို့နှင့်အတူ လွတ်လပ်ရေးတိုက်ပွဲကို ဆင်နွှဲခဲ့သူဖြစ်သည်။ ထို့ကြောင့် သူ့အကြောင်းကို ယနေ့ခေတ်လူငယ်များ သိသင့်လှ၏။

ကာယဗလဦးရှိန်ကို ၁၂၅၄ခုနှစ် တပို့တွဲလပြည့်ကျော် ၂ရက် ကြာသပတေးနေ့တွင် ရန်ကုန်မြို့ဘုန်းကြီးလမ်း၌ ဦးဖိုးဆိတ်နှင့် ဒေါ်ဖွားစိန်တို့က မွေးဖွားခဲ့သည်။ ၁၉၀၅ ခုနှစ်တွင် ရန်ကုန်မြို့ ကုန်တိုက်အနီးရှိ မက်သဒစ်ကျောင်း၌ စနေခဲ့သည်။ ထိုစဉ်က (၇)တန်းပြဆရာမှာ ဆာပေါ်ထွန်းဖြစ်သည်။(၇)တန်းအောင်သောအခါ ရှေ့နေရုံးတွင် တစ်နှစ်လုပ်ပြီး ဘီအိုစီရုံးတွင် (၂)နှစ်လုပ်ခဲ့သည်။ ထို့နောက်ဝီလျံဂျက်ကုမ္ပဏီတွင် ဝင်ရောက်အလုပ်လုပ်ခဲ့သည်။

ကာယဗလဦးရှိန်သည် ၁၉၁၁ ခုနှစ်နိုဝင်ဘာ ၁၁ ရက်တွင် စတင်၍ အလေးမခဲ့သည်။ ထိုစဉ်က မြန်မာလူမျိုးများထဲမှ အလေးမသူ မရှိသေး၍ စာအုပ်များကို ဖတ်ပြီး လေ့ကျင့်ခဲ့ရသည်။ ထိုကုမ္ပဏီမှ ရှစ်ပေါင်ရှိသော အလေးပြားကိုဝယ်၍ ပုံသွင်းပြီးအလေးမခဲ့သည်။ အလေးကို မရခြင်း၏ ရည်ရွယ်ချက် တိုင်းပြည်နိုးကြားမှု၊ အကျင့်စာရိတ္တကောင်းမှုနှင့် မြန်မာတို့၏သတ္တိကို ဖော်ထုတ်ပြသလိုသောကြောင့်ဖြစ်၏။

ဒုတိယကမ္ဘာစစ်မဖြစ်မီက ကမ္ဘာက မြန်မာကို မသိရှိကြပေ။ ထိုအချိန်တွင် မြန်မာလူမျိုးကို ကမ္ဘာက သိရှိစေရန် ကာယဗလဦးရှိန်သည် အလေးမအားကစားခြင်းဖြင့် သိရှိအောင်ဆောင်ရွက်ခဲ့သည်။ ထိုစဉ်က ဦးဇော်ဝိတ်သည် (၁၇)နှစ်သာရှိပြီး ဦးရှိန်ထံလာရောက်ပြီး တပည့်ခံကာ အလေးမခဲ့သည်။ ၁၉၃၅ ခုနှစ်တွင် ဦးရှိန်နှင့် ဦးဇော်ဝိတ်တို့ ဆရာတပည့်နှစ်ယောက် အိန္ဒိယသို့သွားကာ အလေးမပြိုင်ပွဲဝင်ခဲ့ပြီး အရှေးခံရသဖြင့် ဂျာမနီနိုင်ငံ ဘာလင်မြို့ အိုလံပစ်ပြိုင်ပွဲတော်သွား၍ အလေးမပြိုင်ပွဲဝင်ခဲ့သည်။ ထိုစဉ်က အိန္ဒိယနိုင်ငံ၏ကိုယ်စားသွားခဲ့ရသဖြင့် မြန်မာလူမျိုးဟူ၍မသိကြ၊ အိန္ဒိယလူမျိုးဟူ၍ သတ်မှတ်ကြ၏။ ထိုအိုလံပစ်ပွဲတော်အပြီးတွင်မှ မြန်မာလူမျိုး၏ဇွဲသတ္တိကိုလည်း ကမ္ဘာက သိရှိသွားသည့်အပြင် တိုင်းပြည်အတွက် အများကြီး လုပ်စရာတွေရှိသေးကြောင်း အမြင်ကျယ်လာကြသည်။

၁၉၃၅ခုနှစ်တွင် အိန္ဒိယပြည်၌လည်းကောင်း၊ ၁၉၃၆ ခုနှစ်တွင် ဂျာမနီနိုင်ငံ ဘာလင်မြို့၌လည်းကောင်း ဦးဇော်ဝိတ်နှင့် သွားရောက်ယှဉ်ပြိုင်ခဲ့၍ ကာယဗလလောကတွင် မြန်မာကို ကမ္ဘာက သိစေခဲ့ပါသည်။ စစ်ပြီးခေတ် ၁၉၅၁ ခုနှစ်၌ အိန္ဒိယပြည် ဒေလီမြို့၌ ပထမအာရှဗိုလ်လုပွဲကျင်းပ၍ တတိယဆု(၃) ဆုကိုရရှိခဲ့သည်။ ဒုတိယအကြိမ် ဖိလစ်ပိုင်နိုင်ငံ မနီလာမြို့သို့ တပ်ကြပ်ကြီးထွန်းမောင်နှင့် မောင်မောင်လွင်တို့အား ဝင်ရောက်ယှဉ်ပြိုင်စေရာ ငွေတံဆိပ်ဆု (၂)ခုရရှိခဲ့သည်။ ၁၉၅၂ ခုနှစ်တွင် ဖင်လန်နိုင်ငံ၌ ကျင်းပသောအိုလံပစ်ပွဲတွင် ဆုမရဘဲ ၁၉၅၄ ခုနှစ် ဩစတြေးလျနိုင်ငံ ဗီယာနာမြို့၌ ကျင်းပသော ကမ္ဘာ့ချန်ပီယံရွေးပွဲတွင် တပ်ကြပ်ကြီးထွန်းမောင်သည် တတိယရရှိခဲ့သည်။၁၉၅၅ခုနှစ် ဂျာမနီနိုင်ငံ မြူးနစ်မြို့တွင် ၁၄စတန်း၌ တပ်ကြပ်ကြီးထွန်းမောင် တတိယရရှိပြန်သည်။ ၁၉၅၆ ခုနှစ် ဩစတြေးလျနိုင်ငံ မဲလ်ဘုန်းမြို့တွင် ကျင်းပသော အိုလံပစ်ပြိုင်ပွဲတွင်လည်းကောင်း၊ ၁၉၆၀ ခုနှစ် ဂျပန်နိုင်ငံတွင် ကျင်းပသော အိုလံပစ်ပြိုင်ပွဲများတွင်လည်းကောင်း နည်းပြအဖြစ် ဆောင်ရွက်ခဲ့သည်။

ကာယဗလ ဦးရှိန်သည် အသက်အရွယ်ရသည့်တိုင်အောင် စကားပြောရာ၌လည်းကောင်း၊ အလုပ်လုပ်ရာ၌လည်းကောင်း လူငယ်များလို ဖျတ်လတ်သွက်လက်သည်။ သူ၏ကျန်းမာရေးအလေ့အထမှာ ဝမ်းချုပ်မခံ၊ ဝမ်းနုတ်သည်။ ဆရာကြီးရွှေဥဒေါင်းသည် ကာယဗလဦးရှိန်ထံမှ ဝမ်းနုတ်သော အလေ့အထကိုယူပြီး ဝမ်းချုပ်မခံဘဲ ဝမ်းနုတ်လေ့ရှိသည်။ ကာယဗလဦးရှိန်သည် အသက်(၂၀)အရွယ်က စ၍ စာအလွန်ဖတ်ခဲ့ကာ ငယ်စဉ်ကဗိုလ်တထောင် ၆၁ လမ်းမှ ဘားနပ်ပိ‌ုကတ်တိုက်သို့ နေ့စဉ်နံနက်တိုင်း ခြေကျင်သွား၍ စာဖတ်သည်။ အင်္ဂလိပ်သတင်းစာကို အမေရိကန်မှ တိုက်ရိုက်မှာ၍ ကြည့်သည်။ ညီဖြစ်သူ ဦးစိန်(ဦးပဂျိုင့)်ကို အိန္ဒိယသို့ ခေါ်သွားကာ သတင်းစာလုပ်ငန်းများကို လေ့လာစေပြီး တိုးတက်ရေးသတင်းစာ ထုတ်ဝေခဲ့သည်။ အသက်ကြီးလာသောအခါ လောကုတ္တရာစာပေများကို လေ့လာခြင်း၊ စာအုပ်ထုတ်ဝေခြင်း၊ ကမ္မဋ္ဌာန်းထိုင်ခြင်း အလုပ်များဖြင့် အချိန်ကို ကုန်လွန်စေခဲ့သည်။

အစိုးရကြော်ငြာ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ ပညာရေးဝန်ကြီးဌာန အဆင့်မြင့်ပညာဦးစီးဌာန(အထက်မြန်မာပြည်) ပင်လုံတက္ကသိုလ် ဘွဲ့နှင်းသဘင်လျှောက်လွှာခေါ်ယူခြင်း

ပင်လုံတက္ကသိုလ် ၂၀၁၂-၂၀၁၃ပညာသင်နှစ် ၂၀၁၃ခုနှစ်၊ စက်တင်ဘာလနှင့် ဒီဇင်ဘာလတွင် ကျင်းပခဲ့သော တတိယနှစ် (၂၀၁၀အောင်)၊ ဝိဇ္ဇာ/သိပ္ပံစာမေးပွဲများ၊စာတွဲထွန့် ဥပဒေဘွဲ့(၂၀၀၉အောင်) စာမေးပွဲနှင့် သိပ္ပံဂုဏ်ထူးဘွဲ့ (၂၀၀၉အောင်) စာမေးပွဲနှင့် ၂၀၁၂-၂၀၁၃ပညာသင်နှစ် ၂၀၁၃ခုနှစ်၊ မတ်လတွင်ကျင်းပခဲ့သော မဟာဘွဲ့သင်တန်း(၂၀၀၆အောင်)စာမေးပွဲအောင်မြင်ခဲ့ကြသူများသည် ပင်လုံတက္ကသိုလ်နဝမအကြိမ် ဘွဲ့နှင်းသဘင် တက်ရောက်ယူရန်နှင့် အဝေးရောက်ဘွဲ့လျှောက်လွှာများ တင်သွင်းလျှောက်ထားနိုင်သည်။

ဘွဲ့နှင်းသဘင်ကြေး

တက်ရောက်ဘွဲ့ကြေး	-၁၅၀၀/-
အဝေးရောက်ဘွဲ့ကြေး	-၁၀၀၀/-
လျှောက်လွှာတင်သွင်းရမည့်ရက်	- ၁၆-၁၂-၂၀၁၃ရက်မှ ၁၀-၁-၂၀၁၄ရက်ထိ
အစမ်းလေ့ကျင့်ရက်	-၂၄-၁-၂၀၁၄ရက် (သောကြာနေ့)
ဘွဲ့နှင်းသဘင်အခမ်းအနား	-၂၅-၁-၂၀၁၄ရက် (စနေနေ့)

မှတ်ချက်-

(၁) သတ်မှတ်ထားသော လျှောက်လွှာပုံစံဖြင့် လျှောက်ထားရမည်။
(၂) လွန်ခဲ့သော(၃)လအတွင်းရိုက်ကူးထားသော(၂×၁. ၅)လက်မရောင်စုံ ဓာတ်ပုံ(၃)ပုံ ပူးတွဲ၍ လျှောက်ထားနိုင်ရမည်။
(၃) သတ်မှတ်ဘွဲ့ကြေးများကို ပင်လုံတက္ကသိုလ်ငွေလက်ခံဌာနတွင် ပေးသွင်းရပါမည်။
(၄) ရပ်ဝေးမှပေးပို့လိုသူများသည် စာတိုက်ငွေပို့လွှာ(Postal Money Order)ဖြင့် ပေးပို့ရမည်ဖြစ်ပြီး ငွေပို့လွှာ၏အောက်ခြေတွင် "ဘွဲ့နှင်းသဘင်ကြေးပေးပို့ခြင်း"ဟု ဖော်ပြရမည့်အပြင် လျှောက်လွှာ၏အမည်၊ စာမေးပွဲအောင်မြင်သည့်ခုနှစ်၊ စာမေးပွဲခုံအမှတ်၊ အထူးပြုဘာသာရပ် စသည်များကို တိကျစွာဖော်ပြလျှောက်ထားရမည်။ ပြည့်စုံစွာဖော်ပြထားခြင်းမရှိသည့် ငွေပို့လွှာများကို လက်ခံစဉ်းစားမည်မဟုတ်ပါ။
(၅) ဘွဲ့လျှောက်ထားရာတွင် တင်သွင်းရမည့်ဓာတ်ပုံများသည် မြန်မာတစ်ဝတ်စုံ၊ တိုင်းရင်းသားဝတ်စုံ၊ အနောက်တိုင်းဝတ်စုံ (အမျိုးသား)နှစ်သက်ရာဝတ်စုံကို အပြည့်အစုံ ဝတ်ဆင်၍ သပ်ရပ်စွာရိုက်ကူးထားသော ဓာတ်ပုံများဖြင့်သာ လျှောက်ထားရပါမည်။
(၆) တက်ရောက်ဘွဲ့လျှောက်ထားပြီး ဘွဲ့နှင်းသဘင်အခမ်းအနားကို တက်ရောက်ရန် ပျက်ကွက်သူများ၏ ဘွဲ့လက်မှတ်ကို အဝေးရောက်ဘွဲ့လက်မှတ်များ ထုတ်ပေးသည့်အချိန်မှသာ ထုတ်ပေးမည်ဖြစ်ပါသည်။
(၇) အသေးစိတ်အချက်အလက်များကို ပင်လုံတက္ကသိုလ် တယ်လီဖုန်းနံပါတ်-၀၈၁-၃၀၄၅၁၊ ၃၀၄၅၄၊ ၃၀၄၅၅၃၊ ၃၀၆၉၇တို့တွင် စုံစမ်းနိုင်ပါသည်။

(လှမိုးအောင်)
မော်ကွန်းထိန်း
စာမေးပွဲနှင့်ဘွဲ့နှင်းသဘင်ဌာန၊ ပင်လုံတက္ကသိုလ်

စက်မှုဝန်ကြီးဌာန အမှတ်(၂)အကြီးစားစက်မှုလုပ်ငန်း အိတ်ဖွင့်တင်ဒါ(Open Tender)ခေါ်ယူခြင်း

၁။ စက်မှုဝန်ကြီးဌာန၊ အမှတ်(၂)အကြီးစားစက်မှုလုပ်ငန်း၊ အမှတ်(၂၁) အကြီးစားစက်ရုံ(သင်္ဘော)ရော်ဘာပစ္စည်း စက်ရုံ၌(ရွှေဟာသ်လမ်း) ရန်ကုန်တွင် အသုံးပြုရန်လိုအပ်သောအောက်ပါကုန်ကြမ်းပစ္စည်းများအား မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်။

စဉ်	ပစ္စည်းအမျိုးအမည်	အရေအတွက်
(က)	ဇက်ကရိန်းသားရေ	၁၁,၄၆၆ စ/ပေ
(ခ)	Steel Cap	၃,၂၇၆ ရံ
(ဂ)	Bonding Agent	393 kg
(ဃ)	Local Glue	၂၉၅ ဂါလန်
(င)	အခြားကုန်ကြမ်းပစ္စည်းများ	အမယ် ၁၅ မျိုး

၂။ အိတ်ဖွင့်တင်ဒါပုံစံနှင့်စည်းကမ်းချက်များ၊ဝယ်ယူမည့်ပစ္စည်းအမျိုးအမည်နှင့် အသေးစိတ်အချက်အလက်များကို ၉-၁၂-၂၀၁၃ရက်မှစတင်၍ ရုံးချိန်အတွင်းအောက်ပါလိပ်စာတွင် လာရောက်ထုတ်ယူနိုင်ပြီး အိတ်ဖွင့်စျေးနှုန်းတင်ဒါများကို ၂၃-၁၂-၂၀၁၃ရက် ၁၃း၀၀နာရီ နောက်ဆုံးထား၍ တင်သွင်းရမည်ဖြစ်ပါသည်။

အမှတ်(၂)အကြီးစားစက်မှုလုပ်ငန်းပစ္စည်းစီမံရေးဌာန
စက်မှုဝန်ကြီးဌာန
ရုံးအမှတ်(၃၀)၊ နေပြည်တော်၊ ဖုန်း-၀၆၇-၄၀၅၀၅၈

ဆက်သွယ်ရေးနှင့်သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာန မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း လုပ်ငန်းသုံးပစ္စည်းများဝယ်ယူရန်အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာန၊ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းအတွက် အသုံးပြုရန်လိုအပ်သော အောက်ဖော်ပြပါ လုပ်ငန်းသုံးပစ္စည်းများကို ပြည်တွင်းငွေဖြင့် ဝယ်ယူလိုပါသည်။

2 Ton Light Truck With Container Box (4000cc)(Red) 5-Units

၂။ တင်ဒါပုံစံတစ်စောင်လျှင် ၁၀၀၀/-နှုန်းဖြင့် ဝယ်ယူနိုင်ပြီး ၁၃-၁၂-၂၀၁၃ရက် ၁၃း၀၀နာရီတွင် တင်ဒါပိတ်သိမ်းပါမည်။ သတ်မှတ်ထားသည့်အချိန်ထက် ကျော်လွန်ပေးသွင်းသော တင်ဒါများအား လက်ခံမည်မဟုတ်ပါ။

၃။ တင်ဒါပုံစံနှင့် တင်ဒါခေါ်ယူသည့်ပစ္စည်းများ၏ အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် စုံစမ်းနိုင်ပါသည်။

တင်ဒါစစ်ရွေးချယ်ရေးကော်မတီ
ဆက်သွယ်ရေးနှင့်သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာန
မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း(ပစ္စည်းဌာန)
အမှတ်(၄၃)၊ ဗိုလ်အောင်ကျော်လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၀၁-၃၈၀၂၃၁/၀၁-၃၈၄၇၂၂

လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန စိုက်ပျိုးရေးဦးစီးဌာန အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ စိုက်ပျိုးရေးဦးစီးဌာနနှင့် စိုက်ပျိုးရေးသိပ္ပံကျောင်းများတွင် အသုံးပြုရန်အတွက် လိုအပ်သော ဓာတ်ခွဲခန်းသုံးပစ္စည်းများ၊ Epson Dot Matrix Printer နှင့် Scanner တို့အား မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်။

တင်ဒါပုံစံရောင်းချမည့်ရက်	- ၁၀-၁၂-၂၀၁၃ ရက်
တင်ဒါပိတ်မည့်ရက်	- ၁၉-၁၂-၂၀၁၃ ရက် နံနက် ၁၁း၀၀ နာရီ

တင်ဒါပုံစံနှင့် အသေးစိတ်တင်ဒါစည်းကမ်းချက်များကို ရုံးချိန်အတွင်း ဖုန်း-၀၆၇-၄၁၀၅၂၂ သို့ စုံစမ်းမေးမြန်း၀ယ်ယူနိုင်ပါသည်။

တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ၊ စိုက်ပျိုးရေးဦးစီးဌာန
ရုံးအမှတ်(၄၃)၊ နေပြည်တော်

နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ နယ်စပ်ရေးရာဝန်ကြီးဌာန၊ ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ်အတွက် အသုံးပြုရန် အောက်ပါပစ္စည်းများကို တက္ကသိုလ်အရောက် တန်ဖိုး(မြန်မာကျပ်ငွေ)ဖြင့် ဝယ်ယူလိုပါသည်-

(က) အရာရှိစားပွဲ (ကျွန်း) (၇) လုံးနှင့် အရာရှိ လက်တင်ပါ ကုလားထိုင် (၇)လုံး — ၂ မျိုး
(ခ) စက်လွှ (6.5HP) (၁)ခု၊ မြက်ဖြတ်စက်(လက်တွန်း) (၁)လုံးနှင့် မြက်ဖြတ်စက် (ပခုံးထမ်း) (၁)လုံး — ၃ မျိုး
(ဂ) Microscope (XSP-2CA) (Binocular) (၂၀)စုံနှင့် Oscilloscope (Rigol DS-1052E) (၁)စုံ — ၂ မျိုး
(ဃ) Multimedia Projector (LV-8310) ANSI Lumens 1280 x 800 (၃) စုံ၊ Motorized Screen (18') (Euro) (၁)ခုနှင့် Motorized Screen (16') (Euro) (၂)ခု — ၃ မျိုး

၂။ ၃၁-၁၂-၂၀၁၃ ရက် ၁၃း၀၀ နာရီတွင် တင်ဒါပိတ်သိမ်းမည်။

၃။ တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကိုသိရှိလိုပါက တက္ကသိုလ်သို့ လူကိုယ်တိုင်လာရောက်၍ဖြစ်စေ ဖုန်းနံပါတ်-၀၉-၆၄၆၃၅၃၉ သို့ဖြစ်စေ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ
ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ်
စစ်ကိုင်း

ပြင်ဦးလွင်ပန်းပွဲတော်သို့ အပန်းဖြေခရီးအပြင် ပန်းရုပ်လုံးရုပ်ကြွေဖော်နည်းကို လေ့လာနိုင်

ပြင်ဦးလွင်မြို့တွင် နှစ်စဉ်ကျင်းပလျက်ရှိသော ဒီဇင်ဘာလ၏ပန်းပွဲတော်သို့ မုံရွာမြို့နှင့် ဝန်းကျင်ဒေသခံများ အနေဖြင့်သွားရောက်လေ့လာမှုမှာ တစ်နှစ်ထက်တစ်နှစ် ပိုမိုများပြားလာသည်နှင့်အတူ အဆိုပါပန်းပွဲတော်တွင် အလှပြရုပ်လုံးဖော်ထားသော ပန်းရုပ်လုံးရုပ်ကြွေများ၏ ပန်းအလှစိုက်၊ ပန်းထိုးနည်းပညာကိုပါ လေ့လာခွင့်ရရှိသောကြောင့် အဆိုပါပညာကိုလေ့လာ၍ မိမိတို့ဒေသရှိ ဘာသာရေးပွဲ၊ လူမှုရေးပွဲများတွင် ပြန်လည်အသုံးချသည့် အခွင့်အလမ်းများရရှိသောကြောင့် ယခုနှစ်တွင်လည်း သွားရောက်ကြမည့်သူများ ပိုမိုများဖွယ်ရှိကြောင်း ပန်းအလှပြင်သူများထံမှ သိရသည်။

"ပန်းပွဲတော်ရောက်ရင် ကျွန်မတို့ အဖွဲ့လိုက်မေမြို့ကို သွားကြပြီး ပွဲတော်လည်းသွားရင်း ပန်းစိုက်၊ ပန်းအလှထိုးပညာကိုပါ လေ့လာခဲ့ကြပါတယ်။ တစ်နှစ်နဲ့တစ်နှစ် ပုံစံမတူသလို ဒီဇိုင်းဆင်တာတွေကလည်း ဆန်းသထက်ဆန်းလာတော့ သွားလေ့လာရကျိုးနပ်ပါတယ်။ ပန်းအလှဆင်ပန်းစိုက်ပညာမှာ ရေဆွတ်ထားတဲ့ဖော့တုံးတွေနဲ့ အောက်ခံသံဖရိန်နဲ့ဖြစ်ဖြစ်၊ ကြိမ်ထည်နဲ့ဖြစ်ဖြစ် ပုံကြမ်းဖော်ထားတဲ့အပေါ် လိုက်ချည်ပြီး အဲဒီဖော့ကို ပန်းခက်တွေထိုးပုံဖော်ထားတာဖြစ်ပါတယ်။ ဖော့မှာရေဆွတ်ထားတော့ ပန်းအတွက် ရေရပြီးသားဖြစ်သလို ပေါ့ပါးပြီး လိုရာနေရာကို သယ်ယူနိုင်တဲ့အတွက် ဒီနည်းပညာက ပန်းရှိတဲ့နေရာမှာ ဆိုရင် လုပ်လို့ရတဲ့နည်းဖြစ်ပါတယ်။ ဒီဇိုင်းဆိုတာကလည်း ကိုယ်စိတ်ကူးဉာဏ်ရှိရင်ရှိသလောက် လုပ်လို့ရတာဆိုတော့ နေရာဒေသ အတော်များများရဲ့ဘာသာရေးပွဲတွေ၊ မင်္ဂလာဆောင်၊ အလှူပွဲ၊ တရားပွဲတွေမှာ ဒီပန်းအလှဆင်တာတွေကို လုပ်လာပြီ ဖြစ်ပါတယ်"ဟု ပန်းအလှပြင်သူတစ်ဦးက ပြောပြသည်။

မုံရွာမြို့ရှိ ပြင်ဦးလွင်သို့ ပြေးဆွဲသောကားအသင်းများ အနေဖြင့်လည်း ဒီဇင်ဘာလသို့ရောက်လျှင် ပန်းပွဲတော်၊ ထိုပွဲတော်မတိုင်မီ ကျင်းပသော မီးပုံးပျံပွဲတော်များသို့ သွားလာသူများသောကြောင့် တောင်ပြုန်းပွဲပြီးလျှင် ပန်းပွဲတော်သို့သွားရောက်သူ များပြားကြောင်း ကားဆရာတစ်ဦးထံမှ သိရသည်။

မျိုးဝင်းထွန်း(မုံရွာ)

ခရီးသည်တင်သင်္ဘောပေါ်တွင် ကြက်တင်စက်ဘီးများ မတင်ဆောင်သင့်

ရန်ကုန် ဒီဇင်ဘာ ၉

ဒီဇင်ဘာ ၁ရက် နံနက် ၁၀ နာရီ မိနစ်၂၀က ပန်းဆိုးတန်းမှ ထွက်ခွာလာသည့်ပန်းဆိုးတန်း-ဒလပြေးဆွဲနေသော ထီးလှိုင်ရှင်သင်္ဘောပေါ်တွင် စက်ဘီးနှစ်စီးဖြင့် ကြက်များကို တွဲလောင်းချိတ်၍ တင်ဆောင်လာသည်ကို မြင်တွေ့ရသည်။

ဂင်းသင်္ဘောဖြင့်လိုက်ပါလာသော နိုင်ငံခြားသားများသည် အဆိုပါကြက်တင်စက်ဘီး နှစ်စီးကို တဖျပ်ဖျပ် ဓာတ်ပုံရိုက်နေသည်ကိုလည်း မြင်တွေ့နေရသည်။ ပန်းဆိုးတန်းမှ ဒလသို့ ခေါက်တုံ့ခေါက်ပြန်ပြေးဆွဲနေသော သင်္ဘောပေါ်တွင် ခရီးသည်အမြောက်အမြား လိုက်ပါလေ့ရှိသကဲ့သို့ ကြက်တင်စက်ဘီးများ ကလည်း နေ့စဉ်အခေါက်ပေါင်းများစွာ ခရီးသည်များနှင့်အတူ တင်ဆောင်လာမြဲဖြစ်သည်။

ကြက်တင်စက်ဘီးများ အနီးတွင် မည်သည့်ခရီးသည်မျှ မနေလိုကြပေ။ ကြက်ချေးနံ့သည် အတော်စူးရှပြင်းထန်လှသည်။ အခန့်မသင့်လျှင် ကြက်များရှုန်းကန်၍ ကြက်တောင်ပံခတ်လေသောအခါ ကြက်ချေးများသည် ဟိုလွင့်စဉ် ဒီလွင့်စဉ်ဖြစ်တတ်သည်။ ခရီးသည်အများစု၏ မျက်စိတွင် တွဲလောင်းချိတ်ဆွဲထားသော ကြက်များကိုကြည့်၍ အကြင်နာကိုယ်ချင်းစာတရားတို့ဖြင့် စိတ်မချမ်းမြေ့ဖြစ်ကြရသည်ကို သိရသည်။

ရှေ့နေ-စန်းဝင်း

ပေါင်းတည်မြို့ အရှေ့ညောင်ကုန်းကျေးရွာ၌ ငွေချည်(၆)ချည်မျှင်ရှည်ဝါနည်းပညာပေးပွဲနှင့် စံပြကွက်ပြသပွဲကျင်းပ

ပေါင်းတည် ဒီဇင်ဘာ ၉

ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင် ပေါင်းတည်မြို့နယ် စက်မှုသီးနှံ ဖွံ့ဖြိုးရေးဦးစီးဌာနက ကြီးမျူးကျင်းပသော ငွေချည်(၆)ချည်မျှင်ရှည်ဝါ ပန်းပွင့်မြိုင်ချိန် မြေသြဇာကျွေးခြင်း၊ စံပြကွက် ၂ ဧကအား တောင်သူများ နည်းပညာပေးပွဲနှင့် စံပြကွက်ပြသပွဲကို ဒီဇင်ဘာ ၆ရက် နံနက် စနာရီက ဘိုးသာအောင်ကုန်း ကျေးရွာအုပ်စု၊ အရှေ့ညောင်ကုန်းကျေးရွာ တောင်သူ ဦးသောင်းဝင်း၏ စံပြစိုက်ခင်းရှေ့၌ ကျင်းပသည်။

အခမ်းအနားသို့ မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဦးဇေယျာစည်သူနှင့် ဌာနဆိုင်ရာများ၊ ရပ်ကွက်/ကျေးရွာ စာရေးဝန်ထမ်းများ၊ စက်မှုသီးနှံ ဖွံ့ဖြိုးရေးဦးစီးဌာန ပဲခူးတိုင်းဦးစီးမှူး ရုံးမှ ဦးမိုးနိုင်၊ ခရိုင်ဦးစီးမှူး ဒေါ်စိန်လှမြင့်၊ မြို့နယ်ဦးစီးမှူး ဒေါ်ရင်ငွေ၊ ဝါသီးနှံတာဝန်ခံ ဒုတိယဦးစီးမှူး ဒေါ်ငွေရီ၊ မြို့နယ်စိုက်ညီအဖွဲ့ဝင်များ၊ ကျေးရွာအုပ်ချုပ်ရေးမှူး ဦးဇော်ဝင်းနှင့် ဝါစိုက်တောင်သူ ၁၀၀ကျော် တက်ရောက်ကြပြီး ဝါမှထွက်ရှိသော ပစ္စည်းများအား ပြသခြင်းနှင့် ဝါစိုက်ပျိုးရေးနှင့် ပတ်သက်သည့် လက်ကမ်း စာစောင်များကို တက်ရောက်လာကြသူများအား ဝေငှခဲ့ပြီး ဝါစိုက်ခင်းအတွင်းသို့ တာဝန်ရှိသူများက လေ့လာကြည့်ရှုချိန်တွင် ဝါစိုက်တောင်သူ ဦးသောင်းဝင်းအား မေးမြန်းရာ တစ်ဧကလျှင် ပိသာ ၁၀၀၀ ထွက်ရှိမည်ဖြစ်ကြောင်း ပြောကြားသည်။

တင်ဝင်းဇော်(မင်းသားကြီး)

မကွေးမြို့ အဝေးပြေးကားဝင်းအတွင်း ကားဂိတ်နှင့်ဆိုင်ခန်းများ တိုးချဲ့ဆောက်လုပ်

မကွေး ဒီဇင်ဘာ ၉

မကွေးမြို့ အောင်ရတနာရပ်ကွက်ရှိ မကွေးမြို့နယ် စည်ပင်သာယာရေးကော်မတီပိုင် ကားဝင်းကြီးအတွင်း၌ ကားဂိတ် ၂၆ ခန်းနှင့် ဈေးဆိုင်ခန်း ၆၀ကို အသစ်ထပ်မံတိုးချဲ့ ဆောက်လုပ်လျက်ရှိကြောင်း သိရသည်။

ကားဂိတ်အခန်းတစ်ခန်း၏အကျယ်မှာ ၁၅ပေ×ပေ၃၀၊ အုတ်ညှပ်နှစ်ထပ်ဖြစ်ပြီး တစ်ခန်းလျှင် ၁၂၅ သိန်းဖြင့် လည်းကောင်း၊ ဈေးဆိုင်ခန်း တစ်ခန်း အကျယ်မှာ ၁၀ပေ×၁၀ပေ OPEN SHED ဖြစ်ပြီး တစ်ခန်းလျှင် ၁၂ သိန်းဖြင့် လည်းကောင်း ငှားရမ်းလိုသူများသည် မကွေးမြို့နယ် စည်ပင်သာယာရေးကော်မတီသို့ လျှောက်ထားနိုင်ကြောင်းနှင့် လျှောက်လွှာပုံစံများကို တစ်စောင်လျှင် ကျပ် ၅၀၀၀ ဖြင့် ရောင်းချနေကြောင်း သိရသည်။

လျှောက်ထားရာတွင် ကားဂိတ်အဆောက်အအုံအတွက် ယာဉ်လိုင်းပိုင်ရှင်(သို့)ယာဉ်လိုင်းဂိတ်တာဝန်ခံ၏ ပတ်စ်ပို့အရှယ်ဓာတ်ပုံ ၃ ပုံ၊ မှတ်ပုံတင်မိတ္တူနှင့် သက်ဆိုင်ရာဌာနများမှ ယာဉ်လိုင်းပြေးဆွဲခွင့် လုပ်ငန်းလုပ်ကိုင်ခွင့်ပြုထားသော လိုင်စင်မိတ္တူ၊ စည်ပင်သာယာရေးကော်မတီသို့ ပေးဆောင်ထားသည် ပုဂ္ဂလိကယာဉ်လိုင်းလိုင်စင်မိတ္တူ၊ ဈေးဆိုင်ခန်းအတွက် ရောင်းချမည့်ပုဂ္ဂိုလ်၏ ပတ်စ်ပို့အရှယ်လိုင်စင်ဓာတ်ပုံ ၃ ပုံ မှတ်ပုံတင်မိတ္တူနှင့် လက်ရှိရောင်းချသော ကုန်ပစ္စည်းအမျိုးအစားတို့ကို ပူးတွဲတင်ပြရမည်ဟု ဖော်ပြထားသည်။ ဈေးဆိုင်ခန်းများအနေဖြင့် လစဉ် ဆိုင်ခန်းတစ်ခန်း မြေနေရာ ၄ားရမ်း၁ ကျပ် ၅၀၀၀ ပေးဆောင်ရမည်ဟု မကွေးမြို့နယ် စည်ပင်သာယာရေးကော်မတီ၏ ကြော်ငြာစာ အမှတ် (၁/၂၀၁၃)တွင် ဖော်ပြထားကြောင်း သိရသည်။

မကွေးလှမြင့်

အစိုးရကြော်ငြာ

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း
(အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း ဓာတ်ငွေ့/ရေနွေးငွေ့စက်ရုံများ ဌာနမှ ရွာမ (၂၄၀)မဂ္ဂါဝပ်တိုးချဲ့စီမံကိန်းအတွက် လိုအပ်သောသဘာဝဓာတ်ငွေ့ပိုက်နှင့် Ball Valve များကို နိုင်ငံခြားငွေဖြင့် တင်ဒါခေါ်ဆို ဝယ်ယူလိုပါသည်။

တင်ဒါပုံစံရောင်းချမည့်ရက်	-	၉-၁၂-၂၀၁၃ ရက်
တင်ဒါပိတ်မည့်ရက်	-	၉-၁-၂၀၁၄ ရက်
တင်ဒါပိတ်မည့်အချိန်	-	(၁၂၀၀)နာရီ

တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
တင်ဒါကြီးကြပ်ရေးအဖွဲ့
မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း၊ ပစ္စည်းစီမံရေးဌာန
ရုံးအမှတ်(၂၇)၊ နေပြည်တော်၊
ဖုန်း-၀၆၇-၄၁၀၂၀၉၊ ၄၁၀၂၈၂

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း
(အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း ဓာတ်ငွေ့/ရေနွေးငွေ့စက်ရုံများဌာနမှ ကျောက်ဆည်ဒေသတွင် တည်ဆောက်မည့် Gas Engine သဘာဝဓာတ်ငွေ့ ပိုက်သွယ်တန်းရန်အတွက် လိုအပ်သော ပိုက်နှင့်ပိုက်ဆက်ပစ္စည်းများကို နိုင်ငံခြားငွေဖြင့် တင်ဒါခေါ်ဆိုဝယ်ယူလိုပါသည်။

တင်ဒါပုံစံရောင်းချမည့်ရက်	-	၉-၁၂-၂၀၁၃ ရက်
တင်ဒါပိတ်မည့်ရက်	-	၉-၁-၂၀၁၄ ရက်
တင်ဒါပိတ်မည့်အချိန်	-	(၁၂၀၀)နာရီ

တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ တင်ဒါကြီးကြပ်ရေးအဖွဲ့
မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း၊ ပစ္စည်းစီမံရေးဌာန
ရုံးအမှတ်(၂၇)၊ နေပြည်တော်၊
ဖုန်း-၀၆၇-၄၁၀၂၀၉၊ ၄၁၀၂၈၂

စွမ်းအင်ဝန်ကြီးဌာန၊ မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း
(အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း) (၁၅/၂၀၁၃)

၁။ မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်းအတွက် အောက်ဖော်ပြပါ ရေနံတူးဖော်/ထုတ်လုပ်ရေးလုပ်ငန်းသုံးပစ္စည်းများအား နိုင်ငံခြားငွေ(အမေရိကန်ဒေါ်လာ)ဖြင့် ဝယ်ယူလိုပါသည်။

စဉ်	တင်ဒါအမှတ်	ပစ္စည်းအမျိုးအမည်	အရေအတွက်	မှတ်ချက်
(၁)	IFB-120(2013-2014)	4 1/4" & 3 1/2" Square Kelly with Bushing	(3) Items	US$
(၂)	IFB-121(2013-2014)	(5) Ton Air Winch for EMSCO, Oil Well, D3T2SR-1 & 2	(4) Nos	US$
(၃)	IFB-122(2013-2014)	Submersible Pump(440 IGPM, 450 Ft Head, 75 KW(100 HP), 400 V	(1) Lot	US$
(၄)	IFB-123(2013-2014)	Derrick Shaker Unit Flow Line Mud Cleaner FLC-504	(2) Sets	US$
(၅)	IFB-124(2013-2014)	Safety Harness & Flexible Steel Tail Ropes for Drilling Rigs	(3) Items	US$
(၆)	IFB-125(2013-2014)	Insert Pump	(48)Items	US$
(၇)	IFB-126(2013-2014)	Working Barrels, Working Valves, Standing Valves	(9) Items	US$
(၈)	IFB-127(2013-2014)	Tubing and Casing Swab Cups	(4) Items	US$
(၉)	IFB-128(2013-2014)	Magna Dewax & Wild Cat 441(AMC)	(2) Items	US$
(၁၀)	IFB-129(2013-2014)	Stuffing Box	(4) Items	US$
(၁၁)	IFB-130(2013-2014)	Sucker Rod, Pony Rod	(17) Items	US$
(၁၂)	IFB-131(2013-2014)	Plastic Valve Cups and Plastic Seating Cups	(8) Items	US$
(၁၃)	IFB-132(2013-2014)	2", 3" Flow Line Pipes	(2) Items	US$
(၁၄)	IFB-133(2013-2014)	Sucker Rod Elevator	(5) Items	US$

၂။ အိတ်ဖွင့်တင်ဒါပုံစံများကို ကြော်ငြာပါသည့်နေ့မှစ၍ ရုံးချိန်အတွင်း စွမ်းအင်ဝန်ကြီးဌာန၊ မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း၊ ရုံးအမှတ်(၄၄)၊ နေပြည်တော်တွင် လာရောက်ဝယ်ယူနိုင်ပါသည်။

၃။ အဆိုပါအိတ်ဖွင့်တင်ဒါများကို ၆-၁-၂၀၁၄ ရက် ၁၆း၃၀ နာရီတွင် နောက်ဆုံးထား၍ ပစ္စည်းစီမံဌာန၊ မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း၊ ရုံးအမှတ်(၄၄)၊ နေပြည်တော်သို့ လာရောက်ပေးသွင်းရန် ဖြစ်ပါသည်။

မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း
ဖုန်း-၀၆၇-၄၁၁၀၉၇၊ ၄၁၁၂၀၆

စပျစ်သီးနဲ့ပဋ္ဌဇီဝဆေးဝါးများအန္တရာယ်

(စပျစ်သီးဆိုတာ) ကမ္ဘာပေါ်မှာ စပျစ်သီးမျိုးစိတ်ပေါင်း ၈၀၀၀ခန့် ရှိကြပြီး သူပေါက်ရောက်ရာအရပ်ဒေသပေါ်မူတည်ကာ အစိမ်းဖျော့၊ အဝါဖျော့ပန်းရင့်၊ အနီ၊ ခရမ်းရင့်အနက်၊ Concord (ခေါ်) သပြေသီးမှည့်ရောင်၊ Muscadine (ခေါ်)အနီရောင်အလုံးကြီးကြီးစပျစ်သီး၊ Jabuticaba(ခေါ်) ပင်စည်တွင်ကပ်၍ အသီးသီးသော စပျစ်သီး၊ အစေ့လွတ်စပျစ်သီး၊ ဝိုင်ချက်သော စပျစ်သီး စသည်ဖြင့် အရောင်အမျိုးမျိုး၊ အရွယ်အစားအမျိုးမျိုးရှိကြပါတယ်။ အရောင်နှင့် အမျိုးအစားပေါ်လိုက်၍ အရသာမှာလည်း ဖန်-ချဉ်-ချို-အလွန်ချို စသည်ဖြင့် ကွဲပြားလို့နေပါတယ်။

(စပျစ်သီးအစွမ်း) စပျစ်သီးထဲမှာ လူသားတို့ကျန်းမာရေးကို အထောက်အကူဖြစ်စေသော caffeic အက်ဆစ်၊ resveratrol၊ bioflavonoids နဲ့ polyphenols စတဲ့ ဓာတ်တိုးဆန့်ကျင်ပစ္စည်းတွေပါရှိနေကြပြီး စပျစ်သီးအခွံအရောင်ရင့်လေ ကျန်းမာရေးအတွက် ပိုမိုဆေးဖက်ဝင်လေပါပဲ။ ဆေးဖက်ဝင်အောင် အစေ့နဲ့ အခွံတို့ကိုပါ ညက်ညက်ဝါးစားပေးရမှာဖြစ်ပြီး အရွယ်ရောက်ပြီးသူ လူတစ်ဦးအတွက် တစ်နေ့လျှင် စပျစ်သီးလက်တစ်ဆုပ်စာကို နံနက်(သို့မဟုတ်)ညအိပ်ရာဝင်ခါနီး စားသင့်ပါတယ်။ ဝိုင်(အနီ)သောက်သူများအနေဖြင့် ညအိပ်ရာဝင်ခါနီးတိုင်း (၅၀)စီစီမျှ သောက်ပေးနိုင်ပါတယ်။

စပျစ်သီးက ကိုယ်ခံစွမ်းအားကို တိုးတက်မြင့်မားစေကာ သွေးတိုး၊ ခေါင်းတစ်ခြမ်းကိုက်၊ ဝမ်းချုပ်၊ မျက်စေ့တိမ်စွဲ၊ အအေးမိ၊ နှာစေး၊ ချောင်းဆိုး၊ ဖျားနာ၊ အရိုးဆစ်ရောင်(ဂေါက်)နှင့် လေးဖက်နာ၊ Type 2 diabetes (ခေါ်)ဆီးချို၊ ဦးနှောက်နဲ့အာရုံကြော၊ သွေးဆုံးကိုင်း၊ လည်ချောင်းနာ၊ အာသီးရောင်၊ ပန်းနာရင်ကျပ်၊ အသည်းအဆီဖုံးစတဲ့ ရောဂါအမျိုးမျိုးတို့ကို ကောင်းကျိုးပြုပါတယ်။ စပျစ်သီးစားခြင်းရဲ့ အခြားကျန်းမာရေးအကျိုးကျေးဇူးတွေကတော့ လည်ချောင်း၊ အဆုတ်၊ အသည်း၊ အူမကြီး၊ ဆီးကျိတ်နဲ့ ရင်းသားကင်ဆာ ဖြစ်နိုင်ခြေ အလားအလာတို့ကို လွန်စွာနည်းပါးစေခြင်း၊ နှလုံးသွေးကြောပျက်စီး၍ နှလုံးရောဂါဖြစ်ခြင်းမှ ကာကွယ်ပေးခြင်း၊ DNA ကို တိုးမြှင့်ပေးကာ သက်ရှည်ကျန်းမာစေခြင်း၊ ခန္ဓာကိုယ်တွင်း အဆိပ်အတောက်များကို ပြေပျောက်စေခြင်း၊ သည်းခြေကိုသန့်စင်ပေးကာ၊ ဆီးလမ်းကြောင်းပိုးဝင်ခြင်းနှင့် ဆီးကျောက်တည်ဝေဒနာကို သက်သာလာစေခြင်း၊ သွေးအတွင်းရှိ ကိုယ်လက်စရောကျစေတဲ့အပြင် ကိုယ်အလေးချိန်ကိုပါ ကျစေနိုင်ခြင်း၊ နာလန်ထစလူနာများကို ခံတွင်းလိုက်ကာ အားပြန်ပြည့်စေခြင်း၊ အိုမင်းရင့်ရော်မှုကို နှေးကွေးစေခြင်း၊ အရိုးနဲ့ကြွက်သားတစ်ရှူးများသန်မာစေခြင်း စသည်ဖြင့် လွန်စွာဆေးဖက်ဝင်လှကြောင်းကို မြန်မာ့ဆေးကျမ်းများသာမက အမေရိကန်နိုင်ငံ အခြေစိုက် Women's Health ဂျာနယ်၊ Rochester တက္ကသိုလ်၊ Harvard ဆေးဝါးတက္ကသိုလ်၊ ကယ်လီဖိုးနီးယားရှိ ပွန်ဟော့ပ်ကင်းတက္ကသိုလ်နဲ့ တူရကီနိုင်ငံရှိ Erciyes တက္ကသိုလ်များက အကြံပြုထားကြပါတယ်။

စပျစ်သီးနဲ့ ပဋ္ဌဇီဝဆေးဝါးများအန္တရာယ်

စပျစ်သီး၊ စပျစ်ဖျော်ရည်များနဲ့ စပျစ်ဝိုင်သောက်ခြင်းက အထက်ပါအတိုင်း ဆေးဖက်ဝင်တဲ့အပြင် အဆုတ်အတွင်းပိုင်း အစိုဓာတ်အားကောင်းစေတာကြောင့်လည်း အဆုတ်ကျန်းမာစေကာ အဆုတ်ကင်ဆာဖြစ်နိုင်ချေ အလားအလာကို ၁၃%ထိ လျော့ပါးစေကြောင်း စပိန်နိုင်ငံရှိ University of Santiago de Compostela မှ အတည်ပြုထောက်ခံထားပါတယ်။

သို့သော် ပဋ္ဌဇီဝဆေးတွေသောက်ပြီး ချက်ချင်းဆိုသလို စပျစ်သီး(သို့မဟုတ်) စပျစ်ဖျော်ရည်တွေကို စားသောက်မိပါက ထိုအသီးထဲမှာပါတဲ့ အင်ဇိုင်းဓာတုပစ္စည်းများက ပဋ္ဌဇီဝဆေးတွေနဲ့ ဓာတ်ဖောက်ပြန်ကာ ဘေးထွက်ဆိုးကျိုးအဖြစ် သွေးခုန်နှုန်းကို မြင့်မားမြန်ဆန်လာစေကာ အော်ဂလီဆန်ပျို့အန်မူးမော်နိုင်ပြီး အခန့်မသင့်ပါက သတိလစ်စေပါတယ်တဲ့။ အထူးသဖြင့် သွေးကျဆေး၊ ကယ်လစီယမ်အားဖြည့်ဆေး၊ စိတ်ငြိမ်ဆေး၊ ကိုယ်လက်စထရောကျဆေး၊ အားဆေးအမျိုးမျိုး၊ အကိုက်အခဲပျောက်ဆေး၊ ကျား-မဟိုမုန်းအားဆေးနဲ့ HIV ဆေးတွေက စပျစ်(သို့မဟုတ်) စပျစ်ဖျော်ရည်တွေနဲ့ ဓာတ်ဖောက်ပြန်ကာ လူကိုအန္တရာယ်ဖြစ်စေနိုင်တာကြောင့် ဖော်ပြပါဆေးဝါးများဖြင့် ကုသမှုခံယူနေစဉ်မှာ ထိုအသီးများကို မစားသုံးသင့်ကြောင်း American Health Digest (ခေါ်)အမေရိကန်ကျန်းမာရေးအင်တာနက်သတင်းလွှာမှာ ၂၀၁၃ခုနှစ် ဒီဇင်ဘာလ ၄ရက်က ဖော်ပြသွားခဲ့ပါတယ်။

ဒါတင်မကသေးပါဘူးတဲ့ အိန္ဒိယနိုင်ငံမှာ ယခုနောက်ဆုံးဓာတ်ခွဲစမ်းသပ်ချက်များအရ ဆစ်ထရစ်အက်ဆစ်(ခေါ်) အချဉ်ဓာတ်ကဲတဲ့ သစ်သီးများဖြစ်ကြသော ဂရိတ်ဖရု၊ လိမ္မော်၊ သံပရာ၊ သလဲသီး၊ သရက်၊ မာလကာ၊ ပန်းသီး(အချဉ်)၊ ခရမ်းချဉ်သီးတို့အပြင် ပန်းဂေါ်ဖီ(အဖြူ)၊ ဟင်းနုနယ်ရွက်၊ မုန်လာဥနီတို့ကလည်း ပဋ္ဌဇီဝဆေးဝါးများနဲ့ တွဲစားသောက်မိတဲ့အခါ အလားတူဘေးထွက်ဆိုးကျိုးတွေ ဖြစ်နေတာကို တွေ့ရှိရကြောင်းနဲ့ ထိုသစ်သီးဝလံ၊ ဟင်းသီးဟင်းရွက်များစားသောက်ပြီး အနည်းဆုံး ၄နာရီခန့်ကြာမှ ပဋ္ဌဇီဝဆေးဝါးများကို သောက်သုံးသင့်ကြောင်း American Health Digest သတင်းလွှာက ထပ်လောင်းဖော်ပြထားပါတယ်။

သတိပြုဖွယ်ရာအဖြာဖြာ

(က)ပိုးသတ်ဆေးတွေနဲ့ အပင်ကြီးထွားဆေးစတဲ့ ဓာတုဆေးများ အန္တရာယ်မှ ကင်းဝေးအောင် စပျစ်သီးကို ရေစင်စင်ဆေးကြောပြီးမှ စားပေးသင့်ပါတယ်။ (ခ)မွေးရာပါသွေးအားနည်းရောဂါရှိသူများ၊ သံဓာတ်အားနည်းသူများ၊ အစာအိမ်နာရှိသူများ၊ ဆီးချိုရောဂါသည်များနဲ့ အဝလွန်သူများ စပျစ်သီးကို အလွန်အကျွံမစားသင့်ပါ။ (ဂ)သွားပိုးစားပြီး ဂလိုဏ်ပေါက်ဖြစ်နေသူများ၊ စပျစ်သီးကို ရှောင်နိုင်လေ ကောင်းလေပါ။ (ဃ)စပျစ်သီးစားပြီးခါစနှင့် စားနေစဉ်မှာ နို့၊ ငါး၊ ဘီယာ၊ ဘိလပ်ရည်၊ ဖရဲသီးစသည်တို့ကို အလွန်အကျွံမစားမိစေပါနှင့်။ အစာအိမ်ဝေဒနာကို ပြင်းပြင်းထန်ထန် ခံစားရတတ်လို့ပါ။ (စ)စပျစ်သီးက မည်မျှပင်ဆေးစွမ်းထက်ပါစေ၊ အချို့သောသူများက စပျစ်သီးနှင့် မွေးရာပါ ဓာတ်မတည့်မှုတွေဖြစ်စေနိုင်လို့ သတိပြုစားသုံးပါ။**(ပေါက်ပေါက်)**

ရန်ကုန်တိုင်းဒေသကြီး သမဝါယမအသင်းချုပ်နှစ်ပတ်လည်အစည်းအဝေး

ရန်ကုန် ဒီဇင်ဘာ ၉

ရန်ကုန်တိုင်းဒေသကြီး သမဝါယမအသင်းစုချုပ်၏ ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ် နှစ်ပတ်လည်အရပ်ရပ်ဆိုင်ရာအစည်းအဝေးကို မြောက်ဥက္ကလာပမြို့နယ်ခန်းမ၌ ဒီဇင်ဘာ ၆ ရက် နံနက် ၉နာရီခွဲတွင် ကျင်းပသည်။

အစည်းအဝေးတွင် သမဝါယမလုပ်ငန်းဆိုင်ရာများနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေးလုပ်ငန်းစဉ်အရ သမဝါယမလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်နေမှုများကို ဗဟိုသမဝါယမအသင်း အုပ်ချုပ်မှု ဒါရိုက်တာ ဦးကြည်တင့်နှင့် ဒုတိယညွှန်ကြားရေးမှူး ဦးအောင်သောင်းမြင့်တို့က အကျယ်တဝင့် ရှင်းလင်းပြောကြားပြီး အသင်းစုချုပ် ဒါရိုက်တာအဖွဲ့၏ ၂၀၁၂-၂၀၁၃ ခု ဘဏ္ဍာရေးနှစ် လုပ်ငန်းဆောင်ရွက်မှုအစီရင်ခံစာနှင့် နှစ်ချုပ်ဘဏ္ဍာရေးရင်းတမ်းများ၊ အသင်းစာရင်းစစ်အစီရင်ခံစာများကို ဖတ်ကြား တင်ပြကြကာ အသင်းဝင် ကိုယ်စားလှယ်များ၏ အတည်ပြုချက်ကို ရယူ၍ အစည်းအဝေးကို နံနက် ၁၁ နာရီတွင် ရုပ်သိမ်းလိုက်သည်။

အစည်းအဝေးသို့ ရန်ကုန်တိုင်းဒေသကြီး သမဝါယမဦးစီးဌာနမှ တာဝန်ရှိသူများ၊ အသင်းစုချုပ် ဒါရိုက်တာအဖွဲ့ဝင်များနှင့် အသင်းဝင် ကိုယ်စားလှယ်များ တက်ရောက်ကြသည်။ **တင့်လွင်(မြောက်ဥက္ကလာပ)**

အလုံမြို့နယ်၌ လူထုလမ်းလျှောက်ပွဲကျင်းပ

ရန်ကုန် ဒီဇင်ဘာ ၉

ရန်ကုန်အနောက်ပိုင်းခရိုင် အလုံမြို့နယ် ဒီဇင်ဘာ အားကစားလ လူထုလမ်းလျှောက်ပွဲအား အလုံမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသန်းနိုင် ဦးဆောင်၍ အလုံမြို့နယ်အတွင်းရှိ ရပ်ကွက်ပေါင်း ၁၁ ရပ်ကွက်မှ အုပ်ချုပ်ရေးမှူးများ၊ လုပ်သားပြည်သူများ စုပေါင်း၍ ဒီဇင်ဘာ ၇ ရက် နံနက် ၅ နာရီတွင် အလုံခန်းမရှေ့မှ စတင်ပြီး အလုံမြို့နယ်အတွင်း စုပေါင်း၍ လမ်းလျှောက်ကြကြောင်း သိရသည်။ **(အပေါ်ပုံ)** **ကိုတင်မောင်ဦး(အလုံ)**

အစိုးရ/စီးပွားရေးကြော်ငြာ

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ကျန်းမာရေးဝန်ကြီးဌာန၊ ကျန်းမာရေးဦးစီးဌာနမှ ရုံးသုံးကွန်ပျူတာ၊ ဆက်စပ်သုံးပစ္စည်းများနှင့် မိတ္တူကူးစက်ကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူမည်ဖြစ်ပါ၍ ကုမ္ပဏီများမှ အိတ်ဖွင့်တင်ဒါများ ခေါ်ယူအပ်ပါသည်။

၂။ တင်ဒါစည်းကမ်းအသေးစိတ်နှင့် ဝယ်ယူမည့် ပစ္စည်းကိရိယာများစာရင်းအသေးစိတ်ကို ကျန်းမာရေးဝန်ကြီးဌာန၊ ကျန်းမာရေးဦးစီးဌာန၊ ကွန်ပျူတာဌာန၊ ရုံးအမှတ်(၄)၊ နေပြည်တော်သို့ ရုံးချိန်အတွင်း လူကိုယ်တိုင်လာရောက်၍ လည်းကောင်း၊ ဖုန်း-၀၆၇-၄၁၁၅၅ သို့ ဆက်သွယ်၍လည်းကောင်း စုံစမ်းမေးမြန်းနိုင်ပါသည်။

တင်ဒါပုံစံရောင်းချမည့်ရက် - ၉-၁၂-၂၀၁၃ ရက်
တင်ဒါပိတ်မည့်ရက် - ၈-၁-၂၀၁၄ ရက်
တင်ဒါပိတ်မည့်အချိန် - ညနေ ၄ နာရီ

တင်ဒါစီစစ်ရွေးချယ်ဝယ်ယူရေးအဖွဲ့
ကျန်းမာရေးဦးစီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန
လူဝင်မှုကြီးကြပ်ရေးနှင့်အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန
(တင်ဒါခေါ်ယူခြင်း)

၁။ လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနတွင် အသုံးပြုရန်အတွက် လုပ်ငန်းသုံးပုံစံ(၃)မျိုးအား ရိုက်နှိပ်လိုပါသဖြင့် ၉-၁၂-၂၀၁၃ ရက်မှစ၍ ၁၈-၁၂-၂၀၁၃ ရက်အထိ ရိုက်နှိပ်မည့် လုပ်ငန်းသုံးပုံစံများ၏ အသေးစိတ်အချက်အလက်များနှင့် တင်ဒါစည်းကမ်းချက်များအား လူဝင်မှုကြီးကြပ်ရေးနှင့်အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန၊ စီမံနှင်ဘဏ္ဍာဌာနခွဲ စီမံခန့်ခွဲရေးဌာနစု(၁)၊ ရုံးအမှတ်(၄၈)၊ နေပြည်တော်တွင် အခမဲ့လာရောက်ထုတ်ယူနိုင်ပြီး ၁၈-၁၂-၂၀၁၃ ရက်၊ ၁၆း၃၀ နာရီ နောက်ဆုံးထား၍ စေ့ငှန်းလွှာများ တင်သွင်းနိုင်ပါကြောင်း ဖိတ်ခေါ်အပ်ပါသည်။

၂။ မေးမြန်းစုံစမ်းလိုပါက လူဝင်မှုကြီးကြပ်ရေးနှင့်အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန၊ စီမံခန့်ခွဲရေးဌာနစု(၁)၊ တယ်လီဖုန်း အမှတ် ၀၆၇-၄၃၁၀၂ သို့ ရုံးဖွင့်ရက်၊ ရုံးချိန်အတွင်း ဆက်သွယ်နိုင်ပါသည်။

လူဝင်မှုကြီးကြပ်ရေးနှင့်အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန

စက်မှုဝန်ကြီးဌာန
အမှတ်(၁)အကြီးစားစက်မှုလုပ်ငန်း
အမှတ်(၁၃)အကြီးစားစက်ရုံ(မကွေး)
(အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ စက်မှုဝန်ကြီးဌာန၊ အမှတ်(၁)အကြီးစားစက်မှုလုပ်ငန်းအောက်ရှိ အမှတ်(၁၃)အကြီးစားစက်ရုံ(မကွေး)မှ အောက်ဖော်ပြပါပစ္စည်းများအား စက်ရုံအရောက် မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်-

စဉ်	ပစ္စည်းအမျိုးအမည်	အရေအတွက်	တင်ဒါအမှတ်
(၁)	ရုံးသုံးစာရေးကိရိယာ(၃၅)မျိုး	1Lot	HI-13/13-14/001
(၂)	အထွေထွေလုပ်ငန်းသုံး ဆားကြမ်း	14000Kgs	HI-13/13-14/002

၂။ အိတ်ဖွင့်တင်ဒါပုံစံများ၊ တင်ဒါစည်းကမ်းချက်များ၊ ဝယ်ယူလိုသည့်ပစ္စည်းများ၏ စံချိန်စံညွှန်း အချက်အလက်များနှင့်ပတ်သက်၍ ၁၀-၁၂-၂၀၁၃ ရက်မှစတင်၍ ရုံးဖွင့်ရက်များတွင် ရုံးချိန်အတွင်း အောက်ပါလိပ်စာ၌ လာရောက်ထုတ်ယူနိုင်ပါသည်။

၃။ တင်ဒါများ နောက်ဆုံးထားတင်သွင်းရမည့်ရက်မှာ ၂၃-၁၂-၂၀၁၃ရက် မွန်းတည့် ၁၂ နာရီ ဖြစ်ပါသည်။

စီမံကိန်းဌာန၊အမှတ်(၁၃)အကြီးစားစက်ရုံ(မကွေး)
စက်မှုဝန်ကြီးဌာန၊ မကွေးမြို့၊ ဖုန်း-၀၆၇-၈၄၃၀၀၃၀၊ ၀၆၇-၈၄၃၀၀၄၁

လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန
စိုက်ပျိုးရေးဦးစီးဌာန
အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ စိုက်ပျိုးရေးဦးစီးဌာန၊ စိုက်ပျိုးရေးသိပ္ပံကျောင်းဌာနခွဲအောက်ရှိ ပျဉ်းမနားစိုက်ပျိုးရေးသိပ္ပံတွင် ဆောက်လုပ်မည့် အောက်ပါအဆောက်အအုံအတွက် အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

စဉ်	အကြောင်းအရာ	အရေအတွက်
၁	ရေချိုးခန်းရေအိမ်ဆောက်လုပ်ခြင်း (၃၀'×၂၀'×၁၀') RC	၆

တင်ဒါပုံစံရောင်းချမည့်ရက် - ၁၀-၁၂-၂၀၁၃ ရက်
တင်ဒါပိတ်မည့်ရက် - ၁၉-၁၂-၂၀၁၃ရက်၊ နံနက်၁း၀၀ နာရီ

တင်ဒါပုံစံနှင့်အသေးစိတ်တင်ဒါစည်းကမ်းချက်များကို ရုံးချိန်အတွင်း ဖုန်း-၀၆၇-၄၁၀၅၂၂ သို့ စုံစမ်းမေးမြန်း၀ယ်ယူနိုင်ပါသည်။

တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ၊ စိုက်ပျိုးရေးဦးစီးဌာန
ရုံးအမှတ်(၄၃)၊ နေပြည်တော်။

စက်မှုဝန်ကြီးဌာန
အမှတ်(၂)အကြီးစားစက်မှုလုပ်ငန်း
စက်ရုံဗာရမ်းရန်/အကျိုးတူပူးပေါင်းဆောင်ရွက်ရန်
ဖိတ်ခေါ်ခြင်းအား ပယ်ဖျက်ခြင်း

စက်မှုဝန်ကြီးဌာန၊ အမှတ်(၂)အကြီးစားစက်မှုလုပ်ငန်းရှိ တာယာထုတ်လုပ်သည့် အမှတ်(၂၁)အကြီးစားစက်ရုံ(သထုံ)နှင့် အမှတ်(၂၂)အကြီးစားစက်ရုံ(ဘီးလင်း)တို့အား ပုဂ္ဂလိကလုပ်ငန်းရှင်များသို့ ဗာရမ်းခြင်း/အကျိုးတူပူးပေါင်းဆောင်ရွက်ခြင်းတို့အတွက် ၃၁-၈-၂၀၁၃ရက်နှင့် ၂-၉-၂၀၁၃ရက်များတွင် နိုင်ငံပိုင်သတင်းစာများတွင် ကြော်ငြာ၍ ဖိတ်ခေါ်ခဲ့ပါသည်။

ဖိတ်ခေါ်ခြင်းအတွက် ရွှေသံလွင်ထရေးဒင်းကုမ္ပဏီလီမိတက်၊ Wide River Co.,Ltdနှင့် အောင်ထက်မြက်ကုမ္ပဏီလီမိတက်တို့မှ အဆိုပြုလွှာများ တင်သွင်းခဲ့ရာ တိုက်ရိုက်နှိုင်းယှဉ်ဆောင်ရွက်ရန် အခက်အခဲရှိသဖြင့် စက်မှုပိုင်းဆိုင်ရာနှင့် ဘဏ္ဍာရေးဆိုင်ရာ အချက်အလက်များအပြင် စည်းကမ်းချက်များကိုပါသတ်မှတ်၍ ဒုတိယအကြိမ်အဆိုပြုလွှာများကို ၁၂-၁၁-၂၀၁၃ရက်နေ့နောက်ဆုံးထားတင်သွင်းရန် ဆောင်ရွက်ခဲ့ပါသည်။

ဒုတိယအကြိမ်အဆိုပြုလွှာကို Wide River Co.,Ltd နှင့် အောင်ထက်မြက်ကုမ္ပဏီလီမိတက်တို့မှ တင်သွင်းခဲ့သော်လည်း ရွှေသံလွင်ထရေးဒင်းကုမ္ပဏီလီမိတက်မှ ဆက်လက်ပါဝင်ယှဉ်ပြိုင်ရန် လက်လျှော့ရပါကြောင်း တင်ပြလာပါသည်။

နိုင်ငံပိုင်စက်ရုံကြီး(၂)ရုံအား နှစ်ရှည်ငှားရမ်းရာတွင် နိုင်ငံတော်အကျိုးစီးပွားအတွက် စက်ရုံများ၏ နည်းပညာပိုင်းဆိုင်ရာနှင့် ဘဏ္ဍာရေးပိုင်းဆိုင်ရာကိစ္စရပ်များကို ပြန်လည်သုံးသပ်ရန်လိုအပ်ပါသောကြောင့် အဆိုပါစက်ရုံ(၂)ရုံအား ငှားရမ်းခြင်း/အကျိုးတူပူးပေါင်းဆောင်ရွက်ခြင်းတို့အတွက် ဖိတ်ခေါ်ခဲ့သောတင်ဒါကို ပယ်ဖျက်လိုက်ကြောင်း ကြေညာအပ်ပါသည်။

တင်ဒါထပ်မံ ခေါ်ယူမည့်အစီအစဉ်ရှိပါက ဆက်လက်အသိပေး ကြေညာသွားပါမည်။

အမှတ်(၂)အကြီးစားစက်မှုလုပ်ငန်း
စက်မှုဝန်ကြီးဌာန

လမ်းကြိတ်စက်ရောင်း/ငှား(၈~၁၀တန်)

ဖုန်း - ၀၉-၄၃၁၁၂၃၉၉၊ ၀၉-၄၃၀၃၁၂၂၂
ဒဂုံတောင်၊ ဇုန်(၁)၊ မန္တလေးလမ်း။

ပုဂံညွှန်ကြား

မြန်မာ့အလင်းအောင်သန်း

တစ်ခါက ပုဂံပြည်တွင် ညှပ်ကြီးတစ်ခုရှိသည်။ ယင်းညှပ်ကြီးသည် လက်ထည့်၍ရလောက်အောင်ကြီးသည်။ ယင်းညှပ်ကြီးကို တရားစီရင်ရာတွင် အသုံးပြုသည်။ အမှုသည်တိုင်းသည် အဆိုပါညှပ်ကြီးထဲတွင် လက်ကိုထည့်ပြီး မှန်ကန်စွာထွက်ဆိုပါမည်။ မမှန်မကန်မထွက်ဆိုပါဟု သစ္စာပြုကြရသည်။ ယင်းသို့သစ္စာပြုရာတွင် မှန်ကန်စွာထွက်ဆိုပါသည်ဟု သစ္စာပြုသည့်အတိုင်း မှန်ကန်ပါက ညှပ်ကြီးသည် မည်သို့မျှမပြုပါ။ ယင်းအမှုသည်သည် မမှန်မကန်ပြုထားသူဖြစ်ပါက ညှပ်ကြီးသည် မုသားပြောသူ၊ လိမ်လည်ထွက်ဆိုသူ အမှုသည်၏လက်ကိုညှပ်ပစ်လေ့ရှိသည်။ ထို့ကြောင့် ပုဂံညှပ်ကြီးသည် တရားစီရင်ရာတွင် လွယ်ကူစွာအဖြေထုတ်ပေးနိုင်သည့်အတွက် နာမည်ကြီးသည်။ မမှန်မကန်ပြု ထွက်ဆိုပါက လက်ဖြတ်ခံရသည့်အတွက် မမှန်မကန်ပြုသူတို့ တဖြည်းဖြည်းနည်းပါးသွားကာ ပုဂံပြည်တွင် ရာဇဝတ်မှုကျူးလွန်သူအဖွဲ့ အတော်ရှားပါးသွားသည်။ အကြောင်းမှာ အမှားကျူးလွန်သူကို ပုဂံညှပ်ကြီးက လက်ဖြတ်ပစ်သောကြောင့်ပင်။

ကုန်သည် ဦးငွေရသည် တမ္ဘာတီတောရကျောင်းက ဖိုးသူတော် ဖိုးဖြူနှင့်ခင်၏။ ယုံကြည်၏။ ဖိုးသူတော် ဖိုးဖြူထံရွှေစာအချို့အပ်ထား၏။ ဖိုးဖြူသည် အကြံရှိ၏။ ဦးငွေရအပ်ထားသောရွှေကို အရည်ကျို၏။ အခေါင်းပေါက်ရှိသော သူ့တောင်ဝှေးထဲသို့ ရွှေကိုလောင်းထည့်ထားသည်။

မကြာမီ ဦးငွေရက သူအပ်ထားသောရွှေကို ဖိုးဖြူထံမှတောင်းရာ အကြံသမားဖိုးဖြူက ဗြောင်ငြင်းလျက် ဦးငွေရ၏ရွှေကို ပြန်ပေးပြီးပြီဟု မုသားထွက်ဆို၏။ ထို့ကြောင့် ဦးငွေရကတိုင်၍ ဖိုးဖြူနှင့်ဦးငွေရတို့ အမှုဆိုင်ရတော့သည်။

ရုံးမင်းက ပုဂံညှပ်ကြီးရှေ့သို့ ဦးငွေရနှင့် ဖိုးဖြူတို့ကိုခေါ် ဖိုးဖြူပါးနပ်သည်။ သစ္စာဆိုအစစ်မခံမီ ဦးငွေရအားသူ့တောင်ဝှေးကို ကိုင်ထားရန် ပေးထားကာ သူ့လက်အစုံကိုလည်း ညှပ်ကြီးထဲသို့ထည့်ပြီးသော် ဦးငွေရ၏ရွှေကို ဦးငွေရအား ပေးထားပြီးပါပြီဟု ထွက်ဆို၏။ အမှန်ပင် ဦးငွေရ၏ရွှေသည် ဦးငွေရကိုင်ထားသော တောင်ဝှေးထဲမှာရှိ၏။ ယင်းကြောင့် ဦးငွေရအား ပြန်ပေးပြီးပြီဟုထွက်ဆို၏။ ဖိုးဖြူစကားသည် မှန်ကန်နေ၏။ ယင်းကြောင့် ညှပ်ကြီးက ဖိုးဖြူလက်ကိုမည်ပ်ချေ။ ယင်းကစ၍ အမြဲမှန်ကန်သော ပုဂံညှပ်ကြီးသည် နာမည်ပျက်ပြီး တရားဥပဒေနယ်ပယ်က သွေဖည်ခြင်းခံလိုက်ရလေတော့သည်။

ဥပဒေသား။ ။ ဥပါဒ်အမည်ဖြင့် မမှန်မတရား လိမ်လည်လှည့်ဖြားမှုပြုပါက အမှန်တရားသည် ဖျက်ဆီးခံဘဝအဖြစ် အမည်ပျက်တတ်လေသည်။

အစိုးရ/စီးပွားရေးကြော်ငြာ

ကလေးတက္ကသိုလ်
အဋ္ဌမအကြိမ်ဘွဲ့နှင်းသဘင်လျှောက်လွှာခေါ်ယူခြင်း

၁။ ကလေးတက္ကသိုလ်က ကြီးမျူးကျင်းပခဲ့သည့် အောက်ဖော်ပြပါ ပညာသင်နှစ်များ၏ (ဘွဲ့)စာမေးပွဲအသီးသီးကို ဖြေဆိုအောင်မြင်ခဲ့ကြသူများသည် ကလေးတက္ကသိုလ် အဋ္ဌမအကြိမ်ဘွဲ့နှင်းသဘင်အခမ်းအနားတွင် တက်ရောက်ဘွဲ့(သို့မဟုတ်) အဝေးရောက်ဘွဲ့ယူရန်အတွက် ဘွဲ့နှင်းသဘင်လျှောက်လွှာများကို ၂၁-၁-၂၀၁၄ ရက်နေ့ နောက်ဆုံးထား၍လျှောက်ထားနိုင်ပါသည်။

(က) ၂၀၁၂-၂၀၁၃ ပညာသင်နှစ် - မဟာသုတေသနဘွဲ့စာမေးပွဲ အောင်မြင်ပြီးသူများ
- မဟာဘွဲ့စာမေးပွဲအောင်မြင်ပြီးသူများ
- ဂုဏ်ထူးဘွဲ့စာမေးပွဲအောင်မြင်ပြီးသူများ
- ရိုးရိုးဘွဲ့စာမေးပွဲအောင်မြင်ပြီးသူများ

၂။ လျှောက်ထားသူများသည် ကလေးတက္ကသိုလ်စာမေးပွဲနှင့် ဘွဲ့နှင်းသဘင်ဌာနခွဲတွင် သတ်မှတ်ထားသည့်လျှောက်လွှာပုံစံ၊ မြန်မာဝတ်စုံ/တိုင်းရင်းသားဝတ်စုံ/အနောက်တိုင်းဝတ်စုံတို့ဖြင့် နောက်ဆုံးရိုက်ကူးထားသော(၂"×၁½")အရွယ်ဓာတ်ပုံ(၂)ပုံနှင့် နိုင်ငံသားစိစစ်ရေးကတ်မိတ္တူတို့ကိုပူးတွဲ၍ လျှောက်ထားကြရမည်။

၃။ ဘွဲ့နှင်းသဘင်ကြေးမှာ တက်ရောက်ဘွဲ့အတွက် ၁၅၀၀/-(ကျပ်တစ်ထောင့်ငါးရာတိတိ)နှင့် အဝေးရောက်ဘွဲ့အတွက် ၁၀၀၀/-(ကျပ်တစ်ထောင်တိတိ)ဖြစ်ပါသည်။ ဘွဲ့နှင်းသဘင်ကြေးကို ကိုယ်တိုင်ပေးသွင်းလိုသူများသည် ကလေးတက္ကသိုလ်ငွေလက်ခံဌာနသို့ ပေးသွင်းနိုင်ပါသည်။ ရပ်ဝေးမှ ပေးပို့လိုသူများသည် စာတိုက်ငွေပို့လွှာ (Postal Money Order)ဖြင့် ပေးနိုင်ပါသည်။ ငွေပို့လွှာ၏ အောက်ခြေတွင် **"ဘွဲ့နှင်းသဘင်ကြေးပေးပို့ခြင်း"**ဟုဖော်ပြပြီး ပါမောက္ခချုပ်၊ ကလေးတက္ကသိုလ်လိပ်မူ၍ လျှောက်လွှာရှင်၏အမည်၊ ဘွဲ့ရစာမေးပွဲခုံအမှတ်၊ အထူးပြုဘာသာ၊ ပညာသင်နှစ်၊ အောင်မြင်သည့်ခုနှစ်နှင့်လ၊ နေရပ်လိပ်စာအပြည့်အစုံကို တိကျစွာဖော်ပြရပါမည်။ ပြည့်စုံစွာဖော်ပြထားခြင်း မရှိသည့် ငွေပို့လွှာများကို လက်ခံမည်မဟုတ်ပါ။

၄။ ၂၀၁၂-၂၀၁၃ ပညာသင်နှစ်မတိုင်မီက ဘွဲ့ရစာမေးပွဲအောင်မြင်ပြီးသူများသည် အဝေးရောက်ဘွဲ့အတွက်သာ လျှောက်ထားနိုင်ပါသည်။

၅။ တက်ရောက်ဘွဲ့လျှောက်ထားပြီး ဘွဲ့နှင်းသဘင်အခမ်းအနားသို့ တက်ရောက်ရန်ပျက်ကွက်သူများ၏ ဘွဲ့လက်မှတ်များကို အဝေးရောက်ဘွဲ့လက်မှတ်များ ထုတ်ပေးသည့်အချိန်မှသာ ထုတ်ပေးမည်ဖြစ်ပါသည်။

၆။ ဘွဲ့အပ်နှင်းမည့် အစီအစဉ်များကို ဆက်လက်ကြေညာသွားမည်ဖြစ်ပါသည်။

၇။ အသေးစိတ်အချက်အလက်များကို သိလိုပါက ကလေးတက္ကသိုလ်စာမေးပွဲနှင့် ဘွဲ့နှင်းဌာနသို့လည်းကောင်း၊ တယ်လီဖုန်းအမှတ်-၀၇၃-၂၁၄၆၇၊ ၂၁၃၄၄ လိုင်းခွဲ(၁၆)သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

(အောင်အောင်စိုး)
ဌာနမှူး၊ သင်တန်းရေးရာဌာန
ကလေးတက္ကသိုလ်

ဆောက်လုပ်ရေးဝန်ကြီးဌာန၊ မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန
Open Tender ခေါ်ယူခြင်း

၁။ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနမှ ရေသန့်ဆိုင်ရာ အရန်ပစ္စည်းများဝယ်ယူစုဆောင်းထားနိုင်ရန်အတွက် ကုမ္ပဏီများမှ Open Tender တင်သွင်းနိုင်ရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ တင်ဒါစည်းကမ်းချက်များနှင့် လျှောက်လွှာပုံစံများအား ၁၃-၁၂-၂၀၁၃ ရက်မှစ၍ ရုံးချိန်အတွင်း ရုံးအမှတ်(၄၀)၊ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန၊ စီမံရေးရာဌာနတွင် လာရောက်ဝယ်ယူနိုင်ပါသည်။

၃။ တင်ဒါပိတ်မည့်နေ့ရက်/အချိန် - ၂၆-၁၂-၂၀၁၃ ရက် ၁၆း၃၀နာရီ
၄။ တင်ဒါဖွင့်မည့်နေ့ရက်/အချိန်/နေရာ - ၃၀-၁၂-၂၀၁၃ ရက် ၁၃း၀၀နာရီ ရုံးအမှတ်(၄၀)၊ နေပြည်တော်၊ ဆောက်လုပ်ရေးဝန်ကြီးဌာန

၅။ တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များအား အောက်ပါလိပ်စာတွင်စုံစမ်းနိုင်ပါသည်။

ရုံးအမှတ်(၄၀)၊ နေပြည်တော်၊ မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန
လွှတ်တော်နှင့်အိမ်တော်အဆောက်အအုံများထိန်းသိမ်းရေးအဖွဲ့
ဖုန်း-၀၆၇-၅၉၀၅၉၊ ၀၆၇-၅၉၀၄၄၃



စက်မှုဝန်ကြီးဌာန
အမှတ်(၂)အကြီးစားစက်မှုလုပ်ငန်း
အမှတ်(၂၁)အကြီးစားစက်ရုံ(သထုံ)

၁။ စက်မှုဝန်ကြီးဌာန၊ အမှတ်(၂)အကြီးစားစက်မှုလုပ်ငန်းလက်အောက်ရှိ အမှတ်(၂၁)အကြီးစားစက်ရုံ(သထုံ)၏မော်တော်ယာဉ်တာယာထုတ်လုပ်မှုလုပ်ငန်းတွင် အသုံးပြုရန်အတွက် လိုအပ်သော သဘာဝရော်ဘာများကို အောက်ဖော်ပြပါ အမျိုးအစားအတိုင်း မြန်မာကျပ်ငွေ(စက်ရုံအရောက် စျေးနှုန်း)ဖြင့် ဝယ်ယူလိုပါသည်-

စဉ်	အမျိုးအစား	အရေအတွက်(တန်)
၁။	Natural Rubber R.S.S(1)	83
၂။	Natural Rubber R.S.S(2)	45
၃။	Natural Rubber R.S.S(3)	47
၄။	Natural Rubber R.S.S(5)	21.22

၂။ တင်ဒါပုံစံနှင့်စည်းကမ်းချက်များ၊ ဝယ်ယူမည့်စွည်း၏သတ်မှတ်အရည်အသွေးနှင့် အသေးစိတ်အချက်အလက်များကို ၉-၁၂-၂၀၁၃ ရက်မှစတင်၍ အောက်ပါလိပ်စာတွင် ရုံးချိန်အတွင်း လာရောက်ထုတ်ယူနိုင်ပြီး အိတ်ဖွင့်စျေးနှုန်းတင်ဒါများကို ၁၆-၁၂-၂၀၁၃ ရက် ၁၃း၀၀ နာရီ နောက်ဆုံးထား၍ တင်သွင်းရမည်ဖြစ်ပါသည်။

အမှတ်(၂၁)အကြီးစားစက်ရုံ(သထုံ)
ကြာပန်းကျေးရွာ၊ သထုံမြို့။
ဖုန်း-၀၉-၄၃၀၀၅၈၉၅၊ ၀၉-၄၃၀၀၅၈၉၆၊ ၀၉-၂၅၅၃၀၄၃၃၀

လျှပ်စစ်စွမ်းအားပန်ကြီးဌာန
ရေအားလျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်း
(အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ ရေအားလျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်းမှ အောက်ဖော်ပြပါပစ္စည်းများအား ဂိုဒေါင်အရောက် တန်ဖိုး DDP (ပေါင်းလောင်း) မြန်မာ(ကျပ်)ငွေဖြင့် ဝယ်ယူလိုပါသည်-

Tender No. 20/21/22/23 HPGE/2013-2014

(က) ဓာတ်အားပေးစက်ရုံသစ်များအတွက်

I.Com TM-800 Mobile Terminal	(5)Sets
Hand Set	(20)Sets
(ခ) တီကျစ်အတွက် High Pressure Water Jet Pump	(1) No
(ဂ) Single Cab (Ford Brand)	(5) Nos
(ဃ) SUVs (Ford Brand)	(1)No

၂။ အိတ်ဖွင့်တင်ဒါပိတ်ရက်မှာ ၂၀၁၄ ခုနှစ်၊ ဇန်နဝါရီလ (၆) ရက် မွန်းတည့် ၁၂ နာရီဖြစ်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို သတင်းစာတွင် ကြော်ငြာပါသည့်ရက်မှ စတင်၍ ရုံးချိန်အတွင်း အောက်ဖော်ပြပါဌာနတွင် လာရောက်စုံစမ်းနိုင်ပါသည်။

ရေအားလျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်း
ရုံးအမှတ်(၃၈)၊ နေပြည်တော်၊ ဖုန်း-၀၆၇-၄၁၁၁၆၈၊ ၄၁၁၀၇၆

ပြည်ထောင်စုရေးရာ

မကွေးမြို့ ဆားစည်ပညာဒါန (ပရဟိတ)အခမဲ့ပညာရေးကျောင်း

မကွေး ဒီဇင်ဘာ ၉

မကွေးတိုင်းဒေသကြီး မကွေးမြို့ ဆားစည်ရပ်ကွက် အထက်တန်းကျောင်းခွဲ ဆားစည်ကျောင်းတွင် တွဲဖက်ဖွင့်လှစ်ထားသော လူမှုဝန်ထမ်း တတိယဆင့် ဆားစည်ပညာဒါန (ပရဟိတ) ကျောင်းမှာ အောင်ချက်ရာခိုင်နှုန်း ကောင်းလျက်ရှိကြောင်း သိရသည်။

၂၀၀၉ ခုနှစ်မှစတင်၍ အဆိုပါ ဆားစည်ပညာဒါန(ပရဟိတ)ကျောင်းကို ဖွင့်လှစ်ပြီး မကွေးတိုင်းဒေသကြီး အတွင်းရှိကျေးရွာများ၊ မကွေးမြို့ပေါ်မှ အခက်အခဲရှိသည့် ကျောင်းသား ကျောင်းသူများအတွက် အခမဲ့ပညာ ကျောင်းသားကျောင်းသူများ၊ ဝန်ထမ်းများ နေ့စဉ် ယာဉ်တိုက်မှုဖြင့်ကိုယ်လက်အင်္ဂါချို့ယွင်း၍ အသက်အန္တရာယ်ဆုံးရှုံးမှုများဖြစ်ပေါ်နေရာ ဖျာပုံမြို့မြောက်ပိုင်းနေ ဦးအောင်ဝင်းနိုင်က "ကျွန်တော်တို့မြို့မှာ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း လိုက်နာဖို့ဆိုတာ ပုံပြင်လိုပါပဲ။ ပြီးခဲ့တဲ့ ဒီဇင်ဘာ လဆန်းရက်ပိုင်းက မြို့နယ်ပြန်/ဆက်ရုံးက ဝန်ထမ်းတစ်ဦး စက်ဘီးနဲ့ ရုံးတက်လာတာကို ဆိုင်ကယ်ကယ်ရီက အရှိန်ပြင်းစွာ မောင်းလာပြီး နောက်ကနေ ချိတ်ဆွဲသွားတာ လက်ဖျံရိုးကျိုးသွားပါတယ်။ ယခုဖျာပုံမှာ ဆေးကုလို့မရလို့ ရန်ကုန်ကိုသွားပြီး ဆေးကုနေရပါပြီ။ ဒါ့အပြင် ညဘက်မှာ ဖျာပုံတံတားကြီးခြေဆင်းနဲ့ အောင်သစ္စာဖြတ်လမ်းဆုံရာမှာ ဆိုင်ကယ်ကယ်ရီနဲ့ ဆိုင်ကယ်အချင်းချင်း တိုက်တာ နေ့စဉ်ရက်ဆက်လောက်ဖြစ်နေကာ ပွဲချင်းပြီး သေဆုံးမှုတွေတောင်ရှိပါတယ်။ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းလိုက်နာဖို့ မဆင်မခြင်မောင်းနှင်တဲ့ယာဉ်မောင်းတွေကို စည်းကမ်းနဲ့ အညီ အရေးယူဆောင်ရွက်မှု နေ့စဉ်လုပ်ဖို့လိုအပ်နေပြီဗျာ"ဟု ပြောသည်။

ဖျာပုံမြို့တွင် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းလိုက်နာမှု ရှိစေရန် စာသင်ကျောင်းများတွင် ပညာပေးဟောပြောမှုများရှိသော်လည်း မြို့နေပြည်သူများ ထိခိုက်ဒဏ်ရာရမှု၊ အသက်အန္တရာယ်ဆုံးရှုံးမှုများဖြစ်စေသည့် စည်းကမ်းမဲ့ယာဉ်မောင်းများ၏ စည်းကမ်းလိုက်နာမှု အားနည်းခြင်းကြောင့် ယာဉ်တိုက်မှုများဖြစ်ပေါ်နေရခြင်းကို ပညာပေးဆောင်ရွက်သည့် အချိန်ကာလ တစ်နှစ်ကျော်ပြီဖြစ်သဖြင့် ဖျာပုံခရိုင် ယာဉ်စည်းကမ်းထိန်းသိမ်းရေးကော်မတီမှ သက်ဆိုင်ရာကဏ္ဍအလိုက် သက်ဆိုင်ရာအဖွဲ့အစည်းများနှင့်ပူးပေါင်း၍ လမ်းပြောင်းပြန်မောင်းခြင်း၊ ခရီးသည်ပိုမိုတင်ဆောင်၍ ဆိုင်ကယ်ကယ်ရီ ပြေးဆွဲခြင်း၊ ဆိုင်ကယ်ဦးထုပ်မဆောင်းခြင်းများအတွက် သတ်မှတ်စည်းကမ်းများလိုက်နာစေရန် စည်းကမ်းမဲ့မောင်းနှင်သည့် ယာဉ်များကို အရေးယူဆောင်ရွက်မှုများ အမြန်ဆုံးဖြေရှင်းဆောင်ရွက်ပေးဖို့ လိုအပ်နေပြီဖြစ်ကြောင်း သိရသည်။ **(၅၄၀)**

မဆင်မခြင်မောင်းနှင်မှုကြောင့် နေ့စဉ်ယာဉ်တိုက်မှုဖြစ်ပေါ်
အမြန်ဆုံးဖြေရှင်းဆောင်ရွက်ပေးရန်လို

ကျောင်းသားကျောင်းသူများ၊ ဝန်ထမ်းများ နေ့စဉ် ယာဉ်တိုက်မှုဖြင့်ကိုယ်လက်အင်္ဂါချို့ယွင်း၍ အသက်အန္တရာယ်ဆုံးရှုံးမှုများဖြစ်ပေါ်နေရာ ဖျာပုံမြို့မြောက်ပိုင်းနေ ဦးအောင်ဝင်းနိုင်က "ကျွန်တော်တို့မြို့မှာ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း လိုက်နာဖို့ဆိုတာ ပုံပြင်လိုပါပဲ။ ပြီးခဲ့တဲ့ ဒီဇင်ဘာ လဆန်းရက်ပိုင်းက မြို့နယ်ပြန်/ဆက်ရုံးက ဝန်ထမ်းတစ်ဦး စက်ဘီးနဲ့ ရုံးတက်လာတာကို ဆိုင်ကယ်ကယ်ရီက အရှိန်ပြင်းစွာ မောင်းလာပြီး နောက်ကနေ ချိတ်ဆွဲသွားတာ လက်ဖျံရိုးကျိုးသွားပါတယ်။ ယခုဖျာပုံမှာ ဆေးကုလို့မရလို့ ရန်ကုန်ကိုသွားပြီး ဆေးကုနေရပါပြီ။ ဒါ့အပြင် ညဘက်မှာ ဖျာပုံတံတားကြီးခြေဆင်းနဲ့ အောင်သစ္စာဖြတ်လမ်းဆုံရာမှာ ဆိုင်ကယ်ကယ်ရီနဲ့ ဆိုင်ကယ်အချင်းချင်း တိုက်တာ နေ့စဉ်ရက်ဆက်လောက်ဖြစ်နေကာ

ဖျာပုံမြို့တွင် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းလိုက်နာမှု ရှိစေရန် စာသင်ကျောင်းများတွင် ပညာပေးဟောပြောမှုများရှိသော်လည်း မြို့နေပြည်သူများ ထိခိုက်ဒဏ်ရာရမှု၊ အသက်အန္တရာယ်ဆုံးရှုံးမှုများဖြစ်စေသည့် စည်းကမ်းမဲ့ယာဉ်မောင်းများ၏ စည်းကမ်းလိုက်နာမှု အားနည်းခြင်းကြောင့် ယာဉ်တိုက်မှုများဖြစ်ပေါ်နေရခြင်းကို ပညာပေးဆောင်ရွက်သည့် အချိန်ကာလ တစ်နှစ်ကျော်ပြီဖြစ်သဖြင့် ဖျာပုံခရိုင် ယာဉ်စည်းကမ်းထိန်းသိမ်းရေးကော်မတီမှ သက်ဆိုင်ရာကဏ္ဍအလိုက် သက်ဆိုင်ရာအဖွဲ့အစည်းများနှင့်ပူးပေါင်း၍ လမ်းပြောင်းပြန်မောင်းခြင်း၊ ခရီးသည်ပိုမိုတင်ဆောင်၍ ဆိုင်ကယ်ကယ်ရီ ပြေးဆွဲခြင်း၊ ဆိုင်ကယ်ဦးထုပ်မဆောင်းခြင်းများအတွက် သတ်မှတ်စည်းကမ်းများလိုက်နာစေရန် စည်းကမ်းမဲ့မောင်းနှင်သည့် ယာဉ်များကို အရေးယူဆောင်ရွက်မှုများ အမြန်ဆုံးဖြေရှင်းဆောင်ရွက်ပေးဖို့ လိုအပ်နေပြီဖြစ်ကြောင်း သိရသည်။ **(၅၄၀)**

ကရင်ပြည်နယ်ရေနံ
ရေနံတူးဖော်ရေးနှင့်ပတ်သက်ပြီး ပြည်ထောင်စုရေနံနှင့်ဓာတုဗဟိုအဖွဲ့ကပြုလုပ်ခဲ့

ကရင်ပြည်နယ် ဒီဇင်ဘာ ၉

ကရင်ပြည်နယ်ရေနံ ရေနံတူးဖော်ရေးနှင့်ပတ်သက်ပြီး ပြည်ထောင်စုရေနံနှင့်ဓာတုဗဟိုအဖွဲ့ကပြုလုပ်ခဲ့ကြောင်း ကရင်ပြည်နယ်ရေနံ ရေနံတူးဖော်ရေးနှင့်ပတ်သက်ပြီး ပြည်ထောင်စုရေနံနှင့်ဓာတုဗဟိုအဖွဲ့ကပြုလုပ်ခဲ့ကြောင်း ကရင်ပြည်နယ်ရေနံ ရေနံတူးဖော်ရေးနှင့်ပတ်သက်ပြီး ပြည်ထောင်စုရေနံနှင့်ဓာတုဗဟိုအဖွဲ့ကပြုလုပ်ခဲ့ကြောင်း

ပင်စင်ဦးစီးဌာနသို့ အိတ်ဖွင့်ပေးစာ

စိန်လှဦး

ဝမ်းနည်းရမည်လား၊ ဝမ်းသာရမည်လား၊ ကျွန်တော့်အတွက်တော့ ဝမ်းနည်းဝမ်းသာပါပဲ။ နိုဝင်ဘာ ၁၄ ရက်တနင်္ဂနွေအထူးထုတ် ကြေးမုံသတင်းစာ၏ ပင်စင်စားအဘိုးအိုများအတွက် ပင်စင်ဦးစီးဌာနက ဆောင်ရွက်ပေးတဲ့ ဇာတ်လမ်းတစ်ခုကို ဖတ်လိုက်ရလို့ပါ။ တကယ်ကို ကြားရသူတိုင်း သာဓုမခေါ်ဘဲမနေနိုင်စရာဇာတ်လမ်းပါ။ ကျွန်တော့်အဖြစ်နဲ့တော့ သိပ်ကွာပါလား။ ကျွန်တော်တို့ကော်ပိုရေးရှင်းနဲ့ဖြင့် မတူပါလား။ ဘာ့ကြောင့်လဲ။ ဘာလို့လဲ။

ကြည့်ပါဦးခင်ဗျာ။ ရက်စွဲက ၁၃-၁၁-၂၀၁၃ ပါ။ ကျေးလက်က ပင်စင်စားအဘိုးအိုတစ်ယောက်။ အသက်က (၈၅)နှစ်။ လေသံက တိုးတိုးညင်းညင်း။ တိုးညင်းလွန်းနေပြီ။ ဆန္ဒကပြင်းပြင်းပြပြ။ ဆန္ဒတွေစောလွန်းနေပြီး အဘိုးအို အမောဖောက်သွားသည်။ အမောပြေစေရန် အားပေးစကားအရင်ပြောရသည်။ ဘိုးဘိုး ဖုန်းချလိုက်ပါ။ ဘိုးဘိုး ဖုန်းခသက်သာအောင် ကျွန်တော်တို့ ပြန်ခေါ်ပေးပါမယ်။ ဘိုးဘိုး စိတ်အေးအေးထားပါ။ အသက်ဝဝရှုပါ။ ကျွန်တော်တို့ ကူညီဆောင်ရွက်ပေးပါမယ်။ ဘယ်လောက်အဆင်ချောလဲဗျာ။

အဘိုးအိုရဲ့ပြဿနာကို ပင်စင်ဦးစီးဌာနက ဘယ်လိုကူညီပေးသလဲ။ ၁၃-၁၁-၂၀၁၃ မှာ တယ်လီဖုန်းဖြင့် အဘိုးအိုက စုံစမ်းခဲ့သည်။ ၁၅-၁၁-၂၀၁၃ မှာ ဘဏ်ဝန်ထမ်းများက အိမ်တိုင်ရာရောက်လာရောက်ပြီး ထုတ်ပေးသည်။ အဘိုးအိုကုသိုလ် သူ့ကုသိုလ်ပေါ့။ အားကျနိုင်စရာကောင်းတဲ့ ဆောင်ရွက်ချက်ပါ။ လုပ်ဆောင်ချက်ပါ။ တကယ့်ကို လူသာဓုခေါ်၊ နတ်သာဓုခေါ် ဆောင်ရွက်ချက်ပါပဲဗျာ။

ဒါပေမယ့် ကျွန်တော့်ကိုယ်တွေ့နဲ့ ယှဉ်လိုက်တော့ ဒါတွေဟာ ယုံရခက်ခက်ပဲ။ ကျွန်တော်တို့ စာနယ်ဇင်းကော်ပိုရေးရှင်းအတွက်တော့ ဒါတွေဟာ ပုံပြင်ပဲ။ ကျွန်တော်က ဗိုလ်တထောင်သတင်းစာမှ အယ်ဒီတာပင်စင်စားပါ။ ကျွန်တော်ပင်စင်သွားထုတ်တော့ ထုတ်လို့မရဖြစ်နေတယ်။ ဘာကြောင့်လဲ၊ ဘာဖြစ်လို့လဲပြောပါရစေဦး။ ပင်စင်ပြန်လည်ခံစားခွင့်အတွက် ကျွန်တော်လျှောက်လွှာတင်တဲ့အခါ အဲဒီက အရာရှိက ညွှန်ကြားရေးမှူးထောက်ခံစာလည်း မပါဘူးဆိုပြန်သည်။ အဲဒီလိုဆိုလည်း ပြန်ပေးဗျာ။ အကြီးအကဲ ထောက်ခံစာပေးထားတာ လက်မခံဘဲ ကျွန်တော် ပြန်ယူသွားမယ်ဆိုမှ ထားခဲ့ပါတဲ့။ ဘာသဘောလဲ။ ဘာအဓိပ္ပာယ်လဲ။ ဘယ်လိုနားလည်ရမလဲ။

ပင်စင်စား အဘိုးအိုတစ်ယောက်ကို စိတ်ခံစားချက်တွေဖြစ်အောင် သူဘာလို့လုပ်သလဲ။ မြန်မာပုဒ္ဓဘာသာတို့ရဲ့ ရင်ခွဲရှိအပ်သောစေတနာတရား သူ့မှာမရှိဘူးလား။ ကျွန်တော်တို့နိုင်ငံမှာ သာယာချမ်းမြေ့တဲ့ ဒီမိုကရေစီ နိုင်ငံတော်ထူထောင်ဖို့ ကြိုးပမ်းနေတာ မသိဘူးလား။ သတိတောင် မထားမိဘူးလား။ ဒီမိုကရေစီခေတ်မှာ ဒီလို သူမျိုးတွေနဲ့ ဘယ်လိုလုပ်မလဲ။ ပင်စင်ဦးစီးဌာနရဲ့ ဆောင်ရွက်ပေးပုံဇာတ်ကြောင်းတွေ့ရတော့ ကျွန်တော့်ပင်စင် မရသေးပေမယ့် ဖြေစရာဖြစ်လာတယ်။ ပင်စင်ဦးစီးဌာနကသိရှိပြီး ကျွန်တော့်ကိစ္စကို ကူညီဆောင်ရွက်တည့်မတ်ပေးပါရန် မျှော်လင့်မိကြောင်းပါဗျာ။

ကမ္ဘာ့ခုခံအားကျဆင်းမှု ကူးစက်ရောဂါ တိုက်ဖျက်ရေးနေ့ ကျင်းပ

ရန်ကုန် ဒီဇင်ဘာ ၈

ရန်ကုန်အရှေ့ပိုင်းခရိုင် ကမ္ဘာ့ခုခံအား ကျဆင်းမှုကူးစက်ရောဂါတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်အခမ်းအနားကို ဒီဇင်ဘာ ၄ ရက်နံနက် ၈ နာရီခွဲတွင် ရန်ကုန်အရှေ့ပိုင်းခရိုင် မြောက်ဥက္ကလာပမြို့နယ် စက်မှုဇုန်ခန်းမ၌ကျင်းပသည်။

ရှေးဦးစွာ ရန်ကုန်အရှေ့ပိုင်းခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနခရိုင်အုပ်ချုပ်ရေးမှူး ဦးလှိုင်မျိုးသန့်က အမှာစကားပြောကြားပြီး ကမ္ဘာ့ခုခံအားကျဆင်းမှု ကူးစက်ရောဂါတိုက်ဖျက်ရေးနေ့ကျင်းပရခြင်း ရည်ရွယ်ချက်ကို မြောက်ဥက္ကလာပမြို့နယ်မှ မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာဥမ္မာစိန်က ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ကမ္ဘာ့ခုခံအားကျဆင်းမှု ကူးစက်ရောဂါတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်ဥက္ကစမ်းဗဟုသုတပြိုင်ပွဲများတွင် ဆုရရှိကြသူများအား ရန်ကုန်အရှေ့ပိုင်းခရိုင်အုပ်ချုပ်ရေးမှူး၊ ခရိုင်မိခင်နှင့်ကလေးစောင့်ရှောက်မှု ကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌနှင့် မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူးတို့က ချီးမြှင့်ကြပြီး တက်ရောက်လာကြသော ဧည့်သည်များက ကမ္ဘာ့ခုခံအားကျဆင်းမှု ကူးစက်ရောဂါတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်ပြခန်းအား ကြည့်ရှုလေ့လာခဲ့ကြောင်း သိရသည်။

(မြို့နယ်ကျန်းမာရေးဦးစီးဌာန)

ဒီဇင်ဘာ ဒုတိယ ၁၀ ရက်ပတ်အတွက် မိုးလေဝသနှင့် ဇလဗေဒခန့်မှန်းချက်

နေပြည်တော် ဒီဇင်ဘာ ၈

ဘဂ်လားပင်လယ်အော်အခြေအနေ

ဘဂ်လားပင်လယ်အော်တောင်ပိုင်းတွင် လေဖိအားနည်းရပ်ဝန်း(၁)ကြိမ်ဖြစ် ပေါ်နိုင်သည်။ ကပ္ပလီပင်လယ်ပြင်နှင့် ဘဂ်လားပင်လယ်အော်တောင်ပိုင်းတို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နိုင်ပြီး ကျန်ဘဂ်လားပင်လယ်အော်တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းနိုင်သည်။

မိုးအခြေအနေနှင့် မိုးရွာရက်

မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် ရွာသွန်းမြဲထက်ပိုနိုင်ပြီး ကျန်တိုင်းဒေသကြီးနှင့်ပြည်နယ်တို့တွင် ရွာသွန်းမြဲခန့်ရွာနိုင်သည်။

မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် လေးရက်မှ ငါးရက်ခန့်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နှစ်ရက်ခန့်ရွာနိုင်သည်။

ညအပူချိန်

စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် ဒီဇင်ဘာလ၏ ပျမ်းမျှအပူချိန်တို့အောက် အနည်းငယ်လျော့ပြီး ကျန်တိုင်းဒေသကြီးနှင့်ပြည်နယ်တို့တွင် ဒီဇင်ဘာလ၏ ပျမ်းမျှအပူချိန်ခန့်သာရှိသည်။

မြူအခြေအနေ

စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်း၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် ငါးရက်မှ ခုနစ်ရက်ခန့်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နှစ်ရက်မှ သုံးရက်ခန့် နံနက်ပိုင်းတွင် မြူထူများဆိုင်းနိုင်သည်။

မြစ်ရေအခြေအနေ

ဧရာဝတီမြစ်ရေသည် မြစ်ကြီးနားမြို့၊ ဗန်းမော်မြို့နှင့် ကသာမြို့တို့တွင် ပေဝက်မှ တစ်ပေခန့်၊ မန္တလေးမြို့၊ စစ်ကိုင်းမြို့၊ ပခုက္ကူမြို့၊ ညောင်ဦးမြို့၊ ချောက်မြို့၊ မင်းဘူးမြို့၊ မကွေးမြို့၊ အောင်လံမြို့၊ ပြည်မြို့၊ ဆိပ်သာမြို့၊ ဟင်္သာတမြို့နှင့် ဇလွန်မြို့တို့တွင် တစ်ပေမှ နှစ်ပေခန့် လက်ရှိရေမှတ်များ၏ အောက်ကျဆင်းနိုင်ကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက သတင်းထုတ်ပြန်ထားသည်။

(ကြေးမုံ)

မောက်မယ်၌ ရှမ်းနှစ်သစ်ကူးပွဲတော် ကျင်းပ

မောက်မယ် ဒီဇင်ဘာ ၁၀

ရှမ်းပြည်နယ် လင်းခေးခရိုင် မောက်မယ်မြို့နယ်အတွင်းရှိ တိုင်းရင်းသားများသည် ၂၀၀၈ ခုနှစ် ရှမ်းနှစ်သစ်ကူးပွဲတော်ကို ဒီဇင်ဘာ ၁ ရက် ည ၇ နာရီတွင် နမ့်ယွမ်းဂေါက်ကွင်း၌ ဒုတိယအုပ်ချုပ်ရေးမှူး ဦးကျော်မိုးလွင်၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးထွန်းအောင်၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းစိုးထိုက်၊ ရှမ်းစာပေနှင့် ယဉ်ကျေးမှုဥက္ကဋ္ဌ ဦးစိုင်းတင်အောင်နှင့် ဦးစိုင်းရီတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး ရိုးရာအကများဖြင့် ဖျော်ဖြေတင်ဆက်ကြသည်။

ဒီဇင်ဘာ ၂ ရက် ည ၁၂ နာရီက (နတ်တော်လဆန်း ၁ ရက်နေ့) နှစ်သစ်ကို ကြိုဆိုသောအားဖြင့် ဒေသခံပြည်သူများက နှစ်သစ်ရှမ်းနှစ်ကူးသီချင်းနှင့် မီးရှူးမီးပန်းများဖြင့် စည်ကားသိုက်မြိုက်စွာစုပေါင်း ကြိုဆိုကြသည်။

နှစ်သစ်ကူးပွဲတော်တွင် ဟော်ပွဲရှင်ပွဲများအဖြစ် အားကစားပြိုင်ပွဲအမျိုးမျိုးကျင်းပပြီး နံနက် ၆ နာရီတွင် သံယာတော်တို့အား နှစ်သစ်မင်္ဂလာ ဆွမ်း၊ ခဲဖွယ်တို့ဖြင့် ဆက်ကပ်လှူဒါန်းကြသည်။

စိုင်းမျိုးသန့်(ပြန်/ဆက်)

မော်လမြိုင်တက္ကသိုလ်

(၂၂)ကြိမ်မြောက်ဘွဲ့နှင်းသဘင်လျှောက်လွှာတင်သွင်းရန်ကြေညာချက်

မော်လမြိုင်တက္ကသိုလ်မှအောက်ဖော်ပြပါ ပညာသင်နှစ်များ၏သင်တန်းနှစ်အသီးသီးအတွက် (ဘွဲ့)စာမေးပွဲများကို ဖြေဆိုအောင်မြင်သူများသည် မော်လမြိုင်တက္ကသိုလ်၏ (၂၂)ကြိမ်မြောက် ဘွဲ့နှင်းသဘင်အခမ်းအနားသို့ ဘွဲ့နှင်းသဘင်တက်ရောက်ဘွဲ့ယူရန် (သို့မဟုတ်)အဝေးရောက်ဘွဲ့ယူရန် လျှောက်ထားနိုင်ကြောင်းသည်။

၁။ ၂၀၁၁-၂၀၁၂ပညာသင်နှစ်အတွက် ၂၀၁၂ခုနှစ်၊ စက်တင်ဘာလတွင်ကျင်းပခဲ့သော ဝိဇ္ဇာ/သိပ္ပံ(ဘွဲ့)(၂၀၀၉အောင်)စာမေးပွဲဖြေဆိုအောင်မြင်ပြီးသူများ (နောက်ဆက်တွဲစာမေးပွဲအပါအဝင်)

၂။ ၂၀၁၁-၂၀၁၂ပညာသင်နှစ်အတွက် ၂၀၁၂ခုနှစ်၊ စက်တင်ဘာလတွင် ကျင်းပခဲ့သော ဝိဇ္ဇာ/သိပ္ပံ(ဂုဏ်ထူးဘွဲ့) (၂၀၀၈အောင်) စာမေးပွဲဖြေဆိုအောင်မြင်ပြီးသူများ(နောက်ဆက်တွဲစာမေးပွဲအပါအဝင်)

၃။ ၂၀၁၁-၂၀၁၂ပညာသင်နှစ်အတွက် ၂၀၁၂ခုနှစ်၊ စက်တင်ဘာလတွင် ကျင်းပခဲ့သော ဥပဒေ(ဘွဲ့) (၂၀၀၈အောင်)စာမေးပွဲ ဖြေဆိုအောင်မြင်ပြီးသူများ(နောက်ဆက်တွဲစာမေးပွဲအပါအဝင်)

၄။ ၂၀၁၂-၂၀၁၃ပညာသင်နှစ်အတွက် ၂၀၁၃ခုနှစ်၊ မတ်လတွင် ကျင်းပခဲ့သော မဟာဝိဇ္ဇာ/သိပ္ပံ(ဘွဲ့)(၂၀၀၆အောင်)နှင့် မဟာဥပဒေ(ဘွဲ့)(၂၀၀၅အောင်)စာမေးပွဲဖြေဆိုအောင်မြင်ပြီးသူများ(နောက်ဆက်တွဲစာမေးပွဲအပါအဝင်)

၅။ ၂၀၁၂-၂၀၁၃ပညာသင်နှစ်အတွက်မဟာသုတေသန(ဘွဲ့)အောင်မြင်ပြီးသူများ

၆။ ၂၀၁၂-၂၀၁၃ပညာသင်နှစ်အတွက် ပါရဂူဘွဲ့(အဏ္ဏဝါသိပ္ပံ)အောင်မြင်ပြီးသူများ

ဘွဲ့နှင်းသဘင်တက်ရောက်ကြေး - ကျပ်(၁၅၀၀၀/-)(ကျပ်တစ်ထောင့်ငါးရာတိတိ)
ဘွဲ့နှင်းသဘင်အဝေးရောက်ကြေး - ကျပ်(၁၀၀၀/-)(ကျပ်တစ်ထောင်တိတိ)
လျှောက်လွှာနောက်ဆုံးပိတ်ရက် - ၂၀၁၃ခုနှစ်၊ ဒီဇင်ဘာလ ၃၁ ရက်

မှတ်ချက် (က) လျှောက်ထားသူများသည် သတ်မှတ်ထားသော လျှောက်လွှာပုံစံဖြင့် (၃)လ အတွင်းနောက်ဆုံးရိုက်ကူးထားသော (၂×၁½)လက်မအရွယ်ဓာတ်ပုံ(သုံး)ပုံ ပူးတွဲ၍ လျှောက်ထားကြရမည်။

(ခ) အခြားသောပညာသင်နှစ်များမှ ဘွဲ့စာမေးပွဲအောင်မြင်သူများသည် အဝေးရောက်ဘွဲ့အတွက်သာ လျှောက်ထားနိုင်သည်။

(ဂ) ဘွဲ့နှင်းသဘင်လျှောက်လွှာတင်သွင်းသူများသည် ဘွဲ့ကြေးမျာကို မိမိတို့ကိုယ်တိုင်မော်လမြိုင်တက္ကသိုလ်၊ ငွေလက်ခံဌာနသို့ တိုက်ရိုက်ပေးသွင်းနိုင်ပါသည်။

(ဃ) မော်လမြိုင်တက္ကသိုလ်မှဥပဒေပညာ၊ ဘူမိဗေဒနှင့် အဏ္ဏဝါသိပ္ပံဘာသာရပ်များဖြင့် ဘွဲ့ရရှိခဲ့သူများသည် နိုင်ငံသားစိစစ်ရေးကတ်ပြား(သို့) (ဧည့်)နိုင်ငံသားလက်မှတ်(သို့)နိုင်ငံသား(ပြု)လက်မှတ်မူရင်းတင်ပြ၍ လျှောက်လွှာတွင် မိတ္တူပူးတွဲတင်ပြရမည်။

(င) ရပ်ဝေးမှလျှောက်လွှာတင်သွင်းသူများသည် ဘွဲ့နှင်းသဘင်ကြေးကို စာတိုက်ငွေပို့လွှာ **(Postal Money Order)** ဖြင့်သာ ပေးပို့မည်ဖြစ်ပြီး ငွေပို့လွှာ၏ အောက်ခြေတွင် **"ဘွဲ့နှင်းသဘင်ကြေးပေးပို့ခြင်း"** ဟု ဖော်ပြရမည့်အပြင် **လျှောက်ထားသူ၏အမည်၊ စာမေးပွဲခုံအမှတ်၊ အထူးပြုဘာသာရပ်၊ စာမေးပွဲအောင်မြင်သည့်ခုနှစ်၊ တက္ကသိုလ်** စသည်များကို တိကျစွာ ဖော်ပြရမည်။

(စ) အသေးစိတ်အချက်အလက်များကို မော်လမြိုင်တက္ကသိုလ်စာမေးပွဲနှင့် ဘွဲ့နှင်းဌာနစိတ်တွင် စုံစမ်းနိုင်ပါသည်။

(ဆ) ဘွဲ့နှင်းသဘင်ကျင်းပမည့်နေ့ရက်နှင့် ကျင်းပမည့်အစီအစဉ်ကို ထပ်မံကြေညာပါမည်။

(အောင်ကြည်ဦး)
ဌာနမှူး(သင်တန်းရေးရာ)
မော်လမြိုင်တက္ကသိုလ်

မွေးနေ့မင်္ဂလာဆုတောင်းလွှာ

ဒေါ်ခင်ဇော်ဝင်း (Finance Director- Myanmar V-Pile Group)၏ ၁၀-၁၂-၂၀၁၃ ရက်တွင် ကျရောက်သော မွေးနေ့မင်္ဂလာရက်မြတ်မှသည် နောင်နှစ်ပေါင်းများစွာတိုင်အောင် စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနှင့် လိုအင်ဆန္ဒများပြည့်ဝပြီး ချစ်သောမိသားစု၊ ချစ်သောဝန်ထမ်းများနှင့်အတူ ပျော်ရွှင်ချမ်းမြေ့စွာဖြင့် အောင်မြင်သောဘဝကို လျှောက်လှမ်းနိုင်ပါစေကြောင်း ဆုမွန်ကောင်း တောင်းအပ်ပါသည်။

အစ်မချစ်သော၊ အစ်မချစ်တဲ့
Accounts Department မှ
ညီမများ
Myanmar V-Pile Group

GREEN Construction Co., Ltd. ၏ အလူတိုယ်စားလှယ် ရန်ကုန်ထောသော Home & Passenger Lift များကို
အထူးရိုးသားသော ဈေးနှုန်းဖြင့် ရောင်းချပေးလျက်ရှိပါသည်။
. အခေါ် ပန်းဆောင်ပွဲအနေဖြင့် ဝန်ဆောင်မှုပေးသွားပါမည်။
. Service Charges Free (one year)

No	Category	No. of Storeyed	No. of Person	Sale Price (US$)
1.	Home Lift	2	3 to 5	179
2.	Passenger Lift	8	8	229
3.	Passenger Lift	12	8	271

. ဈေးနှုန်း
. No.of openings,machine room (or) machine roomless type,car size and No. of persons
ပေါ်မူတည်ပြီး ဈေးနှုန်းကွာခြားပေါ်နိုင်ပါသည်။
. အမျိုးအစား (၃၀) (၃)မျိုးတွေကို၊ သုံးမျိုး နောက်ပေါ်မပေါ်ကြီး ကျိုင်ကြွန်ယား ရန်ကုန်။
. နေ့စဉ် ၀၁-၅၃ တည့်တည့် ဝင်ရောက်ကြည့်ရှုနိုင်

GEO KINETIC ENGINEERING & CONSTRUCTION
No. 006, Bldg (01) Thiri Gone Housing, Thingangyun Tsp
Ph: 09731516613, 09421063054
SOIL TEST LAB (နိုင်ငံခြားဆေးပညာကိုအသုံးပြုသော်လည်း)
(1) Soil Mechanics and Soil Laboratory Course
(2) Field Practical For Drilling, SPT & Collecting Soil Sample
အတတ်ပညာ (၃)ကသင်တန်းကာလ - (၇)လ
LIAN ABS12014-Mon, Tue, Wed (9AM TO 12AM, 1PM to 4PM)
သတင်းသတင်းဆက်ဆံနိုင်ပြီး သင်တန်းကာလသစ်ဖွင့်ပါသည်။

မကွေးမြို့နယ် သဖန်းဆိပ်ကျေးရွာတွင် ဆပ်ပြာချက်လုပ်ငန်း တွင်ကျယ်လျက်ရှိ

မကွေး ဒီဇင်ဘာ ၉

မကွေးမြို့နယ် ထုံးပေါက်တောအုပ်စု သဖန်းဆိပ်ကျေးရွာမှ ထုတ်လုပ်သော ဆပ်ပြာအဆီဘူးများကို မကွေး၊ မင်းဘူးစျေးကွက်များတွင် တွင်ကျယ်စွာ အရောင်းသွက်လျက်ရှိကြောင်း သိရသည်။

ဧဝရတ်တံဆိပ်ဖြင့် ထုတ်လုပ်သော ဆပ်ပြာဆီဘူးများကို သဖန်းဆိပ်ကျေးရွာမှ တစ်ပိုင်တစ်နိုင် အိမ်တွင်းမှ စီးပွားအဖြစ် ထုတ်လုပ်လျက်ရှိပြီး အဆိုပါ အသေးစားလုပ်ငန်းရှင်များလည်း တွက်ခြေကိုက်လျက်ရှိသည်။ ဆပ်ပြာဆီဘူးများကို တစ်လီတာ တစ်ဘူးလျှင် ကျပ် ၈၀၀ ဖြင့် တောင်တွင်း၊ မကွေး၊ မင်းဘူး စျေးကွက်များအပြင် ရန်ကုန်မြို့အထိ ရောင်းချလျက်ရှိပြီး ဝယ်ယူသုံးစွဲသူများလည်း အကြိုက်တွေ့လျက် ဆပ်ပြာဆီဘူး တစ်ဘူးလျှင် အဝတ်အထည် ၆၀၀ ကျော်ခန့်လျှော်ဖွပ်၍ ရနိုင်ကြောင်း၊ ဓာတုပစ္စည်းပါဝင်မှု နည်းပါးပြီး သဘာဝကုန်ကြမ်းပစ္စည်းများကိုသာ ဦးစားပေးသုံးစွဲထားသဖြင့် ဘေးထွက်ဆိုးကျိုးများဖြစ်ပေါ်နိုင်ခြင်းမရှိကြောင်း သိရသည်။

အသေးစားလုပ်ငန်းတစ်ခုအဖြစ် ဆပ်ပြာဆီကို ထုတ်လုပ်ရောင်းချလျက်ရှိသောမနှင်းဝေဖြိုးက "ကျေးရွာတွေမှာ တစ်ပိုင်တစ်နိုင် စီးပွားဖြစ်ဆပ်ပြာချက်လုပ်ငန်းကို လုပ်ကိုင်သူနည်းပါးပါတယ်။ ကျွန်မလည်း စွန့်ဦးတီထွင်မှု တစ်ရပ်အနေနဲ့ တခြားသူတွေ မလုပ်သေးတဲ့ ဒီလုပ်ငန်းကို အသေးစားငွေချေးငှားနည်း တစ်ခုဖြစ်တဲ့ ရတနာ့မေတ္တာအဖွဲ့အစည်းရဲ့ ပံ့ပိုးကူညီမှုနဲ့ လုပ်ကိုင်ဖို့ အခွင့်အရေးရရှိလာတာပါ။ ကုန်ကြမ်းပစ္စည်းတွေကို မကွေးမြို့ပေါ်ကနေ အလွယ်တကူ ဝယ်ယူရရှိပါတယ်။ အသေးစားအိမ်တွင်းမှုလုပ်ငန်းတွေကို အခွန်ကင်းလွတ်ခွင့်ပေးထားတဲ့အတွက်ကြောင့်မို့ အမြတ်အစွန်းပိုမိုရရှိလာလို့ နိုင်ငံတော်ကိုလည်း အများကြီး ကျေးဇူးတင်ပါတယ်"ဟု ပြောပြသည်။

မကွေးမြို့နယ်အတွင်းရှိ ကျေးရွာများတွင် ဆင်းရဲမှုလျှော့ချရေးလုပ်ငန်းစဉ်တစ်ရပ်အနေဖြင့် အသေးစားငွေချေးခြင်းနှင့် အသက်မွေးဝမ်းကျောင်းပညာရပ် သင်တန်းပို့ချခြင်းကို နိုင်ငံတော်နှင့် အရပ်ဘက်လူမှုအဖွဲ့အစည်းတို့က အရှိန်အဟုန်ဖြင့် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ပိုင်ဇေ(မကွေး)

မုံရွာမြို့ရှိ သုံးဘီးမောင်းသူများ ပြေးဆွဲရမှု သိသိသာသာနည်းပါး

မုံရွာ ဒီဇင်ဘာ ၉

မန္တလေး၊ အမရပူရ၊ မင်းကွန်း၊ စစ်ကိုင်းဒေသကြီးတို့မှတစ်ဆင့် လာရောက်ကြသော ပြည်ပခရီးသွားများ၊ မြင်းမူမြို့ ဧရာဝတီမြစ်မှတစ်ဆင့် ရေလမ်း၊ ကုန်လမ်းတို့ဖြင့် လာရောက်ကြသော ပြည်ပခရီးသွားများအနေဖြင့် မုံရွာမြို့နှင့် ဝန်းကျင်အထင်ကရ နေရာဒေသများသို့ ကုမ္ပဏီအစီအစဉ်ဖြင့် လာရောက်မှုများရှိသလို မိမိအစီအစဉ်ဖြင့် လာရောက်ကြသော ပြည်ပခရီးသွားများလည်း ရှိရာဟိုတယ်နှင့် တည်းခိုခန်းများအနီး ခရီးသွားများကို အားကိုးအားထားပြုပြေးဆွဲနေသော သုံးဘီးဆိုက်တွဲယာဉ်နှင့် ဆိုင်ကယ်များအနေဖြင့် ယခုနောက်ပိုင်းကာလတွင် ပြေးဆွဲလိုက်လံပို့ဆောင်ရမှု သိသိသာသာနည်းပါးလာကြောင်း မုံရွာဟိုတယ်ရှေ့တွင် ဂိတ်ထိုးပြေးဆွဲနေသော သုံးဘီးမောင်းသူထံမှ သိရသည်။

ထိုသို့ နည်းပါးရခြင်းမှာ ရန်ကုန်၊ မန္တလေးမြို့များရှိ ခရီးသွားကုမ္ပဏီတို့နှင့် တိုက်ရိုက်ချိတ်၍ လာရောက်ကြသူများအနေဖြင့် တိုးရစ်ဘတ်စ်ကားများဖြင့် လာရောက်ကြသလို မုံရွာအနီးဝန်းကျင်သို့လည်း အဆိုပါကားများဖြင့်သာ သွားရောက်ကြသောကြောင့် ပြေးဆွဲရမှုနည်းပါးရခြင်းဖြစ်ကြောင်း သိရသည်။ တည်းခိုခန်း၊ ဟိုတယ်များတွင် တည်းခိုနေစဉ်ညနေနှင့် ညပိုင်းများတွင် အနီးဝန်းကျင်ရှိ ညစျေးတန်းသို့ သွားလာရမှု အလွန်နီးနေသောကြောင့် သုံးဘီးနှင့်ဆိုင်ကယ်ကို အသုံးမပြုတော့ဘဲ ခြေကျင်လျှောက်ကြသည်ကများသလို တချို့ကစက်ဘီးနှင့် လာရောက်ကာ လှည့်လည်သွားလာကြကြောင်း၊ သုံးဘီးယာဉ်ငှားလိုလျှင်လည်း တည်းခိုသောဟိုတယ်၏ အစီအစဉ်ဖြင့် ဟိုတယ်တွင်းမှ ထောင်ထားသော သုံးဘီးများဖြင့်သာ ပြေးဆွဲပေးရာ ပြင်ပသုံးဘီးယာဉ်များ ပြည်ပခရီးသွားများရရန် အလွန်ခဲယဉ်းသော အခွင့်အရေး ဖြစ်လာကြောင်း သုံးဘီးမောင်းသူများက ပြောသည်။

ပြည်ပခရီးသွားများ အနေဖြင့် မုံရွာမြို့တွင်း မြင်းလှည်းဖြင့် သွားလာရသည်ကို ပိုမိုနှစ်သက်ကြသော်လည်း မြို့တွင်းမြင်းလှည်းမမောင်းရသောကြောင့် ဆိုက်ကားများငှား၍ အုပ်စုလိုက် မြို့တွင်းလှည့်လည်မှု ပိုများကြောင်း၊ ယခုနောက်ပိုင်းတွင် ပြိုင်စက်ဘီးများဖြင့် အုပ်စုလိုက် လာရောက်မှုများပြီး အများဆုံး သွားလာရာဒေသဖြစ်သော ဖိုလ်ဝင်တောင်ဒေသသည် ယခုအခါ ကားလမ်းမှာ ကတ္တရာလမ်းချောများ ခင်းကျင်းပြီးဖြစ်ရာ သွားရေးလာရေး အထူးချောမွေ့နေပြီဖြစ်သောကြောင့် သွားလာသူ များပြားလာကြောင်း သိရသည်။

မျိုးဝင်းထွန်း(မုံရွာ)

အများသိစေရန်

ကျွန်ုပ်၏မိတ်ဆွေက ရန်ကုန်မြို့၊ ဒဂုံ(ဆိပ်ကမ်း)မြို့နယ်၊ ဂီတအစည်းအရုံးကွက်၊ ၆အမှတ်(၂၇၄၆+၂၇၄၇)ဟုခေါ်တွင်သော ရန်ကုန်မြို့၊ ဒဂုံ(ဆိပ်ကမ်း)မြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ်-၆၁၊ မြေကွက်အမှတ်-(၂၇၄၆+၂၇၄၇) အကျယ်အဝန်း(အလျားပေ ၈၈ × အနံပေ ၆၀)၊ ဧရိယာ(၀. ၁၂၁)ကေရှိ နှစ်(၆၀)မြေငှားဂရန်မြေအမျိုးအစား အိမ်ရာမြေကွက်များနှင့် ယင်းအိမ်ရာမြေကွက်များနှင့်ပတ်သက်သည့်အကျိုးခံစားခွင့်များအားလုံးတို့ကို ယင်းအိမ်ရာမြေကွက်များ၏ အမည်ပေါက်ပိုင်ရှင်ဦးစောကျော်မျိုးဝင်း[၁၂/အစန(နိုင်)၀၃၁၆၃၅]ထံမှ ၂၃-၁၂-၂၀၁၁ ရက်စွဲပါ "အိမ်ရာမြေကွက်များ အပြီးအပိုင်အရောင်းအဝယ်စာချုပ်"ဖြင့် ငွေအပြေအကျေပေးချေ ဝယ်ယူကာ လက်ရောက်ရယူပိုင်ဆိုင်ခဲ့ပါသည်။

သို့ပါ၍ ဖော်ပြပါအိမ်ရာမြေကွက်များ၏ အမည်ပေါက်ပိုင်ရှင် ဦးစောကျော်မျိုးဝင်းက ကျွန်ုပ်၏မိတ်ဆွေသို့ "အိမ်ရာမြေကွက်များ အပြီးအပိုင်အရောင်းအဝယ်စာချုပ်"ကို ဤကြောင်ကြားပါသည့်ရက်မှ ၁၀ ရက်အတွင်း ချုပ်ဆိုမှတ်ပုံတင်သွင်းပေးပါရန်နှင့် ပျက်ကွက်ပါက ဥပဒေနှင့်အညီ တရားစွဲဆိုရန် ညွှန်ကြားချက်များရရှိထားပြီးဖြစ်ပါကြောင်း ဦးစောကျော်မျိုးဝင်းနှင့်အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးသန်းအေး(B.Ag,H.G.P)
အထက်တန်းရှေ့နေ(စဉ်-၁၂၂၉၅)
အမှတ်-၅၀၊ အခန်း(A/၅)၊ ဘဏ်လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့

မြန်မာနိုင်ငံရွှေလုပ်ငန်းရှင်များအသင်း (၁၁)ကြိမ်မြောက်နှစ်ပတ်လည်အသင်းသားစုံညီအစည်းအဝေးဖိတ်ကြားစာ

မြန်မာနိုင်ငံရွှေလုပ်ငန်းရှင်များအသင်း၏ (၁၁)ကြိမ်မြောက် နှစ်ပတ်လည်အသင်းသားစုံညီအစည်းအဝေးကို ၁၅-၁၂-၂၀၁၃ ရက် (တနင်္ဂနွေနေ့) မွန်းလွဲ ၁ နာရီတွင် အမှတ်(၂၀၅)၊ ဝါးတန်းလမ်းနှင့် မင်းရဲကျော်စွာလမ်းထောင့်၊ လမ်းမတော်မြို့နယ်ရှိ Panda Hotel (ပုလဲခန်းမ)၌ ကျင်းပမည်ဖြစ်ပါသဖြင့် အသင်းသူ၊ အသင်းသားများ အနေဖြင့် ဖိတ်စာရရှိသည်ဖြစ်စေ၊ မရရှိသည်ဖြစ်စေ စုံစုံညီညီတက်ရောက်ကြပါရန် လေးစားစွာ ဖိတ်ကြားအပ်ပါသည်။

မှတ်ချက်။ ။ အစည်းအဝေးတက်ရောက်မည့်သူများ(ဖုန်း-၂၁၄၈၃၇) သို့ ၁၀-၁၂-၂၀၁၃ ရက် နောက်ဆုံးထား အကြောင်းပြန်ကြားပေးပါရန်။

အလုပ်အမှုဆောင်အဖွဲ့

အထက(၄)စစ်တွေမြတ်ဆရာပူဇော်ပွဲ

ရခိုင်ပြည်နယ် စစ်တွေမြို့ အထက(၄)ကျောင်းသား၊ ကျောင်းသူဟောင်းများ၏ အာစရိယပူဇော်ပွဲကို အောက်ပါအစီအစဉ်အတိုင်း ကျင်းပမည်ဖြစ်ပါ၍ စစ်တွေမြို့ အထက(၄)တွင် တာဝန်ထမ်းဆောင်ခဲ့သည့် သက်ပြည့်အငြိမ်းစားဆရာကြီး၊ ဆရာမကြီးများသည် အာစရိယပူဇော်ပွဲသို့ ကြွရောက်ခီးမြှင့်ကန်တော့ခံပေးပါရန်နှင့် ကျောင်းသား၊ ကျောင်းသူဟောင်းများ မပျက်မကွက်တက်ရောက်ကြပါရန်-

ကျင်းပမည့်နေ့ရက် - ၂၉-၁၂-၂၀၁၃(တနင်္ဂနွေနေ့)
ကျင်းပမည့်အချိန် - မွန်းလွဲ ၁နာရီ
ကျင်းပမည့်နေရာ - မဟာပညာကျော်ခန်းမ၊ အထက(၄)စစ်တွေမြို့။
ဓညတီသာသနာပြုကျောင်းတိုက်ဦးထောင်ဘိုလမ်း၊ ရန်ကုန်မြို့။

ဆက်သွယ်ရန်-

စစ်တွေ-	ဒေါက်တာလတ်လတ်ထွန်း(၀၉-၈၅၀၀၁၆၄)၊	ဒေါက်တာမိုးကျော်(၀၉-၅၆၈၀၃၃၀)
	ဒေါ်စောမူ(၀၄၃-၂၃၄၂၀)	ကိုအောင်ကျော်ဇံ(၀၉-၅၆၈၀၄၅၀)
	ကိုကျော်စောဝင်း(၀၉-၄၉၆၄၀၅၂၀)	
ရန်ကုန်-	ဒေါ်ခင်မြန့်(၀၉-၅၀၂၄၃၃၅)	ဒေါ်မြသီတာ(၀၉-၈၅၀၁၈၈၉)
	ဒေါက်တာကြည်လှိုင်(၀၉-၅၀၀၀၁၈၁)	ဒေါ်ကေသီဦး(၀၉-၃၃၁၇၂၈၂)
	ဦးထွန်းရွှေသိန်း(၀၉-၅၁၂၃၁၆၆)၊	ဒေါ်မိုးမိုးလေး(၀၉-၅၁၂၀၅၅၄)
	ဒေါ်ဆွေဆွေသန်း(၀၉-၅၄၁၄၃၃၇)	ဒေါ်ဖြူဖြူလတ်(၀၉-၃၃၁၆၀၈၀၃)
	ဦးကျော်နိုင်(၀၉-၅၀၆၁၈၈၄)၊	ဦးစံရွှေမောင်(၀၉-၅၀၈၃၉၈၃)

နေပြည်တော်-ဒုတိယပိုလ်မှူးကြီး(ငြိမ်း)ဦးတင်သိန်း(၀၉-၈၆၁၁၃၅၈)

အထက(၂)မှော်ဘီအာစရိယပူဇော်မည်

အထက(၂)မှော်ဘီတွင် ၁၉၆၆-၆၇မှ ၁၉၇၄-၇၅ ထိ ထက်လယ်မူပြဆရာ၊ ဆရာမကြီးများနှင့် ၁၉၇၅-၇၆မှ ၁၉၈၄-၈၅ထိ **အထက်တန်းပြ**အဖြစ် သင်ကြားခဲ့ပြီး **သက်ပြည့်အငြိမ်းစား**ယူပြီးဖြစ်သော ဆရာ၊ ဆရာမကြီးများအား သတ္တမအကြိမ်အာစရိယပူဇော်ပွဲကို ဇန်နဝါရီ ၁၉ ရက်(တနင်္ဂနွေနေ့)တွင် အဆိုပါကျောင်းရှိ မေတ္တာရောင်ခြည်ခန်းမ၌ ကျင်းပမည်ဖြစ်သည်။

အာစရိယပူဇော်ပွဲသို့ မည်သည့်ခုနှစ်မှ ကျောင်းသားမဆို တက်ရောက်နိုင်ပြီး အလျှင်ငွေများကို အောက်ပါအတိုင်းဆက်သွယ်လျှာ်ခါန်းနိုင်ပါသည်။

ဦးသန်းထွန်း ၀၉-၃၁၁၂၅၈၄၀၊ ဒေါ်ကြည်ကြည်ဝင်း ၀၉-၇၃၀၇၇၆၂၄၄၊ ဒေါက်တာဦးစောကလယ်ခူ ၀၉-၅၁၆၅၈၁၄၊ ဦးကာကျော်ဝ၀၉-၇၃၁၈၆၉၀၅၊ ဦးမြသန်းထိုက် ၀၉-၈၆၃၇၃၃၄၊ ဒေါ်ခင်မြတ်မူ ၀၉-၅၄၀၃၁၅၂ ၊ ဒေါ်အေးအေးဝိုး ၀၉-၄၂၀၁၉၉၂ ၂ ၈၊ ဦးမြင့်ဝင်း ၀၉-၄၅၈၀ ၂ ၁၆၄၉၊ ဒေါ်စန်းယုမေ ၀၉-၇၃၁၀၁၉၀၀၊ ၀၉-၃၁၅၈၆၇ ၂ ၂ ၊ ဒေါက်တာသီဟကျော် ၀၉-၅၁၅၃၆၈၇၊ ဒေါ်ချိုချိုမြင့်ဦး ၀၉-၄၄၈၀၄၄၈၃၉၊ ဗဟအောင်မြင့်(ငြိမ်း)၀၉-၅၁၆ ၂ ၈၇ ၂ ၊ ကျော်မင်း ၀၉-၇၃၀၅၄၈၃၊ အေးနိုင် ၀၉-၄ ၂ ၀၁၅၃၀ ၂ ၂၊ ဒေါ်မျိုးစန္ဒာမြင့် ၀၉-၅၁၀၈၁၇၆၃။

မြစ်ကြီးနားတက္ကသိုလ်
"(၁၃)ကြိမ်မြောက် ဘွဲ့နှင်းသဘင်ကျင်းပခြင်း"

၁။ ၂၀၁၁-၂၀၁၂ပညာသင်နှစ် မဟာသုတေသနဘွဲ့၊ မဟာဘွဲ့၊ ဂုဏ်ထူးဘွဲ့၊ ဥပဒေဘွဲ့၊ ဝိဇ္ဇာဘွဲ့၊ သိပ္ပံဘွဲ့၊ မိုးညင်းဒီဂရီကောလိပ်အပါအဝင်)စာမေးပွဲအသီးသီးကို အောင်မြင်ခဲ့ကြပြီး ဘွဲ့နှင်းသဘင်တက်ရောက်ရန် လျှောက်ထားကြသူများအတွက်(၁၃)ကြိမ်မြောက်ဘွဲ့နှင်းသဘင်ကို မြစ်ကြီးနားတက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမတွင် ကျင်းပမည်ဖြစ်ပါ၍ အောက်ပါအစီအစဉ်အတိုင်းတက်ရောက်ရန် ကြေညာလိုက်သည်။

"(၁၃)ကြိမ်မြောက်ဘွဲ့နှင်းသဘင်အစီအစဉ်"

ပထမရက်	(ပထမပိုင်း) ၁၄-၁-၂၀၁၄ ရက်နေ့ နံနက်၉နာရီ	
မဟာသုတေသနဘွဲ့	- မြန်မာစာ၊ သမိုင်း၊ ဓာတုဗေဒ - ရူပဗေဒ၊ သင်္ချာ၊ ရုက္ခဗေဒ	အစမ်းလေ့ကျင့်ရက် (၁၂-၁-၂၀၁၄)
ဝိဇ္ဇာဘွဲ့	- မြန်မာစာ	
သိပ္ပံဘွဲ့	- ဓာတုဗေဒ(၃-ဓ-၁မ,စဝ)	
ပထမရက်	ဒုတိယပိုင်း(၁၄-၁-၂၀၁၄)ရက်နေ့ မွန်းလွဲ(၂)နာရီ	
မဟာဝိဇ္ဇာဘွဲ့	- အင်္ဂလိပ်စာ၊ ဒဿနိကဗေဒ	
သိပ္ပံဘွဲ့	- ဓာတုဗေဒ(၃-ဓ-စာမ၊ ၁၇၇) - (မြင်ပဘ၃၇၊၁၃စ)	အစမ်းလေ့ကျင့်ရက် ၁၂-၁-၂၀၁၄
ဝိဇ္ဇာဘွဲ့	- အင်္ဂလိပ်စာ (၃-အ-၁မ၅၁)	နံနက် ၉ နာရီ
ဒုတိယရက်	ပထမပိုင်း(၁၅-၁-၂၀၁၄)ရက်နေ့ နံနက်(၉)နာရီ	
မဟာသိပ္ပံဘွဲ့	- ဓာတုဗေဒ	
ဥပဒေပညာဘွဲ့	- ဥပဒေပညာ(၄-၃-၁မ,၄၇ထိ)	အစမ်းလေ့ကျင့်ရက်
ဝိဇ္ဇာဘွဲ့	- အင်္ဂလိပ်စာ(၃-အ-၅၂မ,၁၁၂)	(၁၂-၁-၂၀၁၄)
သိပ္ပံဘွဲ့	- ရူပဗေဒ(၃ရပ ၁မ,၂၇)	နံနက်၉နာရီ
ဒုတိယရက်	ဒုတိယပိုင်း(၁၅-၁-၂၀၁၄)ရက်နေ့ မွန်းလွဲ(၂)နာရီ	
မဟာသိပ္ပံဘွဲ့	- ရူပဗေဒ	အစမ်းလေ့ကျင့်ရက်
ဝိဇ္ဇာဘွဲ့	- အင်္ဂလိပ်စာ(၃-အ-၁၁၃မ,၁၆၃)	၁၂-၁-၂၀၁၄
ဥပဒေပညာဘွဲ့	- ဥပဒေပညာ(၄-၃-၄၉မ,၁၀၆) (မြင်ပ၇၈၊စဝ)	နံနက်၉နာရီ အစမ်းလေ့ကျင့်ရက်
သိပ္ပံဘွဲ့	- ရူပဗေဒ(၃-ရပ-၂စမ,၆၂)	၁၂-၁-၂၀၁၄ မွန်းလွဲ(၂)နာရီ
တတိယရက်	ပထမပိုင်း(၁၆-၁-၂၀၁၄)ရက်နေ့ နံနက် ၉နာရီ	
မဟာသိပ္ပံဘွဲ့	- သင်္ချာ၊ ဘူမိဗေဒ	အစမ်းလေ့ကျင့်ရက်
ဝိဇ္ဇာဘွဲ့	- အင်္ဂလိပ်စာ(၃-အ-၁၆၄မ,၂၂၁)	(၁၂-၁-၂၀၁၄)
သိပ္ပံဘွဲ့	- သင်္ချာ(၃-သခ-၁မ,စ၉)	မွန်းလွဲ(၂)နာရီ
တတိယရက်	ဒုတိယပိုင်း(၁၆-၁-၂၀၁၄)ရက်နေ့ မွန်းလွဲ(၂)နာရီ	
မဟာသိပ္ပံဘွဲ့	- ရုက္ခဗေဒ	အစမ်းလေ့ကျင့်ရက်
ဝိဇ္ဇာဘွဲ့	- သမိုင်း	(၁၂-၁-၂၀၁၄)
သိပ္ပံဘွဲ့	- ရူပဗေဒ(၃-ရပ-၆၃မ,၁၃၆) - အဏုဇီဝဗေဒ	မွန်းလွဲ(၂)နာရီ
စတုတ္ထရက်	ပထမပိုင်း(၁၇-၁-၂၀၁၄)ရက်နေ့ နံနက်၉နာရီ	
ဝိဇ္ဇာဝုဏ်ထူးဘွဲ့	- ဒဿနိကဗေဒ	
သိပ္ပံဝုဏ်ထူးဘွဲ့	- ဇီဝဓာတုဗေဒ၊သတ္တဗေဒ၊ ဘူမိဗေဒ	အစမ်းလေ့ကျင့်ရက်
သိပ္ပံဘွဲ့	- သင်္ချာ(၃-သခ-၉ဝမ,၁၆၆)	၁၂-၁-၂၀၁၄
ဝိဇ္ဇာဘွဲ့	- စိတ်ပညာ	မွန်းလွဲ၂နာရီ
စတုတ္ထရက်	ဒုတိယပိုင်း(၁၇-၁-၂၀၁၄)ရက်နေ့ မွန်းလွဲ ၂နာရီ	
ဝိဇ္ဇာဝုဏ်ထူးဘွဲ့	- အင်္ဂလိပ်စာ	အစမ်းလေ့ကျင့်ရက်
သိပ္ပံဘွဲ့	- ရူပဗေဒ(၃-ရပ-၁၃,ရ,မ,၁၆၃) - ဘူမိဗေဒ(၃-ဘ-၁မ,၂၂)	၁၃-၁-၂၀၁၄ နံနက်၉နာရီ
ဝိဇ္ဇာဘွဲ့	- ဒဿနိကဗေဒ	
ပဉ္စမရက်	ပထမပိုင်း(၁၈-၁-၂၀၁၄)ရက်နေ့ နံနက် ၉ နာရီ	
ဝိဇ္ဇာဝုဏ်ထူးဘွဲ့	- သမိုင်း၊စိတ်ပညာ	
ဝိဇ္ဇာဘွဲ့	- ပထဝီဝင်(၃-ပ-၁မ,၃၉)	အစမ်းလေ့ကျင့်ရက် (၁၃-၁-၂၀၁၄)
သိပ္ပံဘွဲ့	- ဘူမိဗေဒ(၃-ဘ-၂၃မ,၇၇) (မြင်ပ-၃၄၊ ၄၀) - သတ္တဗေဒ	နံနက်၉နာရီ
ပဉ္စမရက်	ဒုတိယပိုင်း(၁၈-၁-၂၀၁၄)ရက်နေ့ မွန်းလွဲ ၂နာရီ	
သိပ္ပံဝုဏ်ထူးဘွဲ့	- ဓာတုဗေဒ	အစမ်းလေ့ကျင့်ရက်
ဝိဇ္ဇာဘွဲ့	- ပထဝီဝင်(၃-ပ-၄ဝမ,စ၇) (၁-ဝုဏ်-ပ-၁)	(၁၃-၁-၂၀၁၄)
သိပ္ပံဘွဲ့	- ဇီဝဓာတုဗေဒ၊ရုက္ခဗေဒ	နံနက် ၉ နာရီ
ဆဋ္ဌမရက်	ပထမပိုင်း(၁၉-၁-၂၀၁၄)ရက်နေ့ နံနက်၉နာရီ	
သိပ္ပံဝုဏ်ထူးဘွဲ့	- ရူပဗေဒ	အစမ်းလေ့ကျင့်ရက်
ဝိဇ္ဇာဘွဲ့	- အရှေ့တိုင်းပညာ	၁၃-၁-၂၀၁၄
သိပ္ပံဘွဲ့ (မိုးညင်းဒီဂရီကောလိပ်)	- ဓာတုဗေဒ(၃-ဓ-၁မ,၄၇)	နံနက်၉နာရီ
သိပ္ပံဘွဲ့ (မိုးညင်းဒီဂရီကောလိပ်)	- သင်္ချာ(၃-သခ-၁မ,၄၂)	အစမ်းလေ့ကျင့်ရက် ၁၃-၁-၂၀၁၄
ဝိဇ္ဇာဘွဲ့ (မိုးညင်းဒီဂရီကောလိပ်	- ပထဝီဝင်	မွန်းလွဲ(၂)နာရီ
ဆဋ္ဌမရက်	ဒုတိယပိုင်း ၁၉-၁-၂၀၁၄ရက်နေ့ မွန်းလွဲ ၂နာရီ	
သိပ္ပံဝုဏ်ထူးဘွဲ့	- သင်္ချာ	အစမ်းလေ့ကျင့်ရက်
ဝိဇ္ဇာဘွဲ့ (မိုးညင်းဒီဂရီကောလိပ်	- သမိုင်း	၁၃-၁-၂၀၁၄ မွန်းလွဲ(၂)နာရီ
သိပ္ပံဘွဲ့ (မိုးညင်းဒီဂရီကောလိပ်)	- ဓာတုဗေဒ(၃-ဓ-၄စမ,၁၂၉) - သင်္ချာ(၃-သခ-၄၃မ,၇၃)	
သတ္တမရက်	ပထမပိုင်း(၂၀-၁-၂၀၁၄)ရက်နေ့ နံနက်(၉)နာရီ	
သိပ္ပံဝုဏ်ထူးဘွဲ့ (မိုးညင်းဒီဂရီကောလိပ်)	- ဓာတုဗေဒ၊ ရူပဗေဒ၊ သတ္တဗေဒ	အစမ်းလေ့ကျင့်ရက် ၁၃-၁-၂၀၁၄
သိပ္ပံဘွဲ့ (မိုးညင်းဒီဂရီကောလိပ်)	- သင်္ချာ(၃-သခ-၇၄မ,၁၄၃) - (၁-ဝုဏ်-သခ-၉) - ရူပဗေဒ(၃-ရပ-၁မ,၇၃)	မွန်းလွဲ(၂)နာရီ
သတ္တမရက်	ဒုတိယပိုင်း(၂၀-၁-၂၀၁၄)ရက်နေ့ မွန်းလွဲ ၂နာရီ	
သိပ္ပံဝုဏ်ထူးဘွဲ့ (မိုးညင်းဒီဂရီကောလိပ်)	- သင်္ချာ၊ရုက္ခဗေဒ	အစမ်းလေ့ကျင့်ရက်
ဝိဇ္ဇာဘွဲ့ (မိုးညင်းဒီဂရီကောလိပ်)	- မြန်မာစာ	၁၃-၁-၂၀၁၄ မွန်းလွဲ(၂)နာရီ
သိပ္ပံဘွဲ့	- ရူပဗေဒ(၃-ရပ-၇၄မ,၁၃၇) - (၁-ဝုဏ်-ရပ-၁၊ ၁၆၊ ၂၄)	
မိုးညင်းဒီဂရီကောလိပ်	- ရုက္ခဗေဒ၊သတ္တဗေဒ	

၂။ ဘွဲ့နှင်းသဘင်တက်ရောက်ရန် ဘွဲ့ဝတ်စုံဌားရမ်းခွင့်ထောက်ခံစာနှင့်အတူ ဘွဲ့နှင်းသဘင်တက်ရောက်ယူမည့်သူများသည် ဘွဲ့ဝတ်စုံများကို ဘွဲ့ကြေးငွေသွင်းပြေစာနှင့်အတူ ၇-၁-၂၀၁၄မှ ၉-၁-၂၀၁၄ရက်ထိ နံနက် ၉ နာရီမှ ညနေ ၄ နာရီအထိ မြစ်ကြီးနားတက္ကသိုလ်စာမေးပွဲနှင့် ဘွဲ့နှင်းသဘင်ဌာနတွင် ထုတ်ယူနိုင်ပါသည်။

၃။ ဘွဲ့နှင်းသဘင်တက်ရောက်ခွင့်နှင့် ဧည့်လက်မှတ်များကို ဘွဲ့နှင်းသဘင်အစမ်းလေ့ကျင့်ရက်များတွင် ထုတ်ပေးသွားမည် ဖြစ်ပါသည်။

၄။ ဘွဲ့နှင်းသဘင် တက်ရောက်မည့်သူများသည် မြန်မာဝတ်စုံ၊ တိုင်းရင်းသားဝတ်စုံ၊ အနောက်တိုင်းဝတ်စုံ(အမျိုးသား)တို့အနက် နှစ်သက်ရာဝတ်စုံကိုဝတ်ဆင်နိုင်ပါသည်။ **(မောင်မောင်)**

ဌာနမှူး၊ သင်တန်းရေးရာဌာန
မြစ်ကြီးနားတက္ကသိုလ်၊ မြစ်ကြီးနားမြို့

ကျေးဇူး ဆပ်ပါမည်
ကျွန်မ နန့်စီစီအေး၏ PP No.M.862319 ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ **ဖုန်း-၅၇၁၁၅၉၊ ၅၇၉၅၁၀**

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၅၊ မြေကွက်အမှတ်-၃၀၈/က၊ မြေကွက်တည်နေရာအမှတ် (၃၀၈/က)၊ ပင်းယ(၁၃)လမ်း၊ (၅)ရပ်ကွက်၊ တ/ဥ၊ (ဒေါ်မြမြ) အမည်ပေါက် နှစ်(၆၀)ဝန်ထမ်းမြေအား အမည်ပေါက် ဒေါ်မြမြနှင့်ခင်ပွန်း ဦးချစ်သန်းကျယ်လွန်သဖြင့် ဒေါ်ခင်ဌေးရီ၁၂/သယဟ(နိုင်)၁၁၈၉၀၃၂၊ ဦးစန်းမြင့်၁၂/ဥကတ(နိုင်)၀၉၉၁၃၀၊ ဒေါ်မြင့်မြင့်ခိုင်၁၂/ဥကတ(နိုင်)၀၉၉၆၁၁၊ ဒေါ်ချိုချို[၁၂/ဥကတ(နိုင်)၀၇၈၃၆၉] ၊ ဒေါ်ဖြူဖြူ၁၂/အစန(နိုင်)၁၂၅၅၉၇]တို့က သားသမီးများတော်စပ်ကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ်ရန် ကိုယ်စားလှယ်လွှဲစာအမှတ်-၁၇၀၉၇(၁၃-၉-၁၃)၊ ၁၇၀၉၆(၁၃-၉-၁၃)ဖြင့် လွှဲအပ်ခံရသူ အထွေထွေကိုယ်စားလှယ် ဒေါ်ခင်ဌေးရီ၁၂/သယဟ(နိုင်)၁၁၈၉၀၃၂မှ ပါဝါပေးသူ သက်ရှိထင်ရှားရှိကြောင်းနှင့် ပါဝါမရပ်သိမ်းသေးကြောင်း ကျမ်းကျိန်လွှာ၊ ၃၄၉ (၂၅-၉-၁၃)ကိုတင်ပြ၍ မြေပုံကူးလျှောက်ထားလာရာ (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

စတုဘုမ္မိကဆရာတော်ကြီးများအား ပူဇော်ပွဲနှင့်တရားစခန်းဖွင့်ပွဲ

သယ်နန်းကျွန်းမြို့နယ်၊ ပြည်သာယာလမ်း၊ ၈/မြောက်ရပ်ကွက်၊ စတုဘုမ္မိကမဂ္ဂင်ရိပ်သာဆရာတော် ဘဒ္ဒန္တကုမာရ သာသနဓဇ ဓမ္မာစရိယဝိနယဝိဒူ ကမ္မဋ္ဌာနာစရိယနှင့် တပည့်သာဝကများ စုပေါင်း၍ စတုဘုမ္မိကနိကာယ နှစ်ပတ်လည်သံဃာ့အစည်းအဝေးသို့ ကြွရောက်တော်မူကြသော ပြည်နယ်နှင့်တိုင်းအသီးသီးမှ ဆရာတော်ကြီး (၇၅)ပါးတို့အား ပူဇော်ပွဲနှင့် (၇)ရက်တရားစခန်းကို ဒီဇင်ဘာလ ၁၅ ရက်ညနေ ၃ နာရီတွင် ဖွင့်လှစ်မည်ဖြစ်ရာ လျှုဒါန်းပူဇော်ကြမည့် အလျှုရှင်များနှင့် ယောဂီများ အခွဲနိမ့်ကြွရောက်ကြပါရန် အသိပေးနှိုးဆော်အပ်ပါသည်။

ဆက်သွယ်ရန် ဖုန်း-၀၁-၅၅ဝ၉၂၉ (ရိပ်သာ)၊ ဦးဝင်းကြိုင် ဖုန်း-၀၉-၄၂၁၀ ၃၉၇၄၆၊ ဒေါ်ခေမာစာရီ ဖုန်း-၀၉-၄၂၁၀၂၃၉၈၀ တို့နှင့် ဆက်သွယ်နိုင်ပါသည်။

စတုဘုမ္မိက သာသနာပြန့်ပွားရေးအကျိုးဆောင်အဖွဲ့

မြေနီကုန်းလူငယ်(အင်္ဂါပတ်)သံဃာ့ဒါနဆွမ်းလောင်းအောင်ပွဲ
(ဓမ္မဒူတာအထူးတရားပွဲ)

၁၂-၁၂-၂၀၁၃ ရက် အရှင်ဥဏ္ဏဝရ
၁၃-၁၂-၂၀၁၃ ရက် ဒေါက်တာအရှင်ဝိမလ
၁၄-၁၂-၂၀၁၃ ရက် ဒေါက်တာအရှင်ပညိသရဘိဝံသတို့မှ တရားတော်များ ဟောကြားမည်ဖြစ်ပါ၍ တရားတော်များနာယူရန် လေးမြတ်စွာ ဖိတ်ကြားအပ်ပါသည်။

ဟောကြားမည့်နေရာ - အလဂ(၄)စမ်းချောင်းကျောင်းရှေ့ မြေနီကုန်း (တောင်)၊ စမ်းချောင်းမြို့နယ်
ဟောကြားမည့်အချိန် - ညစဉ် ၇းခုဝနာရီ

မဟာစည်ဩဝါဒခံ-စိန်စည်သာသနာ့ရိပ်သာကျောင်း ဒီဇင်ဘာ(၁၀)တရားစခန်းပွဲ ဖိတ်ကြားလွှာ
လေးမြတ်စွာ ဖိတ်ကြားအပ်ပါသည်

ဒဂုံမြို့သစ်မြောက်ပိုင်းမြို့နယ်၊ (၄၈)ရပ်ကွက်၊ ဗိုလ်မင်းရောင်လမ်း၊ မဟာစည်ဩဝါဒခံ-စိန်စည်သာသနာ့ရိပ်သာကျောင်းအတွင်း၌ နှစ်စဉ်ကျင်းပမြဲဖြစ်သော ဒီဇင်ဘာတရားစခန်းပွဲကို (၁၃၇၅ခုနှစ်၊ နတ်တော်လပြည့်ကျော် ၆ ရက်မှ ပြာသိုလဆန်း ၁ ရက်)၂၃-၁၂-၂၀၁၃ရက်မှ ၁-၁-၂၀၁၄ရက် (ဗုဒ္ဓဟူးနေ့)အထိ ကျင်းပပြုလုပ်မည်ဖြစ်၍ တရားအားထုတ်လိုသော ယောဂီသူတော်စင်များသည် ၂၂-၁၂-၂၀၁၃ ရက် (တနင်္ဂနွေနေ့) မွန်းလွဲ ၂ နာရီအရောက်ကြွရောက်၍ အားထုတ်နိုင်ကြောင်း သတင်းကောင်းပါး ဖိတ်ကြားအပ်ပါသည်။

လျှုဒါန်းနိုင်ပါသည်။

အရုဏ်ဆွမ်း-၁၀၀၀၀၀/၊ နေ့ဆွမ်း-၁၅၀၀၀/၊ အချိုပွဲ-၅၀၀၀/၊ ဖျော်ရည်-၃၀၀၀/၊ ရေ-၁၀၀၀/၊ မီး-၁၀၀၀/။

ဖုန်း-၀၉-၅၁၂၃၀၁၃၊ ၀၉-၄၂၁၀၃၀၂၄၄၀၊ ၀၉-၄၃၁၃၀၉၄၉၊ ၀၉-၄၄၀၂၂၃၉၅၀
ဝေယျာဝစ္စအဖွဲ့၊ စိန်စည်သာသနာ့ရိပ်သာကျောင်း

(၃၅)နှစ်ပြည့် ကျောက်စိမ်းရတု

၁၀-၁၂-၂၀၁၃ရက်တွင် ကျရောက်သော ကျေးဇူးရှင်ချစ်ဖေဖေ **ဦးမြင့်ဝေ** (ခေတ္တာ-Singapore)နှင့် ချစ်မေမေ **ဒေါ်မေန္ဒယ်နီ** (ခေတ္တာ-Singapore)တို့၏ (၃၅) နှစ်ပြည့် ကျောက်စိမ်းရတုမှ နောင်ရတုပေါင်းများစွာကို ကျန်းမာပျော်ရွှင်စွာဖြင့် ဒီမိသားစုနှင့်အတူ ဖြတ်သန်းနိုင်ပါစေလို့။

ချစ်သမီးကြီး - ကိုအောင်မော် 2nd Mate (FG)BERNHARD SCHULTE CO.LTD-မအေမီမြင့်ဝေ
ချစ်သမီးလတ် - ကိုစည်သူကျော် (Project officer)-မဇေရီမြင့်ဝေ
ချစ်သမီးငယ် - ကိုနေလင်းအောင်(Intersea Shipping Co.,Ltd Singapore)-မဧပေရယ်မြင့်ဝေ
ချစ်သားငယ် - မောင်အဏ္ဏဝါမြင့်ဝေ (Fuhua secondary School Singapore)
ချစ်မြေး - မသံစဉ်စည်သူ(ခ)ခြူခြူများ (senior literati Total Learning Academy) မအိုင်းမေခြူ(ခ)ဝီကာခြူ

လက်မှတ်ရပြည်သူ့စာရင်းကိုင်များ အာစရိယပူဇော်ပွဲကျင်းပမည်

မြန်မာနိုင်ငံလက်မှတ်ရပြည်သူ့စာရင်းကိုင်များ အပတ်စဉ် ၁၇၊ ၁၈၊ ၁၉ နှင့် ၂၀ တို့ပူးပေါင်း၍ ဆရာကြီး၊ဆရာမကြီးများအား မြတ်ဆရာပူဇော်ကန်တော့ပွဲနှင့် အမှတ်တရတွေ့ဆုံပွဲကို ၂၀၁၄ ခုနှစ်၊ ဖေဖော်ဝါရီလ ၂ ရက် (တနင်္ဂနွေနေ့)၊ နံနက် ၉နာရီမှ ၁၂ နာရီအထိ လမ်းမတော်မြို့နယ်၊ ဝါးတန်းလမ်း၊ Panda Hotel (Pearl Hall)၌ ကျင်းပမည်ဖြစ်ရာ အထက်ဖော်ပြပါ အပတ်စဉ်များမှ လက်မှတ်ရပြည်သူ့စာရင်းကိုင်များအားလုံး တက်ရောက်ပါရန်နှင့် မြတ်ဆရာပူဇော်ပွဲအတွက် အလှူငွေများ ထည့်ဝင်လှူဒါန်းလိုပါက ဦးမောင်မောင်အောင်(၀၉-၅၀၈၅၁၃၁)၊ ဦးရဲရင့်ဝင်း (၀၉-၇၃၂၂၇၇၀)၊ ဒေါ်နန့်သန်းသန်းမြင့် (၀၉-၅၀၅၀၃၂၂)၊ ဦးမိုးကျော်(၀၉-၅၁၅၄၅၇၄)၊ ဦးမျိုးမင်းထွေး (၀၉-၅၀၂၀၃၄)၊ ဦးနေလင်းအောင် (၀၉-၅၀၆၆၉၇၄၁)နှင့် ဦးကျော်ထွန်းအောင်(၀၉-၅၀၈၁ခုဝ၆)တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း အကြောင်းကြားအပ်ပါသည်။

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း
(အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း၊ စီမံကိန်းရုံးများတွင် အသုံးပြုရန်အတွက် မီးသတ်ဆေးဘူးများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်-

- တင်ဒါပုံစံရောင်းချမည့်ရက် - ၁၀-၁၂-၂၀၁၃ ရက်
- တင်ဒါပိတ်မည့်ရက် - ၃၁-၁၂-၂၀၁၃ ရက်
- တင်ဒါပိတ်မည့်အချိန် - ၁၂:၀၀ နာရီ

တင်ဒါပုံစံနှင့်အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
တင်ဒါကြီးကြပ်ရေးအဖွဲ့
မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း၊ ပစ္စည်းစီမံရေးဌာန
ရုံးအမှတ်(၂၇)၊ နေပြည်တော်။
ဖုန်း ၀၆၇-၄၁၀၂၀၉၊ ၄၁၀၂၈၂

(၆)လပြည့်လွမ်းဆွတ်သတိရခြင်း
ဗိုလ်မှူးဇော်နိုင်မြင့်(ကြည်း-၃၀၃၈၇)
တပ်ရင်းမှူး-ခလရ-၂၆၇၊ D.S.A(40)
အသက်(၃၇)နှစ်
၁၀-၆-၂၀၁၃မှ ၁၀-၁၂-၂၀၁၃

တပ်ကိုချစ်သူ "ဇော်နိုင်မြင့်"ဟူသည် ဖြူစင်စိတ်ထား၊ နှလုံးသားရှင်၊ ခွဲသွားသည်မှာ (၆)လကာလပြည့်လာပါလျက် သေဆုံးချက်ကို တစ်ရက်တာမျှ၊ မေ့မရခဲ့ဒါနမျိုးစေ့၊ ဒို့မမေ့ဘဲ၊ နေ့စဉ်လှုရှု၊ မြတ်ပုညကို သားလှ(ဇော်နိုင်မြင့်)ခေါ်မည်၊ ပြည့်ဇာနည်အား ရည်စူးရဘိ၊ သုဂတိမှ၊ ရရှိပြီးသာ၊ ခံစားပါစေ သာခုခေါ်ပေ၊ အမျှဝေ၏ အမျှ အမျှ အမျှရသည်ဖြစ်စေသော်ဝ။

ဖေဖေ၊ မေမေ-ဦးဘမြင့်၊ ဒေါ်ချစ်ပိုနှင့်
အစ်ကိုအစ်မများနှင့်တူမများ

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
ရန်ကုန်မြို့တော်လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့
အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ ရန်ကုန်မြို့တော်လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့တွင် ၁၁ကေဗွီ ဓာတ်အားလိုင်းတည်ဆောက်ရန်အတွက် လိုအပ်သော ပစ္စည်းများကိုမြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်။

(က) တင်ဒါပုံစံအရောင်းပိတ်ရက် -၁၃-၁၂-၂၀၁၃ ရက် ၁၂:၀၀ နာရီ

(ခ) Technical အဆိုပြုလွှာ -၂၃-၁၂-၂၀၁၃ ရက် ၁၂:၀၀ နာရီ
နောက်ဆုံးတင်သွင်းရမည့်ရက်

(ဂ) Technical အောင်မြင်ပြီး - ၃၀-၁၂-၂၀၁၃ ရက် ၉:၀၀ နာရီ
စျေးနှုန်းအဆိုပြုလွှာများဖွင့်ဖောက်ရွေးချယ်မည့်ရက်

၂။ အိတ်ဖွင့်တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို သတင်းစာတွင်ကြော်ငြာပါသည့်ရက်မှစတင်၍ နုံးချိန်အတွင်းအောက်ပါဌာနတွင် လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ
ရန်ကုန်မြို့တော်လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့
ပစ္စည်းထောက်ပံ့ရေးဌာန၊ ရန်ကုန်မြို့
အမှတ်(၁၉၇၊၁၉၉)၊ အောက်ကြည့်မြင်တိုင်လမ်း၊ အလုံမြို့နယ်။
ဖုန်း-၀၁-၂၂၀၈၁၆

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

နေပြည်တော်၊ ပုဗ္ဗသီရိမြို့၊ မြေကွက်အမှတ်(၂၃၂၈၇)၊ အကျယ်အဝန်းပေ(၈၀×၆၀)ရှိ ခြံမြေနှင့်မြေပေါ်ရှိ အကျိုးခံစားခွင့်အားလုံးတို့ကို ကျွန်ုပ်၏မိတ်ဆွေများက မူလပိုင်ရှင်ဖြစ်သူထံမှ ဝယ်ယူ၍ လက်ရောက်ရရှိခဲ့ပြီးဖြစ်ပါသည်။ အထက်ပါခြံမြေနှင့်ပတ်သက်၍ ခြံမြေအမည်ပြောင်းခြင်း၊ ပိုင်ရေးပိုင်ခွင့်များ တရားဝင်လွှဲပြောင်းဆောင်ရွက်တော့မည်ဖြစ်ပါ၍ ခြံမြေနှင့်ပတ်သက်၍ တရားဝင်ပိုင်ဆိုင်ကြောင်း၊ အကျိုးခံစားခွင့်ရှိသူဖြစ်ပါက ဤကြော်ငြာပါသည့်နေ့ရက်မှ (၇)ရက်အတွင်း ပိုင်ဆိုင်မှုစာချုပ်စာတမ်းမူရင်း၊ အထောက်အထားများဖြင့် ကျွန်ုပ်ထံသို့လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်၍ ကန့်ကွက်မှုမရှိပါက အထက်ပါကြော်ငြာသည့် အတိုင်း ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြော်ငြာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးအောင်တင် LL.B(H.G.P)
တရားလွှတ်တော်ရှေ့နေ(စဉ်-၃၂၉၉)
အမှတ်-၁၅၊ နံ့သာကုန်း(၂)လမ်း၊ သန်လျင်မြို့နယ်။
ဖုန်း-၀၉-၄၉၅၃၄၄၀၂

တစ်နှစ်ပြည့်လွမ်းဆွတ်သတိရအမျှပေးဝေခြင်း
ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်းဒါယကာကြီး
ဒုတိယဗိုလ်ချုပ်ကြီးမောင်လှ(ငြိမ်း)ကြည်း-စာ၉၉၉
အသက်(၇၉)နှစ်

ကျေးဇူးကြီးမားလှစွာ ချစ်သောဖခင်ကြီးမိသားစုနှင့် ခွဲခွာသွားခဲ့သည်မှာ ၁၀-၁၂-၂၀၁၃ ရက်တွင် (၁)နှစ်ပြည့်ခဲ့ပါပြီ။ ဖခင်ကြီးရဲ့ ကျေးဇူးတရား၊ မေတ္တာစေတနာများကို နေ့စဉ်မပြတ် လွမ်းဆွတ်သတိရနေပါတယ်။ ဖခင်ကြီးအတွက် ရည်စူး၍နေ့စဉ်၊ အပတ်စဉ်၊ လစဉ်(၁)နှစ်ပြည့်တဲ့ ယနေ့အထိပြုလုပ်ခဲ့သမျှသော ကုသိုလ်ကောင်းမှုများအား အမျှပေးဝေပါတယ်။

ဖခင်ကြီးအေးချမ်းမြင့်မြတ်သော ဘုံဘဝမှမြင်နိုင်၊ ကြားနိုင်သာခုခေါ်ဆိုနိုင်ပါစေ။

အမျှ အမျှ အမျှ

ကျန်ရစ်သူဇနီးသားသမီးများနှင့်မြေးများ

(၄)နှစ်ပြည့်လွမ်းဆွတ်သတိရခြင်း
မမြင့်သီတာဦး(ငါးလုပ်ငန်းဦးစီးအရာရှိ-ငြိမ်း)
အသက်(၅၂)နှစ်

ချစ်လှစွာသောသမီးလေး မြင့်သီတာဦးသည် မိသားစုနှင့်ခွဲခွာခဲ့သည်မှာ (၄)နှစ်ပြည့်ခဲ့သော်လည်း မိသားစုများမေ့မရနိုင်ပါ။ မြင့်မြတ်သောဘုံဘဝသို့ရောက်ရှိပြီး နေ့စဉ်ပြုသမျှကုသိုလ်ဒါနအစုစုကို ရရှိခံစား၊ စံစားနိုင်ပါစေလို့ မေတ္တာပို့သပါသည်။

သမီးလေးရောက်ရာအရပ်မှသာခုအနုမောဒနာခေါ်ဆိုနိုင်ပါစေ။

ချစ်မေမေ-ဒေါ်အုန်းမြင့်
ဦးသိန်းဆန်း-ဒေါ်ဖြူဖြူသင်းတို့၏အစ်မ
တူလေး-မောင်လမင်းသော်

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒေါ်ပုံမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၁၁/ယမုံနာ(၂)၊ မြေကွက်အမှတ်-က-၂၈၅၊ မြေကွက်တည်နေရာအမှတ်(က/၂၈၅)၊ ရွာမလမ်း၊ ယမုံနာ(၂)ရပ်ကွက်၊ ဒေါ်ပုံမြို့နယ် (ဦးစိန်မောင်)အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား အမည်ပေါက် ဦးစိန်မောင်(ခင်ပွန်း) ကွယ်လွန်သဖြင့် ဒေါ်တိုးတိုးလွင် [၁၂/ဒပန(နိုင်)၀၁၈၃၃၇]က တစ်ဦးတည်းသောဇနီးတော်စပ်ကြောင်း ကျွမ်းကျိန်လွှာနှင့်သေစာရင်းတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ **မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

● သင့်သွေးဖြင့် အသက်ကယ်ပါ ●

NELC
Nelson English Language Centre
Opening in December
IELTS (Introduction)
IELTS (Foundation)
IELTS (Preparation)

"(၁၀)နှစ်မြောက်လွမ်းဆွတ်သတိရခြင်း"
ဗိုလ်မှူးကျော်ဆန်းဝင်း
D.S.A အပတ်စဉ်(၃၁)
(10.12.2003) - (10.12.2013)

မိသားစုနှင့်ခွဲခွာသွားသည်မှာ နှစ်ပေါင်းကြာညောင်းပြီဖြစ်သော်လည်း အမြဲတမ်းလွမ်းဆွတ်သတိရလျှက်ရှိကြပါတယ်။ နေ့စဉ်၊ လစဉ်၊ နှစ်စဉ် ပြုလုပ်သော ကုသိုလ်ကောင်းမှုအစုစုကို မိသားစုမှ လက်ရှိရောက်ရာဘုံဘဝထက် တိုးတက်မြင့်မားသော ဘုံဘဝသို့ ခံစားစံစားနိုင်ရန်လည်း အမျှပေးဝေလျှက်ရှိပါတယ်။ သားရောက်ရာဘုံဘဝ မှသာမခေါ်ဆိုနိုင်ပါစေလို့ ဖေဖေမေမေတို့ မိသားစုမှအမြဲတမ်းဆုတောင်းမေတ္တာပို့သနေပါတယ်။

ဖေဖေ+မေမေ - ဗိုလ်မှူးရွှေမြည့်နု (ငြိမ်း) + ဒေါ်အေးမြည့်ဝေ၊ ကိုအောင်စေယျာလွင် + မကလျာမြည့်ဇေယျနု၊ ဗိုလ်မှူးကြီးနံ့မင်းဦး + ဒေါ်ထီတာမန်ထွန်းမြည့်ဇေယျနု၊ မောင်ပြည့်ဘုန်းသျှန် (*) မြင့်မိုမ်ပြည့်ဘုန်း၊ မောင်ပြည့်လွမ်းသျှန် (*) ဇေလွှမ်းပြည့်ဘုန်း၊ မောင်ဟိန်းသတိုးသျှန်

" ပြည့်ဇေသျှန်မိသားစု "

ဝမ်းနည်းကြေကွဲခြင်း
အစ်မကြီး ဒေါ်ခင်နွဲ့ရီ(ရွှေပုစွန်)
အသက်(၈၉)နှစ်

၈-၁၂-၂၀၁၃ ရက် နံနက်တွင် ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

ဒေါက်တာဦးမြသောင်းနှင့်မိသားစု

အထူးဝမ်းနည်းကြေကွဲခြင်း
ဗိုလ်ကြီးကျော်စွာဝေဖြိုး
အသက်(၂၇)နှစ်
ကြည်း-၄၇၈၉၅၊ စစ်တက္ကသိုလ်အမှတ်စဉ်(၄၉)

ပဲခူးတိုင်းဒေသကြီး၊ ကျောက်တံခါးမြို့၊ စာတိုက်ရပ်ကွက်၊ ဗိုလ်ချုပ်လမ်းနေ ဒေါက်တာခင်မောင်ဆွေ(ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်)-ဒေါ်စန်းစန်းအေး(ကုံကော်ဆေးခန်း)တို့၏ ချစ်လှစွာသောသားကြီး ဗိုလ်ကြီးကျော်စွာဝေဖြိုးသည် ၅-၁၂-၂၀၁၃(ကြာသပတေးနေ့) မွန်းလွဲ ၁း၂၀ နာရီတွင် တိုင်းပြည်တာဝန်ထမ်းဆောင်ရင်း ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့်ထပ်တူ ထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

ချစ်သောသူငယ်ချင်းများ
ဦးသီဟခိုင်၊ ဒေါ်မြနှင်းရည်လွင်၊ ဒေါ်မေဇင်ဖြိုးဝေ၊ ဒေါ်ဖြိုးသင်ဇာနှင့် ဒေါ်ဇင်မိမိလွင်

ဝမ်းနည်းကြေကွဲခြင်း
ဦးအောင်အောင်ဗိုလ်(LL.B,D.B.L)
အထက်တန်းရှေ့နေ
အသက်(၃၇)နှစ်

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ မင်းညွှန့်လမ်း၊ အမှတ်-၃၊ ၄-လွှာနေ (ဦးငွေသိန်း) စက်မှုလယ်ယာ-ငြိမ်း(ကျိုက်ထို)-ဒေါ်မြင့်မြင့်တို့၏သားထွေး ဦးအောင်အောင်ဗိုလ်သည် ၇-၁၂-၂၀၁၃ ရက် ည ၇:၄၀ နာရီတွင် ရန်ကုန်မြို့ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်ကြောင်းကြားသိရ၍ မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

ဆရာဦးသန်းလှိုင်(တရားလွှတ်တော်ရှေ့နေ) ကိုအောင်အောင်နှင့် တပည့်များ

ဖခင်အမည်မှန်

ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ အလက(၄) သတ္တမတန်းမှ မနွေးနွေးလှိုင်၊ ပဉ္စမတန်း(A)မှ မောင်ပြည့်ဖြိုးကျော်တို့၏ ဖခင်အမည်မှန်မှာ ဦးတင်ထွန်း(ခ)ဦးနေနိုင်လင်းဖြစ်ကြောင်း ကြေညာအပ်ပါသည်။

ဦးတင်ထွန်း(ခ)ဦးနေနိုင်လင်း

ဝမ်းနည်းကြေကွဲခြင်း

ဦးမောင်တင် အသက်(၉၀)(တိုင်းပညာရေးမှူး-ငြိမ်း) သည် ၄-၁၂-၂၀၁၃ ရက်တွင် ကွယ်လွန်သွားကြောင်းကြားသိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်း ကြေကွဲရပါကြောင်း။

ပါမောက္ခချုပ်နှင့် ဆရာ၊ ဆရာမများ
အရာထမ်း၊ အမှုထမ်းများ
သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်၊ မန္တလေး

ဝမ်းနည်းကြေကွဲခြင်း

ဘုရား၊ရဟန်း၊သိမ်မြတ်ကျောင်းဒါယိကာမကြီး အဂ္ဂမဟာသီရိသုဓမ္မသိရီဒေါ်ခင်နွဲ့ရီ (ရွှေပုစွန်မိခင်ကြီး) အသက်(၈၉)နှစ်သည် ၈-၁၂-၂၀၁၃(တနင်္ဂနွေနေ့) နံနက် ၄နာရီတွင် နေအိမ်၌ ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

ဦးကြီခင်း၊ ဒေါ်ရင်ရင်မိသားစု

ဝမ်းနည်းကြေကွဲခြင်း

ဘုရား၊ရဟန်း၊သိမ်မြတ်ကျောင်းဒါယိကာမကြီး အဂ္ဂမဟာသီရိသုဓမ္မသိရီဒေါ်ခင်နွဲ့ရီ (ရွှေပုစွန်မိခင်ကြီး) အသက်(၈၉)နှစ်သည် ၈-၁၂-၂၀၁၃(တနင်္ဂနွေနေ့) နံနက် ၄နာရီတွင် နေအိမ်၌ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

ဦးသန်းထိုက်နှင့် Ms Claudine မိသားစု

ဝမ်းနည်းကြေကွဲခြင်း

ဘုရား၊ရဟန်း၊သိမ်မြတ်ကျောင်းဒါယိကာမကြီး အဂ္ဂမဟာသီရိသုဓမ္မသိရီဒေါ်ခင်နွဲ့ရီ (ရွှေပုစွန်မိခင်ကြီး) အသက်(၈၉)နှစ်သည် ၈-၁၂-၂၀၁၃(တနင်္ဂနွေနေ့)နံနက် ၄နာရီတွင် နေအိမ်၌ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

ဦးကျော်ကျော်နှင့် Ms Alice မိသားစု

ဝမ်းနည်းကြေကွဲခြင်း

ဘုရား၊ရဟန်း၊သိမ်မြတ်ကျောင်းဒါယိကာမကြီး အဂ္ဂမဟာသီရိသုဓမ္မသိရီဒေါ်ခင်နွဲ့ရီ (ရွှေပုစွန်မိခင်ကြီး) အသက်(၈၉)နှစ်သည် ၈-၁၂-၂၀၁၃(တနင်္ဂနွေနေ့)နံနက် ၄နာရီတွင် နေအိမ်၌ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

ဦးကျော်ကျော်နှင့် MD Myanmar Paper & Stationery Mart Ltd. မိသားစု

ဝမ်းနည်းကြေကွဲခြင်း
အဂ္ဂမဟာသီရိသုဓမ္မသိရီဒေါ်ခင်နွဲ့ရီ (ရွှေပုစွန်မိခင်ကြီး) အသက်(၈၉)နှစ်

ဒေါ်ပွင့်မာခိုင်၏မိခင်ကြီးဒေါ်ခင်နွဲ့ရီကွယ်လွန်သွားသည့်အတွက် မိသားစုနှင့် ထပ်တူထပ်မျှဝမ်းနည်းကြေကွဲရပါသည်။

(စိန်ဂျွန်းကွန်မက်/လသာ-၂)
အာစရိယပူဇော်ပွဲဖြစ်မြောက်ရေးကော်မတီ

ဘုရား၊ ရဟန်း၊ ကျောင်း ဒါယိကာကြီး
ဦးမောင်ဇံ(ခ)ဦးမောင်ကျန် (၈၁)နှစ်

ရခိုင်ပြည်နယ်၊ မင်းပြားမြို့၊ မြို့သစ် ရပ်ကွက်နေ (ဦးလေးလူ-ဒေါ်အောင်နော်ဒါ) တို့၏ သားကြီး၊ အမှတ်(၆၆၄)၊ ဗန်းမော်ကျော်ငြိမ်းလမ်း၊ အင်းစိန်ရွာမ အနောက်နေ ဦးထွန်းလှိုင်-(ဒေါ်မခင်လှ)၊ ဦးကျော်ထွန်း-ဒေါ်မလှရီ၊ ဦးမောင်နီထွန်း-ဒေါ်ခင်ခင်လှ၊ ဦးမောင်ငြင့်ဆွေ-ဒေါ်မလှဖြူ ဦးအောင်ထွန်းလှ-ဒေါ်ယဉ်ယဉ်အေး၊ ဦးစံထွန်းလှ-ဒေါ်လင်းလင်းထွန်း(စစ်တွေ)၊ ဦးရွှေသိန်းလှ-ဒေါ်လှလှတို့၏ ဖခင်၊ မြေး ၁၇ ယောက်တို့၏အဘိုး၊ (ဒေါ်နီနီ)၏ ခင်ပွန်းသည် ၉-၁၂-၂၀၁၃ (တနလာနေ့) နံနက် ၈းလေး၅ နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၁၁-၁၂-၂၀၁၃ (ဗုဒ္ဓဟူးနေ့) ညနေ၃နာရီတွင် အထက်ပါ နေအိမ်မှ ရေဝေးသုသာန်သို့ ပို့ဆောင် မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၁း၃၀ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု

သန်လျင်အမိုးနီးသုသာန်စတင်အသုံးပြုခြင်း
ရေစက်ချွဲ ဖိတ်ကြားလွှာ

သန်လျင်မြို့နယ်အမိုးနီးသုသာန်စတင်အသုံးပြုခြင်း အထိမ်းအမှတ်အဖြစ် ၁၁-၁၂-၂၀၁၃(ဗုဒ္ဓဟူးနေ့)နံနက် ၆ နာရီတွင် ယင်းသုသာန်ခန်းမဆောင်၌ ပရိတ်တရားတော်များနာယူ၍ ရေစက်ချအခမ်းအနားကျင်းပမည်ဖြစ်ပါ၍ ရပ်နီးရပ်ဝေးမှ အလှူရှင်များကြွေရောက်ကြပါရန်လေးစားစွာဖိတ်ကြားအပ်ပါသည်။(သီးခြားဖိတ်စာပေးပို့ခြင်းမပြုပါ။) ဖြစ်မြောက်ရေးဖွဲ့.

ဒေါ်ခင်(သုံးခွ)(၈၇)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ သုံးခွမြို့၊ (၉)ရပ်ကွက်၊ အောင်ဇေယျလမ်းနေ ဦးထွန်းမြင့်(ခ)ချင်ချွန်မိန်၅)၏ ဇနီး၊ ဒေါ်မြင့်မြင့်ရီ-ဦးမောင်ကြိုင်၊ ဒေါ်သန်းဆွေ၊ ဦးမြသန်း-ဒေါ်ခင်ငွေဦး၊ (ဦးထွန်းအေး)၊ ဒေါ်အေးငွေ၊ ဦးအေးသန်း-ဒေါ်မင်းမင်း၊ ဒေါ်ခင်ထွေးမြင့်တို့၏ မွေးသမီးခင်၊ မမြင့်မြင့်ကြိုင်၊ Dr. လင်းလင်းမြင့်ယိုင်၊ မနှင်းဦးခိုင်၊ မသင်းသီရိဇော်၊ မတင်နီလာအေး၊ မောင်ဥာဏ်လင်းအေး၊ မောင်နိုင်မင်းအေးတို့၏ အဘွား ဒေါ်ခင်သည် ၈-၁၂-၂၀၁၃ ရက် ညနေ ၆ နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၁၀-၁၂-၂၀၁၃ ရက် မွန်းလွဲ ၂ နာရီတွင် သုံးခွမြို့ ဘုဏ္ဍာသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ ကျန်ရစ်သူမိသားစု

မြို့မကျောင်းသားကျောင်းသူဟောင်းအသင်း
ဦးကျော်ဝင်း (၇၂)နှစ်
အလုပ်မှဆောင်အဖွဲ့.ဝင်

ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ (၂၁)ရပ်ကွက်၊ (၉)လမ်း၊ အမှတ်(၁၅)ရှေ(၉)လမ်း(အမှတ်(၈၅)နေ (ဦးအုန်းသွင်-ဒေါ်သန်းညွန့်)တို့၏သား၊ မြောက်ဥက္ကလာပမြို့နယ်(၂၁)ရပ်ကွက်၊ ဧရာ (၉)လမ်း၊အမှတ်(၈၉)နေ ဒေါ်ခင်သန်းရီ၏ခင်ပွန်းသည် ၈-၁၂-၂၀၁၃ (တနင်္ဂနွေနေ့) နံနက် ၂း၂၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၀-၁၂-၂၀၁၃ (အင်္ဂါနေ့) မွန်းတည့် ၁၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါ၍ လိုက်ပါ ပို့ဆောင်နိုင်ပါရန် အသင်းဝင်များအား အကြောင်းကြားသိစေအပ်ပါသည်။ အလုပ်မှဆောင်အဖွဲ့.

ဖျာပုံမြို့နယ်အသင်း(ရန်ကုန်)
အဂ္ဂမဟာသီရိသုဓမ္မသိရီ
ဒေါ်ခင်နွဲ့ရီ အသက်(၈၉)နှစ်
(ရွှေပုစွန်မိခင်ကြီး)

ရန်ကုန်မြို့၊ကမာရွတ်မြို့နယ်၊ သံလွင်လမ်း၊ အမှတ်(၁၁၉)နေ ဖျာပုံမြို့နယ် အသင်း (ရန်ကုန်)ကို ပိုပိုးကူညီခဲ့သော သီရိသုဓမ္မဇကိဇောတရေ ဦးပွင့်ကောင်း (ဖျာပုံ)၏ ဇနီး၊ ဖျာပုံမြို့နယ်အသင်း (ရန်ကုန်)ကို ဆက်လက်ပံ့ပိုးကူညီနေသော ဒေါက်တာတင့်စိုးလင်း [(Managing Director) Pwint Gaung and Khin Nwe Ye Co., Ltd. & Shwe Pu Zun Co., Ltd.] ၏ ကျေးဇူးရှင်မိခင်ကြီး အဂ္ဂမဟာသီရိသုဓမ္မသိရီဒေါ်ခင်နွဲ့ရီ သည် ၈-၁၂-၂၀၁၃(တနင်္ဂနွေနေ့)တွင် ကွယ်လွန်သွားပါသဖြင့် ၁၂-၁၂-၂၀၁၃ (ကြာသပတေးနေ့) မွန်းလွဲ ၁ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါ၍ အသင်းဝင်များ လိုက်ပါ ပို့ဆောင်ကြပါရန်။ အမှုဆောင်အဖွဲ့

ဒေါ်ကျင်အေး(ခ)ဒေါ်ကြည်(ပဲခူး)
အသက်(၇၃)နှစ်

ပဲခူးမြို့နေ(ဦးလွန်းရွှေ-ဒေါ်စိန်ဥ) တို့၏သမီး၊ ကျွန်းလှမြို့နေ (ဦးဘအေး-ဒေါ်ရွှေစိန်)တို့၏သမီးချွေးမ၊ အမှတ်(၆၅)၊ (၁၄)လမ်း(၁)ရပ်ကွက်၊သမိုင်းနေ ဦးညွန့်မောင်(မြေစာရင်းဦးစီးမှူး-ငြိမ်း)၊ ကြေးတိုင်နှင့်မြေစာရင်းဦးစီးဌာန)၏ဇနီး၊ ဦးရဲထွဋ်၊ ဦးရဲကျော်-ဒေါ်စိုးစိုးအေး၊ ဦးဇော်ဝမ်း - ဒေါ်ထိုက်တန်ဝင်း(ခ)တင့်တင့်၊ ဦးတင်ဝင်း - ဒေါ်သန္တာမြင့်တို့၏မိခင်၊ မောင်ဝေယံမင်းဦး၊ မောင်ကောင်းဇော်ဟိန်း၊ မအိချစ်ပိုင်၊ မမြမျက်သွယ်တို့၏ အဘွား ဒေါ်ကျင်အေး(ခ)ဒေါ်ကြည် သည်၈-၁၂-၂၀၁၃ရက် နံနက်၂နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၀-၁၂-၂၀၁၃ ရက် မွန်းလွဲ ၂နာရီတွင် ထိန်ပင်သုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၁ း၃၀နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု

ဦးထိန်ဝမ်း (၆၈)နှစ်
အင်ဂျင်နီယာ(စ)(ဆောက်လုပ်ရေး၊ ရေသန့်-ငြိမ်း)

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၃)ရပ်ကွက်၊ (၉)လမ်း၊ အမှတ်(၁၅၆)နေ ဒေါ်အေးအေးမြင့်၏ ခင်ပွန်း၊ မခိုင်ဝေ သင်း(NITS Co;)၊ မောင်စိုးထက်အောင် (Peninsula Enterprises Co;)၊ မောင်ကျော်စိုးဟိန်း(မြတ်ဆုမွန်ဆောက်လုပ်ရေး)တို့၏ မွေးသဖခင်ကျေးဇူးရှင်၊ ဦးထိန်ဝင်း၏ အစ်ကိုသည် ၉-၁၂-၂၀၁၃(တနလာနေ့) နံနက် ၉း၃၀ နာရီတွင် အောင်ရတနာဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၁၁-၁၂-၂၀၁၃ ရက် မွန်းလွဲ ၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၁၁ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု

ဘုရား၊ သိမ်၊ ကျောင်း ဒါယိကာမ
ဒေါ်စန်းစန်ဝင်း (၅၆)နှစ်
(ရှိန်မိသားစု)

အမှတ်(၃၂)၊ မြိုင်ဟေဝန်လုံးခြင်း အိမ်ရာ၊ (၄)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်နေ ဦးထွန်းရှိန်-ဒေါ်ခင်ရီ (ရှိန်မိသားစု၊ သံရေကြို)၊ (ဦးစောမောင်)-ဒေါ်ငွေစိန်တို့၏သမီးချွေးမ၊ ဦးအောင်ကျော်မြင့်၏ဇနီး၊ ဦးခင်မောင်စိုး-ဒေါ်စုစုခင်၊ ဦးနေလင်း - ဒေါ်ရီရိုဝင်း၊ (ဦးအောင်ကျော်မိုး)တို့၏ အစ်ကြီး၊ မောင်အောင်ပြည့်ဖြိုး-မစိုးကလျာခိုင်တို့၏အဒေါ် ဒေါ်စန်းစန်ဝင်းသည် ၇-၁၂-၂၀၁၃ (စနေနေ့) ည ၇း၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၁-၁၂-၂၀၁၃ (ဗုဒ္ဓဟူးနေ့) နံနက် ၁၀း၃၀နာရီတွင် ရေဝေးသုသာန်၌ သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၉နာရီ ထွက်ပါမည်။) ကျန်ရစ်သူမိသားစု

ခရစ်တော်၌အိပ်ပျော်ခြင်း
ကိုဟိန်းထက်စိုးခိုင် (၃၁)နှစ်
B.Sc (Physics) (DE-26)
CFC-55833
First Engineerr (JSM) Co.,Ltd.

ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ အမှတ်(၆၅၄-B)၊ မြို့ပတ်လမ်း၊ ရွာမအနောက် ရပ်ကွက်နေ(ဦးဟန်တိတ်)-ဒေါ်ကြည်စိန်၊ (ဦးစောဘတင်)-ဒေါ်နော်ဖောစေးတို့၏ ချစ်လုစွာသောမြေး၊ ဒေါက်တာဦးစိုးခိုင်-ဒေါ်နော်အောလစ်ဖ် တင်တို့၏သားကြီး၊ ဒေါက်တာဟိန်းသက်စိုးခိုင်၊ မနှင်းဝေခိုင်တို့၏ အစ်ကိုကြီး၊ ကိုဟိန်းထက်စိုးခိုင်သည် ၇-၁၂-၂၀၁၃(စနေနေ့) တရုတ်နိုင်ငံ XINSHA ဆိပ်ကမ်းဒေသ စံတော်ချိန် ၁၇း၀၀နာရီတွင် သင်္ဘောပေါ်၌ တာဝန်ထမ်းဆောင်စဉ် ရုတ်တရက် ခရစ်တော်၌ အိပ်ပျော်သွားပါသဖြင့် ရပ်တေးရပ်နီးမှ ဆွေမျိုးမိတ်သင်ပတ်အပေါင်းအား အသိပေး အကြောင်းကြားအပ်ပါသည်။ (ဂူသွင်းသင်္ဂြိုဟ်မည့်ရက်ကို ထပ်မံကြေညာပါမည်။) ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
အဂ္ဂမဟာသီရိသုဓမ္မသိရီ ဒေါ်ခင်နွဲ့ရီ(ရွှေပုစွန်မိခင်ကြီး)
အသက်(၈၉)နှစ်

ရန်ကုန်မြို့၊ အမှတ်(၁၁၉)၊ သံလွင်လမ်း၊ ကမာရွတ်မြို့နယ်နေ သီရိသုဓမ္မ မဂ္ဂိဇောတရေ(ဦးပွင့်ကောင်း)၏ဇနီး၊ ဒေါက်တာတင်ဝင်း-Christa Danzebrink-Win၊ ဦးအောင်ကျော်မြင့်-ဒေါ်နွဲ့လေးရှိန်၊ ဦးမြင့်အောင်-ဒေါ်လှဲ့ဝင်းဆွေ၊ (ဦးဇေယျာပွင့်)-ဒေါ်မူမူမောင်၊ ဒေါက်တာတင့်စိုးလင်း [(Managing Director) Pwint Gaung and Khin Nwe Ye Co., Ltd. & Shwe Pu Zun Co., Ltd.]၊ ဦးတင့်လွင်(အင်ဂျင်နီယာမျိုးကြီး-ပဆင)-ဒေါ်ပွင့်မာခိုင်၊ (ဒေါ်ပွင့်မာကြည်)၊ ဒေါက်တာမျိုးမင်း-ဒေါ်ပွင့်သိဂ္ဂီတို့၏ကျေးဇူးရှင်မိခင်ကြီး၊ မြေး ၁၆ယောက်၊ မြစ်ရှစ်ယောက်တို့၏ဘွားဘွားကြီးသည် ၈-၁၂-၂၀၁၃(တနင်္ဂနွေနေ့) နံနက် ၄နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၁၂-၁၂-၂၀၁၃(ကြာသပတေးနေ့) မွန်းလွဲ ၁နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၀း၃၀နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ ကျောင်း ဒါယိကာကြီး
ဦးမြအောင် (၈၉)နှစ်
'မြသန္တာ'သံပန်းသံတံခါး(ပခုက္ကူ)

မကွေးတိုင်းဒေသကြီး၊ မြိုင်မြို့နယ်၊ မင်းကန်ရွာနေ (ဦးကံ-ဒေါ်အေးမူ)တို့၏သား၊ (ဦးသောင်းစိန်-ဒေါ်အုပ်ကြီး)၊ ဦးညွန့်လှိုင်-ဒေါ်သန်းတင့်တို့၏အစ်ကိုကြီး၊ ပခုက္ကူမြို့၊ (၇)ရပ်ကွက်၊ အာဇာနည်လမ်း၊ အမှတ်(၄၈)နေ (ဒေါ်လှကြည်)၏ခင်ပွန်း၊ ဒေါ်ခင်ဝင်း(ကျန်းမာရေး-ငြိမ်း)၊ ဒေါ်ရီရီဌေး၊ ဦးသန်းဆွေ-ဒေါ်စန်းစန်းအေး (အမက-၃၂ မန္တလေး၊ မဟာအောင်မြေ-ငြိမ်း)၊ ဒေါ်စန်းစန်းဌေး (အထက-၁၃၊ မန္တလေး၊ မဟာအောင်မြေ-ငြိမ်း)၊ ကိုကျော်မြင့်ထူး (မြတ်သန္တာ၊ သံပန်း၊ သံတံခါး)၊ ကိုလင်းလင်းနိုင်(ကိုစိန်တိုး)-မတင်တင်အေး (လွင်လွင်အောင် သံပန်း၊ သံတံခါး)တို့၏ မွေးသဖခင်ကျေးဇူးရှင်၊ မောင်မင်းခန့်ဆွေ၊ မောင်ဟိန်းထက်စိတ်တို့၏အဘိုး ဦးမြအောင်သည် ၈-၁၂-၂၀၁၃ရက် နံနက် ၇နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၉-၁၂-၂၀၁၃ (တနလာနေ့) မွန်းလွဲ ၂း၃၀နာရီတွင် ပခုက္ကူသုသာန်၌ သင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း။ ကျန်ရစ်သူမိသားစု

ဒေါ်ဘေဘီ (မြင်းဖြ)(၈၄)နှစ်

မြင်းခြံမြို့နေ(ဦးမောင်မောင်-ဒေါ်ပ)တို့၏သမီး၊ (ဦးဖိုးလှိုင်)၏ချစ်လုစွာသော ဇနီး၊ ဦးဌေးဝင်း-ဒေါ်ချိုချိုဝင်း၊ ဦးကြည်ဝင်း-ဒေါ်အေးအေးသန့်၊ ဦးကျော်ကျော်စိုး(M.D System EngineeringCo.,Ltd.)-ဒေါ်နွယ်နွယ်မင်း၊ ဦးစိုးမင်း-ဒေါ်ခွယ်နွယ်သန်း၊ ဦးမြင့်စိုး-ဒေါ်မူမူအောင်တို့၏မိခင်ကြီး၊ မြေးကိုးယောက်တို့၏အဘွားသည် ၉-၁၂-၂၀၁၃ရက် နံနက် ၈း၄၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၁-၁၂-၂၀၁၃(ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (အမှတ်-၄၈၊ ဝါးခင်းကျောင်းလမ်း၊ ဗိုလ်ကုန်း၊ အင်းစိန်နေအိမ်မှ ကားများ မွန်းတည့် ၁နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု

ဦးကျော်ဝင်း (၇၂)နှစ်
D.V.D City

[ဦးအချွန်(ခ)ဦးဘယုံ-ဒေါ်မြသန်း(ကျုံမင်း၊ ဝါးခယ်မ)]၊ [Mr. K.L.Lim (ခ)ဦးအุန်း- Jessie Khoo]တို့၏ သားမက်၊ ဒေါ်ခင်လှရ(ခ) Mona Kyun Leong ၏ ချစ်လုစွာသောခင်ပွန်း၊ ဦးကျော်ကျော်ထွန်း-မအိန္ဒြေကျော်ဝင်း(ခ)မမီးမီး (USA)တို့၏ချစ်လုစွာသောဖခင်၊ မောင်ဂါမကိုကော့)၊ မောင်လင်းဝေယံကျော်တို့၏ ချစ်လုစွာသောအဘိုး၊ ဦးမင်းဟန်-(ဒေါ်မြင့်မြင့်ချွန်)တို့၏မောင်၊ ဦးမျိုးမြင့်-ဒေါ်မြမြချွန်၊ ဦးရဲမြင့်-ဒေါ်ခင်နွယ်နွယ်(ခ) Shirley Choon၊ [ကိုကျော်လင်း(ခ) မောင်မောင်)တို့၏အစ်ကို ဦးကျော်ဝင်းသည် ၈-၁၂-၂၀၁၃(တနင်္ဂနွေနေ့) နံနက် ၅း၁၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၂-၁၂-၂၀၁၃(ကြာသပတေးနေ့) နံနက် ၁၀ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်ပတ်ဟများအား အကြောင်းကြားအပ်ပါသည်။ [အမှတ်(၅/၁၅)၊ ကုန်းမြင့်ရိပ်သာလမ်း၊ ခုနစ်မိုင်ဌာ၊ မရမ်းကုန်းမြို့နယ် နေအိမ်မှ ကားများ နံနက် ၈း၃၀ နာရီတွင် ထွက်ပါမည်။] ကျန်ရစ်သူမိသားစု

ဒေါ်ဝါကျင် (၈၄)နှစ်
(ကံကြီး၊ မြောင်းမြ)

ရန်ကုန်မြို့၊ အမှတ်(၃၅-ဘီ)၊ ပထမထပ်၊ ကွင်းကျောင်းလမ်း၊ အလုံမြို့နယ်နေ (ဦးရှေထောင်)၏ ဇနီး၊ ကိုစိုးဝင်း၊ ကိုစိုးနိုင်၊ ကိုစိုးလွင်၊ ကိုကိုထွေး-မကျင်ဌေး၊ ကိုစိုးယုသောင်း-မသန်းသန်းဝင်း၊ ကိုဇော်သန့်တို့၏မိခင်၊ မြေးသုံးယောက်တို့၏အဘွားသည် ၇-၁၂-၂၀၁၃(စနေနေ့) ည ၉ နာရီတွင် ဗဟိုရိစည်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၁၁-၁၂-၂၀၁၃ (ဗုဒ္ဓဟူးနေ့) နံနက် ၁၀ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်ပါမည်။ (အထက်ပါနေအိမ်မှ ကားများ နံနက် ၉ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူးရှု ၁၃-၁၂-၂၀၁၃ (သောကြာနေ့)နံနက်၇နာရီတွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

ဦးကျော်မြင့် (၇၁)နှစ်

အုတ်ဖိုမြို့၊ မိုးညှင်းတန်းရပ်နေ (ဦးအောင်မွေး-ဒေါ်သိန်း)တို့၏ သား၊ (ဒေါ်သိန်းသိန်း)၏ခင်ပွန်း၊ အမှတ်(၂၄)၊ နေသူရိန်လမ်း၊ ဆရာစံတောင်ရပ်ကွက်၊ ဗဟန်းမြို့နယ်နေ ဦးစစ်ကျော်ခန့်ကြာ-ဒေါ်ကေသီမြင့်၊ ဦးကျော်စိုး-ဒေါ်လှလှမြင့်၊ ဦးသန်းစင်မြင့်-ဒေါ်ဇင်ဇင်မိုး၊ ဦးလှမြင့်-ဒေါ်အေးအေးမော်၊ ဒေါ်ဥမာမြင့်၊ ဦးဇော်ဝင်းမြင့်-ဒေါ်ဇင်မာခိုင်၊ ဦးအောင်ဌေး-ဒေါ်နီလာမြင့်တို့၏ မွေးသဖခင်ကျေးဇူးရှင်၊ မြေး ၁၀ ယောက်၊ မြစ်နှစ်ယောက်တို့၏ အဘိုးသည် ၈-၁၂-၂၀၁၃(တနင်္ဂနွေနေ့) နံနက် ၁း၁၅ နာရီတွင် အာရှတော်ဝင်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၁၀-၁၂-၂၀၁၃ (အင်္ဂါနေ့) နံနက် ၁၀ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၈း၃၀ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူးရှု ၁၄-၁၂-၂၀၁၃ (စနေနေ့) နံနက် ၇ နာရီမှ ၁၀ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

ရဟန်း၊သိမ်၊ကျောင်း၊ဒါယိကာမကြီး
ဒေါ်ခင်စန်းမြင့် အသက်(၇၀)

ရန်ကုန်မြို့၊ မော်ဘီမြို့နယ်၊ သန္ဓေပင်ရပ်ကွက်၊ ခြံအမှတ်(၂၀၇)၊ သင်ဇင်မြိုင်လမ်းနေ(ဦးလှရှိန်-ဒေါ်ဖွား)တို့၏သမီး၊ [ဦးအุန်းကြူ(ခ)ဦးဝင်းမြင့်၏ဇနီး၊ ဦးမျိုးဝင်း-ဒေါ်ဥမ္မာမြင့်၊ ဦးအောင်မိုးမြင့်(ခ) ဦးဘိဘို-ဒေါ်စုစုကျော်တို့၏ မိခင်ကြီး၊ မဆူမြတ်ကေသရီ၊ မဆုဝတီမိုးမြင့်တို့၏ အဘွားသည် ၉-၁၂-၂၀၁၃(တနင်္ဂနွေနေ့)နံနက် ၁နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၁၁-၁၂-၂၀၁၃ (ဗုဒ္ဓဟူးနေ့) မွန်းတည့်၁၂နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၁၁-၁၂-၂၀၁၃ (ဗုဒ္ဓဟူးနေ့) မွန်းတည့်၁နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၁၀နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

ဦးဇော်လင်း အသက်(၆၃)
B.E (Petroleum) (သချိုး)

ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ နှံသာကုန်းရပ်ကွက်၊ မီးရထားရိပ်သာနေ (ဦးသာညွန့်)-ဒေါ်ခင်စိန်တို့၏သားကြီး၊ ရန်ကုန်မြို့၊ အလုံမြို့နယ်၊ ကမ်းနားလမ်း သီရိမဂ်လာအိမ်ရာ၊ တိုက်(၅)၊ အခန်း(၅၀၄)နေ(ဦးသိန်းဝင်း-ဒေါ်ရွှေမွမ်)တို့၏ သားသမက်၊ ဒေါ်ခွယ်နွယ်၏ ချစ်လုစွာသောခင်ပွန်း၊ မမြကေခိုင်(အိတုံ)MIP၊ မောင်ထက်အောင်တို့၏မွေးသဖခင်၊ ဒေါ်စန်းစန်းဝေ (Q-Cဆပ်ပြာစက်ရုံ)၊ ဦးတင်အေး-ဒေါ်ခွယ်နွယ်အေး(MIP)၊ ဒေါ်အိအိခင်(မြန်မာ့မီးရထား)၊ ဒေါ်လဲ့လဲ့ထွေး(စိုက်ပျိုးရေးဦးစီးဌာန)တို့၏ချစ်လုစွာသောအစ်ကို၊ မသက်ထားဆွေ (ယုန်လေး)၏ ဘကြီး ဦးဇော်လင်းသည် ၉-၁၂-၂၀၁၃ (တနလာနေ့) နံနက် ၆း၃၅ နာရီတွင် အာရှတော်ဝင်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့်၁၁-၁၂-၂၀၁၃ (ဗုဒ္ဓဟူးနေ့) မွန်းတည့်၁၂နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၁၀နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

ဘဝနတ်ထံပျံလွန်တော်မူခြင်း
ဆရာတော်ဘဒ္ဒန္တသုမန
သိက္ခာတော်(၆၉)ဝါ၊ သက်တော်(၈၉)နှစ်
ကုံကော်ကျောင်းတိုက်ဆရာတော်(အင်းမကျေးရွာ)

ဧရာဝတီတိုင်းဒေသကြီး၊ ပန်းတနော်မြို့နယ်၊ အင်းမကျေးရွာ၊ ကုံကော်ကျောင်းတိုက်ကြီး၏ ဦးစီးပဓာန နာယကရွှေကျင်နိုကာယရတ္တညာ၊မဟာနာယက ဆရာတော် ဘဒ္ဒန္တသုမနသည်(၁၃၇

ရခိုင်ပြည်နယ်နှင့် စပ်လျဉ်း၍ နိုင်ငံတကာအလယ်တွင် မြန်မာနိုင်ငံအနေဖြင့် ပုံရိပ်ကောင်းများ ရရှိလာ

နေပြည်တော် ဒီဇင်ဘာ ၉

ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေးဗဟိုကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေး အမှတ်စဉ် (၈/၂၀၁၃) ကို ယနေ့မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေး ဗဟိုကော်မတီဥက္ကဋ္ဌ ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း တက်ရောက်၍ အမှာစကားပြောကြားသည်။**(ယာပုံ)**

ဗဟိုကော်မတီဥက္ကဋ္ဌ ဒုတိယသမ္မတ ပြောကြားရာတွင် ဗဟိုကော်မတီအနေဖြင့် ယနေ့အစည်းအဝေးကို ရခိုင်ပြည်နယ်တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ရခိုင်ပြည်နယ်၏ နောက်ဆုံးဖြစ်ပေါ်နေသည့် အခြေအနေ အရပ်ရပ်နှင့် ကော်မတီက ရှေ့ဆက်ဆောင်ရွက်မည့်လုပ်ငန်းစဉ်များ ဆွေးနွေးနိုင်ရန် ကျင်းပရခြင်းဖြစ်ပါကြောင်း၊ ပြည်ထောင်စုလွှတ်တော်နာယကနှင့် ရခိုင်မိသားစုတို့ တွေ့ဆုံပွဲတင်ပြချက်နှင့် စပ်လျဉ်း၍ သဝဏ်လွှာပေးပို့မှုအပေါ် ဆောင်ရွက်ထားရှိမှုများကို ဆွေးနွေးတင်ပြရန်လိုကြောင်း၊ OIC အဖွဲ့ အနေဖြင့် မြန်မာနိုင်ငံရောက်ရှိနေစဉ်အတွင်း အရပ်ဘက်လူအဖွဲ့အစည်းများနှင့် တွေ့ဆုံဆွေးနွေးမှုပြုလုပ်ခဲ့ပြီး လူသားချင်းစာနာမှုအတွက် အကူအညီပေးလိုကြောင်းနှင့် မှမှန်တတလုပ်ဆောင်သွားမည်ဟု သိရှိရကြောင်း၊ ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် **စာမျက်နှာ ၄ ကော်လံ ၁ သို့ ❍**

အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ (မန္တလေးဇုန်)အလံတင် အခမ်းအနားကျင်းပ

မန္တလေး ဒီဇင်ဘာ ၉

(၂၇) ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ (မန္တလေးဇုန်) အလံတင် အခမ်းအနားကို ယနေ့နံနက် ၈ နာရီတွင် ချမ်းမြသာစည်မြို့နယ် မန္တလာသီရိအဆင့်မြင့်အားကစားကွင်း မျက်နှာစာ၌ ကျင်းပရာ (မန္တလေးဇုန်) ပြိုင်ပွဲ ကျင်းပရေးကော်မတီဥက္ကဋ္ဌ မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ ဝန်ကြီးချုပ်ဦးရဲမြင့် တက်ရောက် အားပေးခြီးမြှင့်သည်။

အခမ်းအနားသို့ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်ဇနီး တိုင်းဒေသကြီး အမျိုးသမီးအားကစားအဖွဲ့နာယက ဒေါ်မြတ်ငွေ၊ တိုင်းဒေသကြီးအဆင့် အစိုးရအဖွဲ့ အဖွဲ့အစည်းဝင်များ၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ်ညီစောနှင့်ဇနီး၊ တိုင်းဒေသကြီး စစ်ဌာနချုပ်မှ အရာရှိကြီးများ၊ လွှတ်တော်အဆင့်ဆင့်မှ ကိုယ်စားလှယ်များနှင့် ၎င်းတို့၏ ဇနီးများ၊ မန္တလေးမြို့အခြေစိုက် အိန္ဒိယနိုင်ငံနှင့် တရုတ်နိုင်ငံတို့မှ ကောင်စစ်ဝန်ချုပ်နှင့် ၎င်းတို့၏ဇနီးများ၊ တိုင်းဒေသကြီး အဆင့်ဌာနဆိုင်ရာအရာရှိများ၊ အရှေ့တောင်အာရှ ဘောလုံးအဖွဲ့ချုပ် (AFC) မှ ပြိုင်ပွဲဝင်ကြီးကြပ်သူများ၊ မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးဇော်ဇော်နှင့် အမှုဆောင်များ၊ ပြိုင်ပွဲကျင်းပရေး ကော်မတီဝင်များ၊ ဒိုင်/ဂျူရီများ၊ ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ နိုင်ငံရေးပါတီအသီးသီးမှ ကိုယ်စားလှယ်များ၊ ပြိုင်ပွဲဝင် ခြောက်နိုင်ငံ အမျိုးသမီးဘောလုံးအသင်းများမှ အုပ်ချုပ်သူ၊ နည်းပြနှင့် အားကစားသမားများ၊ မီဒီယာများ၊ လေ့လာသူများ စုစုပေါင်း အင်အား ၁၅၀၀၀ ခန့် တက်ရောက်ကြသည်။

ရှေးဦးစွာ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အလံကို အလံတင်အဖွဲ့က လွှင့်တင်ပြီးနောက် ပြိုင်ပွဲအထိမ်းအမှတ်အလံ၊ အရှေ့တောင်အာရှ **စာမျက်နှာ ၉ ကော်လံ ၂ သို့ ❖**

(၂၇) ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ (မန္တလေးဇုန်) အလံတင်အခမ်းအနား ကျင်းပစဉ်။

အမျိုးသမီး ပူဆယ်အသင်းကိုသာ အားစိုက်ပြီး ဆုရဖို့ကြိုးစားသွားမည်ဖြစ်၍ ကြိုတင်ပြင်ဆင်မှုအပိုင်းတွင် အားနည်းသော အမျိုးသမီးဘောလုံးအသင်း ယှဉ်ပြိုင်မှုမပြုတော့ခြင်းဖြစ်ကြောင်း အင်ဒိုနီးရှားဘောလုံးအဖွဲ့ချုပ်က ပြောကြား

မြန်မာ့သတင်းစဉ်(ရန်ကုန်) သတင်းအဖွဲ့

အာဆီယံအမျိုးသမီးချန်ပီယံရှစ်ဘောလုံးပြိုင်ပွဲတွင် အောင်မြင်မှုများ အကြိမ်ကြိမ်ဆွတ်ခူးရရှိခဲ့ဖူးသော်လည်း ဆီးဂိမ်းရွှေတံဆိပ်ဆုကိုမူ အကြိမ်ကြိမ် ပွတ်ကာသီကာ လွဲချော်နေခဲ့ရသော မြန်မာအမျိုးသမီး ဘောလုံးအသင်းအနေဖြင့် ယခုပြိုင်ပွဲတွင် **စာမျက်နှာ ၈ ကော်လံ ၁ သို့ ❒**

နိုင်ငံအလိုက် ဆုတံဆိပ်ရရှိမှု အခြေအနေ

နိုင်ငံ	ရွှေ	ငွေ	ကြေး
မြန်မာ	၁၃	၃	၆
ဗီယက်နမ်	၆	၃	၅
အင်ဒိုနီးရှား	၄	၄	၆
ထိုင်း	၃	၆	၁
မလေးရှား	၃	၅	၁၁
ဖိလစ်ပိုင်	၂	၄	၁
လာအို	၁	၂	၀
ကမ္ဘောဒီးယား	၀	၄	၅
စင်ကာပူ	၀	၁	၂
ဘရူနိုင်း	၀	၀	၀
တီမော	၀	၀	၀

ကြေးမှုံ
(၂၇) ကြိုးပေါ်ကြာပါ အားကစားကင်းအရာ
အားကစားပြိုင်ပွဲ
အထူးထုတ်

ဝူရှူးအားကစားပြင်နိုင်ငံဂုဏ်ကို မြှင့်တင်ခဲ့သူ ရွှေတံဆိပ်သုံးဆုရှင် ဝေဖြိုးအောင်

နေပြည်တော် ဒီဇင်ဘာ ၉

ကျင်းပလျက်ရှိသော အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် ဝူရှူးအားကစားသမား ဝေဖြိုးအောင်သည် တစ်ဦးတည်း ရွှေတံဆိပ်သုံးခု ဆွတ်ခူးပေးထားနိုင်ခဲ့ပြီး ဝူရှူးအားကစားဖြင့် နိုင်ငံ့ဂုဏ်ကို မြှင့်တင်ပေးထားနိုင်ခဲ့ပြီဖြစ်သည်။

ယခုဆီးဂိမ်းပြိုင်ပွဲတွင် ဝူရှူးအားကစားနည်းများဖြစ်သည့် နန့်ချမ်ပြိုင်ပွဲတွင် ရွှေတစ်ခု၊ သွေ့လျန်ပြိုင်ပွဲတွင် ရွှေတစ်ခုနှင့် နန်းသောင်းပြိုင်ပွဲတွင် ရွှေတစ်ခုရရှိခဲ့ခြင်းဖြစ်ကြောင်း ရွှေတံဆိပ်သုံးဆုရှင် ဝေဖြိုးအောင်က သတင်းထောက်များကို ပြောကြားသည်။

ယခုကဲ့သို့ရွှေတံဆိပ်ဆုများရရှိရန် လေ့ကျင့်ခဲ့သည့်ကာလတွင် မြန်မာနည်းပြဆရာများနှင့် တရုတ်နည်းပြဆရာများ၏ သွန်သင်ဆုံးမမှုကို လိုက်နာကြိုးစားလေ့ကျင့်ခဲ့ကြောင်း၊ လေ့ကျင့်မှုကာလအတွင်းလိုအပ်ချက်များကို အစစအရာရာ ကူညီထောက်ပံ့ပေးခဲ့ပါကြောင်းနှင့် ယခုပြိုင်ပွဲတွင် မလေးရှား၊ ဗီယက်နမ်နှင့် အင်ဒိုနီးရှားနိုင်ငံတို့ကို အဓိကထားယှဉ်ပြိုင်ခဲ့ရပါကြောင်း ၎င်းကပြောကြားသည်။

စာမျက်နှာ ၃ သို့ »»

သတင်း- အေဝမ်းစိုး
ဓာတ်ပုံ- ခင်မောင်ဝင်း

ရွှေတံဆိပ်သုံးဆုရှင် ဝေဖြိုးအောင်နှင့် မိခင် ဒေါ်သန်းမြင့်တို့၏ ပိတိအပြုံးများ

ပြိုင်ပွဲတိုင်း၌ ရွှေတံဆိပ်များ ဆွတ်ခူးနိုင်ခဲ့သည့် မြန်ဟာ့ရိုးရာခြင်းလုံး

နေပြည်တော် ဒီဇင်ဘာ ၉

၂၀၁၃ ခုနှစ်တွင် မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပခွင့်ရသော အရှေ့တောင်အာရှအားကစားပြိုင်ပွဲကြီးတွင် မြန်မာ့ရိုးရာခြင်းလုံးအားကစားနည်းဖြင့် စတင်အောင်ပွဲဆင်နိုင်ခဲ့ပြီး ကစားနည်း လေးမျိုးရှိရာ ကစားနည်းသုံးမျိုး ဝင်ရောက်ယှဉ်ပြိုင်ခဲ့ပြီး ကစားနည်း သုံးမျိုးစလုံးတွင် မြန်မာအမျိုးသားအသင်းနှင့် မြန်မာအမျိုးသမီး နှစ်သင်းစလုံး ရွှေတံဆိပ်ဆု ခြောက်ခုဖြင့် နိုင်ငံ့ဂုဏ်ကို မြှင့်တင်ပေးနိုင်ခဲ့သည်။ ယနေ့နံနက်ပိုင်းက ဝဏ္ဏသိဒ္ဓိအားကစားကွင်း၌ ကျင်းပသော နောက်ဆုံး ဗိုလ်လုပွဲတွင်လည်း မြန်မာအမျိုးသားအသင်းနှင့် အမျိုးသမီးအသင်းနှစ်သင်းစလုံး ရွှေတံဆိပ်ဆု ဆွတ်ခူးရရှိခဲ့သည်။ အဆိုပါပွဲသို့ မြန်မာနိုင်ငံအားကစားအောင် နိုင်ရေး ကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသောင်းထိုက်က ပြိုင်ပွဲဝင် အားကစားသမားများအား အားကစားဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံဆောက်လုပ်ရေးဆိုင်ရာ လုပ်ငန်းရှင်များအသင်းမှ တစ်ဦးလျှင် ခ်ီးမြှင့်သော ဆုငွေကျပ် တစ်သိန်းစီကို အားကစားသမားများအား တက်ရောက်ချီးမြှင့်ပေးခဲ့ကြောင်း သိရသည်။

ထိုအသင်းမှ အားကစားနည်း ၃၃ မျိုးတွင် ဝင်ရောက်ယှဉ်ပြိုင်သောအားကစားသမားအားလုံးအား ပေးအပ်မည်ဖြစ်ကြောင်းလည်း သိရသည်။ ယနေ့ကျင်းပသော မြန်မာ့ရိုးရာခြင်းလုံးအားကစားပြိုင်ပွဲ နောက်ဆုံး ဗိုလ်လုပွဲတွင် မြန်မာအမျိုးသမီးအသင်းမှ ထိုင်းအမျိုးသမီးအသင်းကို ရမှတ် ၁၅၇ မှတ်ဖြင့် အနိုင်ယူခဲ့ပြီး မြန်မာအမျိုးသားအသင်းမှာလည်း ရမှတ် ၁၉၅ မှတ်ဖြင့် ထိုင်းအမျိုးသားအသင်းကို အပြတ်အသတ်အနိုင်ယူခဲ့သည်။ ပြိုင်ပွဲပြီးဆုံးချိန်တွင် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်းက နိုင်ငံ့ဂုဏ်ဆောင်အောင်ပွဲရ အားကစားသမားများအား ရင်းရင်းနှီးနှီး နှုတ်ဆက်ဂုဏ်ပြုခဲ့ကြောင်း၊ ပရိသတ်များမှာလည်း တစ်ခဲနက် ဝမ်းမြောက်ဝမ်းသာ အားပေးခဲ့ကြောင်း သိရသည်။ ။

သတင်း - အေးအေးမြင့်
ဓာတ်ပုံ - ခင်မောင်ဝင်း

ရွှေတံဆိပ်ဆုရှင် ခြင်းလုံးအားကစားသမားများနှင့် ပရိသတ်များ အောင်ပွဲခံပျော်ရွှင်နေစဉ်။

ပန်ကြပ်ဆီလတ်အားကစားနည်းမှင့်ပွဲကျင်းပ

နေပြည်တော် ဒီဇင်ဘာ ၉

(၂၇)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲတွင် ပန်ကြပ်ဆီလတ်ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက် ၉ နာရီတွင် နေပြည်တော် ဇေယျာသီရိအားကစားခန်း(C) ရုံ၌ ကျင်းပခဲ့သည်။

အခမ်းအနားတွင် မြန်မာနိုင်ငံသိုင်းအဖွဲ့ချုပ်တွင္ဌ ဦးအောင်ဇေယိုနိုင်က နှုတ်ခွန်းဆက်စကား ပြောကြား၍ အပြည်ပြည်ဆိုင်ရာ ပန်ကြပ်ဆီလတ်အတွင်းရေးမှူးက ပြိုင်ပွဲအကြောင်းရှင်းလင်း တင်ပြခဲ့သည်။ (၂၇) ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ ပြိုင်ပွဲများကျင်းပရေးဦးစီး ကော်မတီဥက္ကဋ္ဌ၊ မြန်မာနိုင်ငံအိုလံပစ်ကော်မတီဥက္ကဋ္ဌ၊ အားကစားနန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်းက ပြိုင်ပွဲကို မောင်းတီး၍ ဖွင့်လှစ်ပေးသည်။ ပြိုင်ပွဲအစဉ်အလာအရ ပြိုင်ပွဲမား အပ်နှံ ပြီးနောက် မြန်မာ့သိုင်းအဖွဲ့ချုပ်မှ မျိုးဆက်သစ်လူငယ်အားကစားသမားများက မြန်မာ့သိုင်းသရုပ်ပြ ခြင်းကို ဆက်လက်တင်ဆက်ရာ ကောင်းဘိုဘိုမင်း၊ အောင်ခင်ဆင့်၊ ခန့်မောင်မောင်၊ မျိုးမင်းဇေယ်နှင့် တင်ထူးဇော်တို့က အဖွဲ့လိုက်အလယ်ပိုင်းလက်သိုင်းပညာကစားခြင်း၊ တင်ထူးဇော်မှ တုတ်ရှည်ဖြင့် တုတ်ရေးပြကစားခြင်း၊ မြန်မာ့အားရေး ၃၇ ချင်းကို ကောင်းဘိုဘိုမင်းက သရုပ်ပြခြင်း၊ အောင်ခင်ဆင့်နှင့် မျိုးမင်းဇေယိုတို့မှ လက်နက်ချင်းအတိုက်သရုပ်ပြခြင်း၊ တင်ထူးဇော်၊ ခန့်မောင်မောင်နှင့် ကောင်းဘိုဘိုမင်းတို့က တစ်အပေါင်းနှစ် ဝိုင်းထွက်ပညာပြသခြင်းတို့ဖြင့် သရုပ်ဖော်ပြခဲ့သည်။

သတင်း - ခင်စုစုလှိုင်၊ မေသကြန် ❖ ဓာတ်ပုံ - YAMANYA

ပန်ကြပ်ဆီလတ်နှင့် ရင်ခုန်သံများ

နေပြည်တော် ဒီဇင်ဘာ ၉

နေပြည်တော် ဇေယျာသီရိအားကစား ခန်းမ၌ ဒီဇင်ဘာ ၉ ရက်က ကျင်းပခဲ့သော (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ ပန်ကြပ်ဆီလတ်အားကစားဖွင့်ပွဲ နှင့် ပြိုင်ပွဲအခမ်းအနားသို့ တက်ရောက်လာသော ပြိုင်ပွဲအောင်နိုင်ရေးတာဝန်ရှိသူများနှင့် ပရိသတ်များအနက်မှ ပရိသတ်အချို့၏ ရင်ခုန်သံများကို မေးမြန်းဖြစ်ခဲ့သည်။

ဦးညွှန်လွင်
(မြန်မာနိုင်ငံသိုင်းအဖွဲ့ချုပ်အမှုဆောင်)

ကျွန်တော်တို့သိုင်းအဖွဲ့ချုပ်ကနေ ဝိုဗီနမ်နဲ့ ပန်ကြပ်ဆီလတ်အတွက် ပြိုင်ပွဲဝင်ဖို့ သင့်တော်တဲ့ အားကစားသမားတွေကို ရွေးချယ်ပေးခဲ့ပါတယ်။ ပြီးတော့ နေပြည်တော်ကိုပို့ပြီး Camp သွင်းလေ့ကျင့်ပေးခဲ့ပါတယ်။ ကျွန်တော်တို့ မြန်မာ့သိုင်းအဖွဲ့ချုပ်ကတော့ အသက်အရွယ် ငယ်ရွယ်ဖုတလတ်ရမယ်၊ သတ္တိကောင်းရမယ်၊ ဆုံးဖြတ်ချက်မှန်ကန်ပြီး အမိန့်နာခံတတ်ရမယ်၊ အားကစားအရည်အသွေးလည်း ကောင်းမွန်ရမယ် စတဲ့ စံနှန်းတွေနဲ့ ကိုက်ညီတဲ့ သူတွေကို ရွေးချယ်ပေးခဲ့တာပါ။ ပန်ကြပ် ဆီလတ်မှာဆိုရင် နည်းပြ ကိုတင်ဦး၊ ကိုဘသောင်း၊ ကိုဇော်ဝင်း၊ မခေါစုသင်းတို့နဲ့ စည်းကမ်းတကျ ပြန်လည်လေ့ကျင့်ပေးပြီး ဆီးဂိမ်းအတွက် ပြင်ဆင်ခဲ့ပါတယ်။ မြန်မာ့သိုင်းသမားတွေအနေနဲ့ ဒီပြိုင်ပွဲရဲ့ စည်းမျဉ်း စည်းကမ်းတွေနဲ့ညီအောင် လေ့ကျင့်ပေးပြီး ပြိုင်ပွဲဝင်စေခဲ့ပါတယ်။ မျိုးဆက်သစ် သိုင်း သမားတွေကို မွေးထုတ်ပြီး လေ့ကျင့်မှုတွေကို စဉ်ဆက်မပြတ် လုပ်ဆောင်နေပါတယ်။ အခု ဆီးဂိမ်းပြိုင်ပွဲဝင် ကစားသမားတွေအပေါ်မှာ လည်း အားရကျေနပ်မှုရှိပြီး ရွေတဲ့ဆိပ်ခြောက်ခုလောက် မျှော်မှန်းထားပါတယ်။ ဆီးဂိမ်းပြိုင်သွား ရင်တော့ ကစားသမားတွေကို တစ်လအနေ အေးပြီး ထပ်ခဲ လူရွေးချယ်ပြီးတော့ ၂၀၁၅ ဆီးဂိမ်းအတွက် လေ့ကျင့်မှုတွေပြုလုပ်ပေးသွားမှာပါ။ ကျွန်တော်တို့အနေနဲ့က ကျွန်တော်တို့ရဲ့ ရိုးရာအားကစားနည်းဖြစ်တဲ့ ဝန်တို့ ပန်ရှည်ပညာရပ်တွေနဲ့ ပြိုင်ပွဲဝင်ခွင့်မရတဲ့ အတွက် ဝိုဗီနမ်တို့၊ ပန်ကြပ်ဆီလတ်တို့ရဲ့ စည်းမျဉ်းဥပဒေတွေနဲ့ညီအောင် ပြောင်းလဲ ပြင်ဆင်ပြီးပြဝင်ဝင်ရတာဖြစ်လို့ ပိုပြီးအောင်မြင် စေချင်ပါတယ်၊ ဝိုင်းဝန်းအားပေးကြပါဦးလို့ ပြောကြားလိုပါတယ်။

ဦးကျော်ဝင်းနိုင်
(ပန်ကြပ်ဆီလတ် အပြည်ပြည်ဆိုင်ရာနိုင်)

ဒီဆီးဂိမ်းပြိုင်ပွဲမှာ ပန်ကြပ်ဆီလတ် အားကစားနည်းအတွက် ကျွန်တော်တို့ မြန်မာနိုင်ငံအနေနဲ့ ဒိုင်ငါးဦး ပါဝင် ဆောင်ရွက်မှာ ဖြစ်ပါတယ်။ ဦးသိန်းထွန်း၊ ဒေါ်ရီရီသန့်၊ ဒေါ်တင်တင်အေး၊ ဒေါ်ရွယ်ထွေးနဲ့ ကျွန်တော် ဦးကျော်ဝင်းနိုင်တို့ဖြစ်ကြ ပါတယ်။ ကျွန်တော်ကတော့ ထိုင်းမှာကျင်းပတဲ့ (၁၅)ကြိမ်မြောက် World Cup ပန်ကြပ် ဆီလတ်ပြိုင်ပွဲနဲ့ မြန်မာနိုင်ငံမှာ ကျင်းပတဲ့ (၄) ကြိမ်မြောက် အရှေ့တောင်အာရှ ပန်ကြပ် ဆီလတ်ပြိုင်ပွဲတွေမှာ ဒိုင်အဖြစ် ပါဝင်ဆောင် ရွက်ခဲ့ပါတယ်။ အခု ဆီးဂိမ်းပွဲမှာတော့ ကျွန်တော်တို့ မြန်မာက ကစားသမားတွေ အားလုံးကောင်းကြပါတယ်။ မြန်မာအသင်း အနေနဲ့ အများကြီးအလားအလာကောင်းပါ တယ်။ ဗီယက်နမ်နဲ့ အင်ဒိုအသင်းကတော့ အဓိက ပြိုင်ဘက်ဖြစ်လာမှာပါ။ ပြီးခဲ့တဲ့ (၄) ကြိမ်မြောက် အရှေ့တောင်အာရှ ပန်ကြပ် ဆီလတ်ပြိုင်ပွဲမှာ မြန်မာနိုင်ငံက ရွှေ ခုနှစ်ခု ရရှိခဲ့တော့ ဒီဆီးဂိမ်းပြိုင်ပွဲမှာ အနည်းဆုံး ရွှေ လေးခုရမယ်လို့ မျှော်လင့်ထားပါတယ်။ အခုလို ကိုယ့်နိုင်ငံမှာ အိမ်ရှင်အဖြစ် လက်ခံကျင်းပတဲ့ ဒီလိုပွဲမျိုးမှာ ဘယ်လို နေရာမျိုးကမဆို တာဝန်ထမ်းဆောင် ချင်တာပါ။ အခုလို ဒိုင်နေရာက ပါဝင် ခွင့်ရတဲ့အတွက် ပိုပြီးဝမ်းသာဂုဏ်ယူ ရပါတယ်။ အတိုင်းမသိလည်း ဟော့ရွှင်ရပါတယ်။

မြိုးပလကျော်
ပိုးပလကျော်
(Engineer volunteers)

ကျွန်မတို့ကတော့ ဒီဆီးဂိမ်းပြိုင်ပွဲကြီးမှာ အားကစားရုံတွေရဲ့ MME ဝိုင်းကို တာဝန်ယူ ရပါတယ်။ ဒီဇေယျာသီရိအားကစားကွင်းမှာ ကျွန်မတို့အပါအဝင် Engineer volunteers ၂၇၃ ဦးရှိပါတယ်။ ဇေယျာသီရိအားကစားကွင်း ထဲမှာရှိတဲ့ အားကစားရုံတွေကို အလှည့်ကျ စနစ်နဲ့ တာဝန်ယူရတာပါ။ နိုဝင်ဘာ ၅ ရက်က နေပြည်တော်ကို ရောက်ရှိပြီး သင်တန်း နှစ်ပတ် တက်ခဲ့ရပါတယ်။ အစစအရာရာ အားကစား ဝန်ကြီးဌာနက တာဝန်ယူပေးပါတယ်။ အခုလို ပါဝင်ခွင့်ရတဲ့အတွက် အတွေ့အကြုံရတယ်။ အခွင့်အရေးလဲရတယ်။ ဒီပွဲကြီးပြီးသွားတဲ့အခါ Certificate လည်း ရမယ်ဆိုတော့ ကျွန်မတို့ အတွက် ဝမ်းသာစရာပါပဲ။ ဒီလိုပါဝင်ခွင့်ရတဲ့ အတွက် ဂုဏ်ယူပါတယ်။ အားကစားသမားတွေ ကိုလည်း ရွေတဲ့ဆိပ်ခြောက်ခု အများကြီးရရှိအောင် ဆုတောင်းပေးနေပါတယ်။

မလဲ့ဝါဝါမြင့် (Liaison Officer)

ကျွန်မက မြန်မာနိုင်ငံ ဂျူဒိုအဖွဲ့ချုပ်မှာ Senior Liaison Officer ပါ။ ၂၀၁၂ ဧပြေ ၂၁ ရက်ကတည်းက နေပြည်တော်ကို ရောက်ရှိ ခဲ့ပြီး သင်တန်းနှစ်ပတ် တက်ရောက်ခဲ့ရပါတယ်။ အခု အားကစားခန်းကြီးဌာနမှာ အမြတမ်း ဝန်ထမ်းအဖြစ် ကူးပြောင်းတာဝန်ထမ်းဆောင် နေပါတယ်။ ဒီလို ၄၄ နှစ်မှာ အိမ်ရှင်အဖြစ် လက်ခံကျင်းပတဲ့ ဆီးဂိမ်းပွဲကြီးမှာ တစ်ထောင့် ဝန်ထမ်းပေးနေတာ ကျေနပ်ပါတယ်။ ■

သတင်း - ခင်စုစုလှိုင်၊ မေသကြန်
တတ်ပုံ - YAMANYA

မြန်မာ့ရုပ်မြင်သံကြားမှ နေ့စဉ်ထုတ်လွှင့်သွားမည့် အားကစားပြိုင်ပွဲများ၏ လျာထားချက်ဇယား

၁၀-၁၂-၂၀၁၃ (အင်္ဂါနေ့)

အချိန်	အကြောင်းအရာ	အားကစားနည်း	ယှဉ်ပြိုင်မည့်အသင်း	ပြိုင်ပွဲအမျိုးအစား	မှတ်ချက်
၉၄၅-၁၀၃၀	SEA Games	ပိုက်ကျော်ခြင်း	မြန်မာ(မ)	Preliminary	
၁၀၃၀-၁၁၁၅	SEA Games	ပိုက်ကျော်ခြင်း	(၁)စင်ကာပူ၊ (၂)မြန်မာ(ကျား)	Preliminary	
၁၅၀၀-၁၆၀၀	SEA Games	ဘူဆယ်	မြန်မာ-ဗီယက်နမ်(မ)		၁၅၀၀-၁၅၄၅ ပိုက်ကျော်ခြင်း/မ
၁၆၀၀-၁၈၀၀	Sport News/ ဆီနီယယ်ရှင်း/Business News				၁၅၄၅-၁၆၃၀ ပိုက်ကျော်ခြင်း/ကျား
၁၈၄၅-၂၀၃၀	SEA Games	ဘောလုံးပွဲ	မြန်မာ-ဗီလစ်ပိုင်(မ)		

✻ နေ့စဉ် အားကစားနည်းများအလိုက် ယှဉ်ပြိုင်မှုများ၏ အောင်မြင်မှုအပေါ် မူတည်သုံးသပ်၍ နေကတစ်နေ့ထုတ်လွှင့်ပေးမည့် နေ့စဉ် အသေးစိတ်အားကစားပြိုင်ပွဲအစီအစဉ်များအား မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်မှ နေ့စဉ် ည ၈ နာရီ သတင်းတွင် လည်းကောင်း၊ နေ့စဉ်ထုတ်သတင်းစာများတွင် လည်းကောင်း Webportal တွင် လည်းကောင်း ထည့်သွင်းဖော်ပြပေးသွားပါမည်။

27th SEA GAMES အထိမ်းအမှတ် အထူးထုတ်တံဆိပ်ခေါင်းရောင်းချ

နေပြည်တော် ဒီဇင်ဘာ ၉

မြန်မာနိုင်ငံသည်(၄၄)နှစ်ကြာ ကင်းကွာနေသော အရှေ့တောင် အာရှအားကစားပြိုင်ပွဲကို ၂၀၁၃ ခုနှစ်၌ ပြန်လည်ကျင်းပခွင့်ရရှိခဲ့ပါ သည်။

သို့ဖြစ်ပါ၍ (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစား ပြိုင်ပွဲ အထိမ်းအမှတ်တံဆိပ်ခေါင်း အထူးထုတ် ကိုးမျိုးအား နေပြည် တော် စာတိုက်ကြီး တံဆိပ်ခေါင်း အရောင်းဌာနစိတ် ကောင်တာများ တွင် ရောင်းချပေးနေကြောင်း တံဆိပ်ခေါင်း အရောင်းဝန်ထမ်း ဒေါ်အေးအေးသွင်ထံမှ သိရ သည်။

ကျော်သူရ(နေပြည်တော်)

ဝိုဗီနမ်ပြိုင်ပွဲအတွက် မြန်မာနိုင်ငံကိုယ်စားပြု အပြည်ပြည်ဆိုင်ရာ ဒိုင်များ

နေပြည်တော် ဒီဇင်ဘာ ၉

(၂၇) ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲကြီးတွင် ဝိုဗီနမ် အားကစားနည်းအတွက် မြန်မာနိုင်ငံကိုယ်စားပြု ဒိုင်ငါးဦးပါဝင် တာဝန်ယူမည်ဖြစ်သည်။

ဦးမြတ်မင်း၊ ဒေါ်တိုးတိုးလွင်၊ ဒေါ်ရတနာလှိုင်၊ ဦးကြည်စိန်နှင့် ဦးဝင်းမင်းထွန်ဝိတ္တိ ဖြစ်ကြသည်။ အပြည်ပြည်ဆိုင်ရာ ဒိုင်များသည်ယင်းဥက္ကဋ္ဌ ပြန့်နယ်/ပြည်နယ်/တိုင်းဒေသကြီးအသီးသီးမှ လက်ရွေးစင် ကစားသမားများအဖြစ် အဆင့်ဆင့်ကျော်ဖြတ်ပြီးနောက် ဒိုင်အဖြစ် သင့်လျော်သူအား ရွေးချယ်ခဲ့ခြင်းဖြစ်သည်။ ပြည်တွင်း ပြိုင်ပွဲများတွင် ဒိုင်အဖြစ် တာဝန်ထမ်းဆောင်ခဲ့ သည်မှာ ၁၀ နှစ်ခန့်ရှိပြီးဖြစ်သော ဦးမြတ်မင်းသည် ဗီယက်နမ်၌ သင်တန်းတက်ရောက်ခဲ့ပြီးနောက် ယခု ဆီးဂိမ်းပြိုင်ပွဲကြီးတွင် ဒိုင်အဖြစ် ရွေးချယ်ခံခဲ့ရကြောင်း သိရသည်။

ဒေါ်တိုးတိုးလွင်
(အပြည်ပြည်ဆိုင်ရာဝိုဗီနမ်ဒိုင်)

ယခုပြိုင်ပွဲကြီးတွင် မိမိတို့ဆီမှ သိုင်းလက်ရွေးစင်ကစားသမားများ ပါဝင်ယှဉ်ပြိုင်မည်ဖြစ်ပြီး နှစ်ပေါင်း(၄၀)ကျော်ကြာတွင် အိမ်ရှင်အဖြစ် လက်ခံကျင်းပခွင့်ရရှိခြင်းသည် ရေတောင့်ရခဲ့ အခွင့် အရေးကြီးဖြစ်သည့်အတွက် ပါဝင်ဆောင်ရွက်ရခြင်းကို အလွန်မမိုက်ကြောင်း အပြည်ပြည်ဆိုင်ရာ ဝိုဗီနမ်ဒိုင် ဒေါ်တိုးတိုးလွင်က ပြောကြားခဲ့သည်။

သတင်း-မေသကြန်၊ ခင်စုစုလှိုင် ❖ တတ်ပုံ-တင့်ဇော်ထွန်း

မြန်မာ့ရိုးရာခြင်းလုံး ရွှေတံဆိပ်ဆုရှင်များနှင့် တွေ့ဆုံခြင်း

(၂၇)ကြိမ်မြောက်အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် မြန်မာ့ရိုးရာခြင်းလုံးဖြင့်ရွှေတံဆိပ် ဆုများဆွတ်ခူးကာ နိုင်ငံဂုဏ်ဆောင်ပေးခဲ့သည့် နည်းပြများ၊ အားကစားသမားများဖြင့် တွေ့ဆုံ မေးမြန်းခဲ့ရာတွင်-

ပထမဦးဆုံးအနေဖြင့် မြန်မာ့ရိုးရာ ခြင်းလုံးနည်းပြ ဦးမြတ်မိုးနှင့် တွေ့ဆုံဖြစ်ခဲ့သည်။ ထိုသို့ တွေ့ဆုံဆွေးနွေးရာတွင် "ကျွန်တော် ကတော့ ဒီခြင်းလုံးအားကစားနည်းနဲ့ပတ်သက် ပြီး Event-1 ကို ကိုင်တွယ်ခွင့်ရခဲ့ပါတယ်။ ဒါ ပေမယ့် လေ့ကျင့်ရေးအတွင်းမှာတော့ အခြား Event တွေကို နည်းပြပေးရပါတယ်။ ကျွန်တော် အခုလို နည်းပြခွင့်ရရှိခဲ့တာဟာတစ်လပဲရှိပါ သေးတယ်။ ဘာလို့လဲဆိုတော့ ခြင်းလုံးအဖွဲ့ ချုပ်ရဲ့ ပုံပြီးမှနဲ့ ကမ္ဘာဒီးယားကို ပညာသွား သင်နေခဲ့ရလို့ပါ။ အခု ဆီးဂိမ်းမှာ နည်းပြခွင့် ရတာကိုလည်း ကျွန်တော်ဝမ်းသာသလို ကမ္ဘာ ဒီးယားမှာ နည်းစနစ်ပိုင်းတွေ၊ နည်းပညာပိုင်းတွေ ပြသပေးခဲ့ပြီး ကစားသမားတွေကို ပြန်လည် သင်ကြားပေးခဲ့ပါတယ်။ မြန်မာနိုင်ငံမှာ တတိယ အကြိမ်အဖြစ် ကျင်းပခွင့်ရတယ် ဆိုပေမယ့် ကျွန်တော်တို့ ခြင်းလုံးအားကစားနည်း အနေနဲ့တော့ ၅ပထမဆုံးအကြိမ်ပဲပဲ။ အဲဒီလို မြန်မာ့ရိုးရာခြင်းလုံးအားကစားနည်းနဲ့ ပါဝင် ယှဉ်ပြိုင်ခွင့်ရတဲ့အချိန်မှာ ကိုယ့်မြေကိုယ့်ရေ ကိုယ့်ပရိသတ်အလယ်မှာ နိုင်ငံတော်က မြန်မာ ပရိသတ်အပါအဝင် အားလုံးက လို့ချင်နေတဲ့ ရွှေတံဆိပ်ဆုတွေကိုရယူပေးနိုင်ခဲ့လို့ အတိုင်း မသိဝမ်းသာပါတယ်။ တတ်နိုင်တဲ့ဘက်က နည်းပြတစ်ဦးအနေနဲ့ အကောင်းဆုံးဖြစ်အောင် ကျွန်တော် ပါဝင်ခဲ့ပါတယ်။ ခြင်းလုံးအားကစား နည်းအနေနဲ့ ယခု ဆီးဂိမ်းမှာကစားခဲ့တဲ့ ကစားသမားတွေထဲမှာ အသက်ကြီးတဲ့ကစား သမားတွေလည်းပါတယ်။ အဲဒါကြောင့် နောင် လာမယ့်နှစ်တွေပေါ့နော်၊ ဥပမာ ၂၀၁၅ ဆီးဂိမ်း ပြိုင်ပွဲ လိုမျိုးပေါ့၊ အဲဒီကျရင် မြန်မာနိုင်ငံအတွက် ခြင်းလုံးအားကစားနည်းနဲ့ စွမ်းဆောင်ပေး နိုင်မယ့် မျိုးဆက်သစ်တွေကို ကျွန်တော်တို့အနေ နဲ့ ပွေးထုတ်ပေးဖို့လိုအပ်နေပါတယ်။ အခုလိုမျိုး ရွှေဆုတွေရယူပေးနိုင်ခဲ့တဲ့အတွက် ကျွန်တော် နည်းပြတစ်ယောက်အနေနဲ့ ဝေါ်လည်းဝေါ်ပါ တယ်။ ဂုဏ်လည်းယူပါတယ်" ဟု နည်းပြ ဦးမြတ်စိုးက သူ၏ ရင်တွင်းစကားကို ဖွင့်ပက ပြောကြားခဲ့သည်။

ထို့နောက် အမျိုးသမီးခြင်းလုံးအားကစား အတွက် Event-4 ကို တာဝန်ယူကိုင်တွယ်ခဲ့သည် နည်းပြ ဒေါ်သိန်းသိန်းဝင်းအား တွေ့ဆုံ မေးမြန်းဖြစ်ခဲ့သည်။ "ကျွန်မကတော့ ၁၉၈၁ ခုနှစ်ကတည်းကစပြီး စက်မှု(၁)ခန်ကြီးဌာနမှာ ကစားသမားတစ်ယောက်အနေနဲ့ကေ ကစား သမားတစ်ဦးအဖြစ်ပါ ပါဝင်ခဲ့ပါတယ်။ အဲဒီမှာ ကတည်းက တံခွန်စိုက်ပြိုင်ပွဲတွေမှာ အကောင်း ဆုံးဆု (၁၁)ကြိမ်အထိရရှိခဲ့ပြီး ရွှေတံဆိပ်ဆု တွေလည်း ရယူပေးနိုင်ခဲ့ပါတယ်။ ယခုဆီးဂိမ်းမှာ ပေးအပ်တဲ့တာဝန်ကို ကျေပွန်အောင်ဆောင်ရွက် ခဲ့ပါတယ်။ ဆီးဂိမ်းအတွက်၊ ဖွင့်ပွဲအတွက် ခြင်းလုံးအားကစားသမား ၂၂၂ ဦး ပြိုင်ပွဲဝင် ကစားသမား ၃၂ ဦးနီးပါးတယ်။ အားလုံးကလည်း အရည်အချင်းရှိတဲ့ကစားသမားတွေမို့ အခု လိုမျိုး ရွှေတံဆိပ်ဆုတွေ ရယူနိုင်ခဲ့တာပါ။ လက်ရှိယှဉ်ပြိုင်တဲ့ကစားသမားတွေထဲမှာတော့

ဦးမြတ်စိုး
မြန်မာ့ရိုးရာခြင်းလုံးနည်းပြ

လွှင်ပြိုးဝေ ဆန်းဆန်းမော် မျိုးဇော်ဦး

အသက်ကြီးပိုင်းကစားသမားတွေနဲ့ ဝါရင့် ကစားသမားတွေကို ဦးစားပေးပဲထွက် ကစားစေ ခဲ့တာပါ။ နောင်နှစ်တွေမှာလည်း လုလယ်ခြင်းလုံး မျိုးဆက်သစ်တွေ ပေါ်ထွက်လာဖို့ မြန်မာနိုင်ငံ ခြင်းလုံးအဖွဲ့ချုပ်အနေနဲ့ မမျှလေးမှာ ခြင်းလုံး အကယ်ပဒီဖွင့်ဖို့ ပြင်ဆင်နေပါတယ်"ဟု နည်းပြ ဒေါ်သိန်းသိန်းဝင်းက ပြောကြားခဲ့သည်။

ဆက်လက်၍ Event-1 နှင့် Event-3 တွင် ပါဝင်ကစားခဲ့သည့် အမျိုးသားအားကစား သမား မျိုးဇော်ဦးနှင့် တွေ့ဆုံမေးမြန်းခဲ့ရာတွင် "တကယ်တော့ မြန်မာ့လက်ရွေးစင်ခြင်းလုံးအား ကစားသမားတစ်ယောက်ဖြစ်ဖို့ မလွယ်ကူ ဘူးဆိုပေမယ့် ဒီနှစ်မှာ ဆီးဂိမ်းမှာပါဝင်တဲ့ အားကစားနည်းလည်း ဖြစ်တယ်၊ ၂၀၁၅ ဆီးဂိမ်းမှာတော့ ထိုင်း၊ လာအို စတဲ့အသင်း တွေက ပြိုင်ဘက်အသင်းတွေအနေနဲ့ အကြိတ် အနယ် ကစားရမှာပါ။ အခုကစားခဲ့တဲ့ ခြင်းလုံး အားကစားနည်းတွေထဲမှာ ခြောက်ယောက် ကစားရတဲ့ပြိုင်ပွဲက အခက်ခဲဆုံးပါ။ ဒါပေမယ့် အခုဆီးဂိမ်းမှာ မြန်မာ့ခြင်းလုံးအားကစားသမား တွေအနေနဲ့ ရွှေတံဆိပ်ဆုတွေဆွတ်ခူးပေးနိုင် ခဲ့ပါတယ်။ အခုလို ရွှေတံဆိပ်တွေ ရယူပေးနိုင် ခဲ့တာဟာလည်း ယုံကြည်မှုအပြည့် အဝရှိတဲ့ ရေရာ၊ မိဘကိုရော၊ ပရိသတ်ကိုပါ ကျေးဇူးဆပ်ခွင့် ရခဲ့လို့ အရမ်းပဲ ကျေနပ်မိပါတယ်။ ဝါသနာ လည်းပါ၊ ခြင်းလုံးအားကစားနည်းကိုလည်း တိုးတက်မြှင့်မွှားအောင် စွမ်းဆောင်ပေးချင် တာကလည်း တစ်ကြောင်း၊ အခုလိုရွှေတံဆိပ်ဆု တွေရခဲ့လို့ ၂၀၁၅ ဆီးဂိမ်းမှာလည်းပါဝင်ယှဉ်ပြိုင် ခွင့်ရဖို့လည်း ရည်ရွယ်ထားပါတယ်။ နောက်ထပ် လည်း နိုင်ငံအတွက် ခြင်းလုံးအားကစားသမား တစ်ဦးအနေနဲ့ ထပ်မံကြိုးစားသွားဦးမှာပါ" ဟု အမျိုးသမီးအားကစားသမား မေအေးအေးလှက ပြောကြားခဲ့သည်။

ထို့နောက် Event-1 နှင့် Event-4 တို့ တွင် ပါဝင်ကစားပေးခဲ့သည့် အမျိုးသမီး ခြင်းလုံးအားကစားသမား စန်းစန်းမော်နှင့် တွေ့ဆုံမေးမြန်းခဲ့ရာတွင် "ကျွန်မကတော့ မြန်မာ့ခြင်းလုံးအားကစားကို နှစ်သက်လို့ လွန်ခဲ့ တဲ့ နှစ် ၂၀ လောက်ကတည်းက လေ့ကျင့် ကစားခဲ့တာပါ။ ခြင်းလုံးအားကစားနည်း တိုးတက်ဖို့အတွက် ထိုင်း၊ ဟောင်ကောင်၊ မကာအို စတဲ့နိုင်ငံတွေကိုလည်း သွားရောက်ပြီး တံခွန် စိုက်ပြိုင်ပွဲတွေမှာ အလှတမ်းကစားခဲ့ပါတယ်။ ကျွန်မအဖေကလည်း ခြင်းလုံးအဖွဲ့ချုပ်ရဲ့အဖွဲ့ ဝင်တစ်ဦးမို့လည်း ကစားဖြစ်သွားတာပါ။ အရင် ကလည်း ရွှေတံဆိပ်ဆုတွေရခဲ့ခဲ့တာရှိသလို အခုလိုမျိုးနိုင်ငံအတွက် ရွှေဆုတွေဆွတ်ခူးပေး နိုင်ခဲ့လို့ ၁၃ နှစ်အရွယ်ကတည်းက ကစားခဲ့တဲ့ ခြင်းလုံး ကစားသမားတစ်ယောက်အနေနဲ့ ဝမ်းသာပီတိဖြစ်ရပါတယ်" ဟု ပြောကြားခဲ့ သည်။

